The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအာဇင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 20 တနလ်ာနေ့တိုင်းထုတ်ဝေသည် May 21, 2018

၄င်္ကပျောသီးနှံ အနာဂတ်ဈေးကွက် အလားအလာ

စာမျက်နှာ - ၁၂ ➤

အရောင်းအဝယ် အနည်းငယ်ရှိသော်လည်း ဈေးကွက် ကောင်းမလာသေးသည့် ရန်ကုန်ကားဈေးကွက်

စာမျက်နှာ - ၂၂ ➤

How to export to the EU နှင့် Market Analysis Tools သင်တန်းများ ကျင်းပပြုလုပ်

စာမျက်နှာ - ၂၂ ➤

အိန္ဒိယနိုင်ငံသို့ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံများ တင်သွင်းရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၃၂ ➤

လာခဲ့စေချင်သည့် တောင်ပြာတန်းကို ထောပတ်မြို့တော် ဟိုပုံးဆိုသို့

စာမျက်နှာ - ၁၇ ➤

REGENCY

PETROL STATION

Quality you can trust.

"လူကြီးမင်းတို့၏ ကားများတွင် အမှန်တကယ်လိုအပ်လျက်ရှိသော အရည်အသွေးမြင့် စက်သုံးဆီများကို စင်ကာပူနိုင်ငံမှ တိုက်ရိုက်တင်သွင်းပြီး မြန်မာနိုင်ငံအနှံ့ အပြားရှိ ဆိုင်ခွဲပေါင်း (၅၀) ကျော်တွင် အခြင်အတွယ် တိကျ မှန်ကန်စွာဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိသော **Regency Petrol Station** မိသားစုမှ နွေးထွေး လှိုက်လှဲစွာ ကြိုဆိုပါသည်။"

Regency Trading Co.,Ltd. မှ

ရန်ကုန်တိုင်းဒေသကြီး	(၅) ဆိုင်
မန္တလေးတိုင်းဒေသကြီး	(၉) ဆိုင်
နေပြည်တော်ကောင်စီ	(၂) ဆိုင်
ပဲခူးတိုင်းဒေသကြီး	(၄) ဆိုင်
မွန်ပြည်နယ်	(၂) ဆိုင်
မကွေးတိုင်းဒေသကြီး	(၂) ဆိုင်
ကချင်ပြည်နယ်	(၄) ဆိုင်
ရှမ်းတိုင်းဒေသကြီး	(၅) ဆိုင်
ရခိုင်ပြည်နယ်	(၁) ဆိုင်

ရန်းပြည်နယ်မြို့ကိုင်း မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တွင် (၁၈)ဆိုင် ဖြင့် စက်သုံးဆီများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

Regency မှ **B2B Sales** အနေဖြင့် မိတ်ဖက်ကုမ္ပဏီများ၊ **Project & Corporate Channel** အလိုက် ရောင်းချပေးခြင်း၊ လက်ကားဖြန့်ချီလိုသော ကိုယ်စားလှယ်များအတွက်လည်း **Wholesales** ခံစားခွင့်များဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။

Regency Material Trading Co.,Ltd. (Yangon Head Office)

No . (36), Thein Phyu Road, Pazundaung Township, Yangon, Myanmar,
Tel : (+95 1) 8610656, 8610657, 8610658, 8610659
Fax : (+95 1) 201686, 295067

NIKKI GROUP

PROJECT MANAGEMENT & CONSULTANCY, HERITAGE CONSERVATION SERVICES

No.4A, Bldg.3, Saw Bwar Street, 8 1/2 Miles, Pyay Road,
Mayangone Township, Yangon, Myanmar.
Phone (Office) : (+95) 9 400864779

ISO 9001 BUREAU VERITAS Certification UKAS

www.nikkigroup.org

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ National Development and Reform Commission (NDRC) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Zheng Chiping နှင့် ယူနန်ပြည်နယ်၊ တဲဟုန်ပြည်နယ်ခွဲ၊ ပါတီကော်မတီ အတွင်းရေးမှူး Mr. Wang Jun Qiang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ National Development and Reform Commission (NDRC) ၏ Department of Foreign Capital and Overseas Investment မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Zheng Chiping နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Hong Liang တို့အား မေ ၁၅ ရက် ၁၃:၀၀ နာရီတွင်လည်းကောင်း၊ ယူနန်ပြည်နယ်၊ တဲဟုန်ပြည်နယ်ခွဲ၊ ပါတီကော်မတီ အတွင်းရေးမှူး Mr. Wang Jun Qiang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အား ၁၆:၀၀ နာရီတွင်လည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံခဲ့သည်။

NDRC ၏ Department of Foreign Capital and Overseas Investment မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Zheng Chiping နှင့် တရုတ်သံအမတ်ကြီး H.E. Mr. Hong Liang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံရာတွင် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအကောင်အထည်ဖော်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ တဲဟုန်ပြည်နယ်ခွဲ၊ ပါတီကော်မတီအတွင်းရေးမှူး၊ ပြည်ပ ချစ်ကြည်ရေးအသင်းတာဝန်ခံ Mr. Wang Jun Qiang ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံရာတွင် Trade Processing Zone တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ Belt and Road Initiative တွင် ပါဝင်ဆောင်ရွက်သွားနိုင်ရေး၊ လယ်ယာစိုက်ပျိုးရေး အပါအဝင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရေးတို့အတွက် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ **MOC(IR)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဂျပန်နိုင်ငံ၊ အာအိချိခရိုင်မှ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ဖြစ်သူ မစ္စတာတိုရှိအိုနိရှိမူရ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဂျပန်နိုင်ငံ၊ အာအိချိခရိုင်တွင် ခန့်အပ်ထားသည့် မြန်မာနိုင်ငံ၏ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ဖြစ်သူ မစ္စတာ တိုရှိအိုနိရှိမူရ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မေ ၁၆ ရက် ၁၀:၀၀ နာရီအချိန်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဧည့်ခန်းမ(၁)၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ဂျပန်နိုင်ငံအစိုးရမှကူညီပေးအပ်နေသည့် အထောက်အပံ့များ၊ နည်းပညာများ၊ ချေးငွေများအား အပြည့်အဝ အသုံးပြုနိုင်ရေးအတွက် အစိုးရပိုင်းသာမက ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် သင်တန်းများ ပံ့ပိုးပေးသွားရေး၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများအား ဂျပန်ဈေးကွက်၏ လိုအပ်ချက် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်တင်ပို့သွားနိုင်ရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားရေး၊ မေ ၂၉ ရက်တွင် ဂျပန်နိုင်ငံ၊ နာဂိုယာမြို့၌ ကျင်းပပြုလုပ်မည့် "Myanmar Investment Seminar" အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံသားများအတွက် ဂျပန်နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေးနှင့် အစိုးရအချင်းချင်း၊ လုပ်ငန်းရှင်များအချင်းချင်း၊ လူမှုအဖွဲ့အစည်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် နိုင်ငံကုန်သွယ်ဆက်ဆံမှုအား တိုးမြှင့်သွားနိုင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **MOC(IR)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Ichiro MARUYAMA ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Ichiro MARUYAMA ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မေ ၁၈ ရက် ၁၃:၀၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ(၁) ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့် ထုတ်လုပ်နိုင်ရေးနှင့် မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် နှမ်းနက်များ ဂျပန်နိုင်ငံသို့ တင်ပို့ရာတွင် ဓာတုဓာတ်ကြွင်းများပါဝင်နေမှု လျော့ချနိုင်ရေးအတွက် နည်းပညာအကူအညီရရှိရေး၊ လယ်ယာထွက်ကုန်ကဏ္ဍနှင့် ပတ်သက်သည့် Supply Chain ဖွံ့ဖြိုးတိုးတက်ရေး၊ ရခိုင်ပြည်နယ်တွင် ပုစွန်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရေး၊ အထူးစီးပွားရေးဇုန်များတွင် ဂျပန်နိုင်ငံမှ ရင်းနှီး မြှုပ်နှံမှုများ ပိုမိုပြုလုပ်သွားရေး တွန်းအားပေးသွားရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

MOC(IR)

Commerce JOURNAL

အတိုင်ပင်ခံစာတည်း

မင်းမင်း

မြင့်လွင်

ဦးဦးဟန်

မြတ်ထွန်းကျော်

စာတည်းမှူးချုပ်

အောင်သူရ

တာဝန်ခံစာတည်း

-

အုပ်ချုပ်ရေးမှူး

အေးအေးမော်

စာတည်းအဖွဲ့

ကြည်သာသစ်နိုင်

လက်ထောက်စာတည်း

ယဉ်ယဉ်အေး၊ မော်မော်အောင်၊

ခင်မိုးသူ၊ သီတာဝင်း

သတင်းထောက်များ

သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လိုင်(ပြင်ပ)

ရီလင်းထွဋ်(ပုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊

ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊

မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊

ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)

ဝင်းဝင်းနိုင်(ပြည်)၊ ဇေနိုင်(တောင်ကြီး)၊

မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(ပုံရွာ)

စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

Proof & Layout Design ကြီးကြပ်

ခင်စုစုလိုင်၊ ကျိန်သျှန်မိုး

ကြော်ငြာတာဝန်ခံ

ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၇၅၁၃)

မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၃၃၁)

ထုတ်ဝေသူ

ဦးမြတ်ထွန်းကျော်(၀၁၀၅၅)

အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်း၊မြို့နယ်။

ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

ဖြန့်ချိရေးတာဝန်ခံ

သန်းဆိုး

ဖြန့်ချိရေး

ဇော်ဝင်း၊ မျိုးဇော်၊

အောင်မျိုး၊ အုန်းခင်

ကွန်ပျူတာ

ဒိုင်ဇော်မင်း

သင်းသိရိအောင်

Layout Design & Graphic Design

CJ Design Group

ပုံနှိပ်သူ

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

Email Address

commercejournal.editor@gmail.com

နယ်စပ်ကုန်သွယ်ရေးစခန်းများမှဆန်နဲ့ဆန်ကွဲပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မေ ၅ ရက်မှ ၁၁ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၄၆၄သန်းတန်ဖိုးရှိ ဆန်နဲ့ ကောက်ညှင်းဆန် ၄၃၆၅၅ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၃၁၈၉၂ တန်ခန့်နဲ့ ကောက်ညှင်းဆန် ၁၀ တန်၊ လွယ်ကျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၁၃၇၃ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် ချင်းရွှေဟော်မှ ဆန်တင်ပို့မှုမရှိခဲ့ပါဘူး။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိမောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် တန်ချိန် ၃၈၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် ကုန်သွယ်ရေးစခန်းများမှ ဆန်၃၂၇၅ တန် တင်ပို့ခဲ့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ တန်ချိန် ၁၀၈၇၀ ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။

ယခုတစ်ပတ် မူဆယ်နဲ့လွယ်ကျယ်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၃၉သန်း တန်ဖိုးရှိ ဆန်ကွဲ ၄၃၈၇ တန် ကျော် တင်ပို့ ခဲ့ရာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၂၂၆၈တန်နဲ့ လွယ်ကျယ်ကုန်သွယ်ရေးစခန်းမှ ၂၁၁၉ တန် တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၃၈၆၁ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၂၆ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မေ ၆ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၉၈ သန်း တန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ပေါင်းဆန် ၃၁၉၂တန် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ အီးယူနိုင်ငံများသို့ အများဆုံးတင်ပို့ခဲ့ပါတယ်။ အီးယူသို့ ငစိန်ဆန် တန်ချိန် ၂၅၀၊ဧည့်မထဆန် တန်ချိန် ၇၁၆ တန်နဲ့ပေါင်းဆန် ၃၂၅ တန် တင်ပို့ခဲ့ပါတယ်။ အီးယူနိုင်ငံများအပြင် ဗီယက်နမ် နိုင်ငံသို့ ငစိန်ဆန် တန်ချိန် ၅၀၀၊ ရုရှားနိုင်ငံသို့ ပေါင်းဆန် တန်ချိန် ၃၅၀၊ အိုင်ဗရီကို့စ်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၁၀၀၀၊ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၅၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ တန်ချိန်နှစ်သောင်းကျော် လျော့ကျခဲ့တာတွေ့ရပါတယ်။

ရေကြောင်းမှ ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၄၉ သန်းဖိုးနဲ့ဆန်ကွဲ ၆၈၅၃ တန် ဖြစ်ပါတယ်။ ယခုတစ်ပတ် ဆန်ကွဲကို အင်ဒိုနီးရှားနိုင်ငံသို့ အများဆုံးတင်ပို့ပြီး ဆန်ကွဲ၃၈၇၅တန်နဲ့အီးယူနိုင်ငံများသို့ ၂၉၅၃ တန်၊ စင်ကာပူနိုင်ငံသို့ ၂၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ဆန်ကွဲတင်ပို့မှု ၃၀၂၂ တန် လျော့ကျခဲ့ကြောင်းသိရှိရပါတယ်။ ယခုတစ်ပတ်ဆန်နဲ့ဆန်ကွဲတင်ပို့မှုကိုကြည့်ပါက ကုန်သွယ်ရေးစခန်းများမှ ယခင်တစ်ပတ်ထက် ပိုမိုတင်ပို့နိုင်ပြီး ရေကြောင်းကုန်သွယ်မှုမှလျော့ကျခဲ့ကြောင်းသိရှိရပါတယ်။ **ယဉ်ယဉ်အေး**

ပုသိမ်မြို့နယ် ဆန်စပါးဈေးကွက် ယခုနှစ်ဈေးကောင်းရ တောင်သူများတွက်ခြေကိုက်

ပုသိမ်မြို့နယ်အတွင်း ဆန်စပါးဈေးကွက်မှာ ယခုနှစ်တောင်သူများ ဈေးကောင်းရပြီး တွက်ခြေကိုက်မှုရှိကြောင်းသိရသည်။ လက်ရှိဈေးကွက်တွင် ရောဝတီပေါ်ဆန်း ၁၀၅ ပေါင် တင်း ၁၀၀ ကို ကျပ် ၁၂ သိန်းခွဲကျော်၊ ဆန်တစ်အိတ်ကို ကျပ် ၄၅၀၀၀ ဝန်းကျင်ရှိပြီး ပေါ်ဆန်းရင် စပါး ၁၀၅ ပေါင် တင်း ၁၀၀ ကို ကျပ် ၁၁ သိန်းကျော်၊ ဆန်တစ်အိတ်ကို ကျပ် ၄၁၀၀၀-၄၁၀၀၀ခန့်ရှိကြောင်းသိရသည်။ မီးကောက်စပါးအသန့် ပေါင် ၁၀၀ တင်း ၁၀၀ကို ကျပ် ၇၅၀၀၀ ရှိပြီး ဆန်တစ်အိတ်ကို ကျပ် ၂၆၀၀၀-၂၇၀၀၀ရှိကာ မိုးမနောသုခ၊ မျိုးပွားစပါးပေါင် ၁၀၀ တင်း ၁၀၀ ကို ကျပ်ခြောက်သိန်းခွဲနှင့် ဆန်တစ်အိတ်ကို ကျပ် ၂၆၀၀၀-၂၇၀၀၀၊နွေစပါးပေါင် ၁၀၀တင်း ၁၀၀ကို ကျပ် ၅၆၀၀၀ - ၅၇၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၂၁၀၀၀-၂၁၅၀၀ နှင့် ရောင်းဝယ်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှသိရသည်။

ယခုနှစ်စပါးဈေးနှုန်းမှာယခင်နှစ်ထက်အမြင့်ဈေးရပြီး တောင်သူများတွက်ခြေကိုက်မှုရှိကာ လက်ရှိပုသိမ်ဈေးကွက်မှ ပုံမှန်စားသုံးသော ပေါ်ဆန်းနှင့်မီးကောက်ဈေးကွက်မှာ ပုံမှန်ရောင်းဝယ်လျက်ရှိသည်။ ဈေးတန်းနိမ့်၍ အများစားသုံးနိုင်သော မိုးဧည့်မထဆန်၊ မနောသုခ၊ မျိုးပွားနှင့်နွေသီးထပ်ဆန်မှာ ဈေးကွက်တွင် အရောင်းအဝယ်အများဆုံးဖြစ်ပြီး လက်ရှိပုသိမ်ဈေးကွက်မှာ ယခုမေလအတွင်း ပြောင်းလဲမှုမရှိဘဲ ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း ဈေးကွက်မှသိရသည်။ **မင်းမင်းဦး(ပုသိမ်)**

စစ်ကိုင်းတိုင်းဒေသကြီးတွင် နွေစပါး၇၅ရာခိုင်နှုန်းကျော်စိုက်ပျိုးပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး နွေစပါးလျာထားဧက ၃ ဒသမ ၈၂ သိန်းကျော် လျာထားပြီး ယနေ့အထိ နွေစပါးဧက ၃ ဒသမ ၈၁ သိန်းကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခင်နှစ် ရာသီကုန်တွင် နွေစပါးဧက ၃ ဒသမ ၂၀သိန်းကျော်သာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ယနေ့ထိဧက ၃ ဒသမ ၈၁သိန်းကျော်စိုက်ပျိုးနိုင်သဖြင့် ဧကပေါင်း သုည ဒသမ ၆ သိန်းကျော်အထိ ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ခရိုင်အလိုက် စိုက်ပျိုးမှုအများဆုံးမှာ ရွှေဘိုခရိုင်ဖြစ်ပါတယ်။ သဖန်းဆိပ်ဆည်မှ ရေလုံလောက်စွာရရှိသဖြင့် ဧကပေါင်း ၂ ဒသမ ၈သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ယခင်နှစ် ရာသီကုန်တွင် ဧကပေါင်း ၂ ဒသမ ၂၄ သိန်းသာရှိပြီး ကာလတူနှိုင်းယှဉ်ပါက နွေစပါးဧကပေါင်း သုည ဒသမ ၄၆ သိန်းကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နွေစပါးဒုတိယအများဆုံး စိုက်ပျိုးသောခရိုင်မှာ ကန့်ဘလူခရိုင် ဖြစ်ပြီး ယနေ့ထိ နွေစပါးဧကသုည ဒသမ ၃၂သိန်းစိုက်ပျိုးနိုင်ကာ ယခင်နှစ်ရာသီကုန်ကာလတူနှင့် နှိုင်းယှဉ်ပါက ဧကပေါင်းနှစ်သောင်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ယခုနှစ်ရာသီကုန်တွင် နွေစပါးလျာထား ဧကပြည့်မီအောင် စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။ နွေစပါးအများဆုံးစိုက်ပျိုးသည့် မျိုးများမှာ ရွှေသွယ်ရင်၊ ပုလဲသွယ်၊ မနော သုခ၊ အိုင်အာ ၇၄၇ နှင့် ဆင်းကေရီ-၃ တို့ဖြစ်တယ်လို့ သိရှိရပါတယ်။ **ကျော်ဇင်ဝင်း(ဇေယျာ)**

မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံသို့ထိုင်းဆန်ဈေးကွက်ချဲ့ထွင်

ထိုင်းနိုင်ငံ၏နိုင်ငံခြားကုန်သွယ်မှုဌာနနှင့် ထိုင်းဆန်တင်ပို့ရောင်းချသူများအသင်းအဖွဲ့တို့သည် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံသို့ဆန်ဈေးကွက်ချဲ့ထွင်ရန် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ မလေးရှားနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံစလုံးသည် ထိုင်းနိုင်ငံမှဆန်များပိုမိုတင်သွင်းရန် မျှော်မှန်းခဲ့ပြီး ထိုသို့မျှော်မှန်းခြင်းသည် ထိုင်းနိုင်ငံတွင် ဆန်အသစ်စိုက်ပျိုးရာသီခိုက်ဖြစ်သည့်အတွက် အပြုသဘောဆောင်သည့်လက္ခဏာဖြစ်ကြောင်း နိုင်ငံခြားကုန်သွယ်မှုဌာန၏ညွှန်ကြားရေးမှူးချုပ် Adul Chotinisakorn က ပြောကြားခဲ့ပါသည်။

မလေးရှားတွင်စားသုံးသူများက ကျန်းမာရေးနှင့်ပတ်သက်၍ ပိုမိုအလေးထားလာကြပြီဖြစ်သည့်အတွက် ဆန်လုံးပြည့်ပါသော Hom Nil, and Sung Yod ဆန်ကို စားသုံးရန် အဓိုးရဌာနအနေဖြင့် အကြံပေးခဲ့ကြောင်း Adul က ပြောကြားခဲ့ပါသည်။ ၎င်း၏အေဂျင်စီအနေဖြင့် နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးဌာနနှင့်ပူးပေါင်းကာ မလေးရှားနိုင်ငံတွင် ထိုင်းဆန်ကို ပိုမိုစားသုံးစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် အင်ဒိုနီးရှားနိုင်ငံတွင် ကျန်းမာရေးအလေးထားမှုပိုမိုများပြားလာခြင်းကြောင့် ထိုင်းနိုင်ငံအတွက် ၎င်း၏ဆန်ဈေးကွက်အိမ်နီးချင်းနိုင်ငံများတွင် ကျယ်ပြန့်အောင်လုပ်ဆောင်ရန် အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ဆန်ဈေးကွက်ချဲ့ထွင်ရန်အတွက် ထိုင်းဆန်ကုန်သည်ကြီးများနှင့်ကုန်သွယ်မှုဌာနတို့ ပူးပေါင်းဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း Adul က ထပ်လောင်းပြောကြားခဲ့ပါသည်။ **နှင်းပန်းဖြူ**

အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၈-၅-၂၀၁၈ ဒေါ်လာ/တန်

	ထိုင်း			ဗီယက်နမ်			အိန္ဒိယ			ပါကစ္စတန်		
	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်
ဆန်ပြူ ၁၀၀%	၄၄၀	၄၄၀	□	-	-	-	-	-	-	-	-	-
ဆန်ပြူ ၅%	၄၃၀	၄၃၀	□	၄၅၀	၄၅၀	□	၄၂၀	၄၂၀	□	၄၅၀	၄၄၃	▽
ဆန်ပြူ ၁၀%	၄၂၀	၄၂၀	□	၄၄၅	၄၄၅	□	-	-	-	၄၄၅	၄၂၃	▽
ဆန်ပြူ ၁၅%	၄၁၉	၄၁၉	□	၄၄၀	၄၄၀	□	-	-	-	၄၄၀	၄၃၃	▽
ဆန်ပြူ ၂၅%	၄၀၀	၄၀၂	△	၄၂၉	၄၂၉	□	၃၈၀	၃၈၀	□	၄၀၅	၃၉၅	▽
ပေါင်းဆန်	၄၄၇	၄၄၆	▽	-	-	-	၄၀၇	၄၀၃	▽	၄၀၀	၄၀၀	□

Source: liverice

ပြည်တွင်းမြို့ကြီးများ၏ (၁၈-၅-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

မြို့	ဧည့်မထအုပ်စု				ပေါ်ဆန်းအုပ်စု			
	စပါး		ဆန်		စပါး		ဆန်	
	ယခု	ယခင်အပတ်နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှိုင်းယှဉ်ချက်
ဆန်ပိုဒေသများ								
မြည်	၅၇၅၀	□	၂၃၅၀၀	□	၉၁၀၀	□	၃၉၀၀၀	□
ပုသိမ်	၅၉၀၀	□	၂၅၀၀၀	□	၈၉၃၀	□	၄၄၀၀၀	□
ပဲခူး	၅၇၀၀	▽	၂၅၅၀၀	▽	၉၂ ၀၀	□	၃၇၀၀၀	□
ရွှေဘို	၆၅၀၀	□	၂၇၀၀၀	□	၁၄၅၀၀	□	၄၇၀၀၀	□
စဉ့်ကွေ	၄၆၅၀	□	၁၉၅၀၀	□	၇၃၀၀	□	၃၃၀၀၀	□
ဆန်လိုဒေသများ								
နေပြည်တော်	၆၄၀၀	▽	၂၆၀၀၀	□	-	-	၄၈၀၀၀	△
ရန်ကုန်(ထီးတန်း)	၅၆၆၀	△	၂၁၅၀၀	□	-	-	၃၄၀၀၀	□
မန္တလေး	၆၈၀၀	□	၂၆၀၀၀	□	-	-	၄၅၀၀၀	□
မကွေး	၅၅၀၀	△	၂၂၅၀၀	△	-	-	၄၆၀၀၀	□
မော်လမြိုင်	၆၀၀၀	□	၂၄၀၀၀	□	၈၂၀၀	□	၃၈၀၀၀	□
လွိုင်ကော်	၈၄၃၀	△	၃၂၀၀၀	□	-	-	၅၉၀၀၀	□
မြိတ်	၅၅၀၀	□	၂၆၅၀၀	□	-	-	၄၂၀၀၀	□
ဘားအံ	၅၈၀၀	□	၂၆၀၀၀	□	-	-	၄၆၀၀၀	□

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

၁၄-၅-၂၀၁၈ မှ ၁၈-၅-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

Sr.No.	Forms	Copies	Total Value (US$)
1	Form A	808	42,081,814.260
2	Form D	107	2,934,255.211
3	Form E	113	3,252,068.590
4	Korea GSP	5	290,715.710
5	Form AK	103	3,233,750.194
6	Form AJ	13	175,300.930
7	Form AI	52	3,215,751.690
8	Form AANZ	11	86,890.100
9	Form DFTP		
Grand Total		**1212**	**55,270,546.685**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၈-၅-၂၀၁၈ ကျပ်/ပိဿာ

ပဲအမျိုးအမည်	ရန်ကုန်			မန္တလေး			မုံရွာ			မကွေး		
	၁၁/၅	၁၈/၅	ပြောင်းလဲမှု	၁၁/၅	၁၈/၅	ပြောင်းလဲမှု	၁၁/၅	၁၈/၅	ပြောင်းလဲမှု	၁၁/၅	၁၈/၅	ပြောင်းလဲမှု
မတ်ပဲ	၇၃၃	၈၀၅	▲	၇၀၀	၇၆၇	▲	၇၅၀	၇၂၅	▼	၆၇၅	၇၇၅	▲
ပဲစင်းငုံ	၆၂၉	၇၀၃	▲	၅၄၂	၆၅၀	▲	၄၇၅	၆၀၀	▲	၄၇၅	၆၂၅	▲
ပဲတီစိမ်း	၁၁၀၀	၁၁၆၅	▲	၂၀၀၀	၂၀၉၀	▲	၂၀၅၂	၂၀၂၆	▼	၁၃၇၀	၁၈၉၅	▲
ကုလားပဲဖိုးဖိုး	၁၄၀၀	၁၄၅၀	▲	၁၀၅၇	၁၀၉၂	▲	၁၀၆၃	၁၀၉၄	▲	၁၀၅၅	၁၀၆၅	▲
ပဲလွန်းပြူ	၁၀၁၅	၁၀၀၀	▼	၁၁၁၇	၁၁၆၇	▲	၁၇၀၉	၁၃၆၀	▼	၁၂၀၅	၁၂၀၅	■
ထောပတ်ပဲ	၁၀၂၅	၂၂၆၀	▲	၂၀၄၄	၂၁၃၃	▼	၁၇၆၃	၂၀၅၂	▲	၁၈၃၅	၂၀၀၀	▲

* မှတ်ချက်။ ဇော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၈-၅-၂၀၁၈ ဓေါ်လာ/တန်

ပဲအမျိုးအမည်	ရန်ကုန် FOB			အိန္ဒိယ					
				မွမ်ဘိုင်း			ဒေလီ		
	၁၁/၅	၁၈/၅	ပြောင်းလဲမှု	၁၀/၅	၁၇/၅	ပြောင်းလဲမှု	၁၀/၅	၁၇/၅	ပြောင်းလဲမှု
မတ်ပဲ	၃၄၀	၃၇၀	▲	၄၇၅	၅၁၇	▲	၅၃၁	၅၁၇	▼
ပဲစင်းငုံ	၂၇၀	၃၇၀	▲	၅၀၃	၄၈၅	▼	၆၀၁	၅၉၄	▼
ပဲတီစိမ်း	၆၅၀	၆၅၀	■	-	-	-	၇၄၂	၇၅၃	▲
ကုလားပဲပြူးလုံးကြီး	၅၀၀	၅၀၀	■	၅၂၃	၅၁၇	▼	၅၄၉	၅၃၉	▼

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

ပဲအမျိုးအစား	ပြည်ပတင်ပို့မှု		ပြည်ပတင်ပို့မှု
	ယခင်တစ်ပတ်	ယခုတစ်ပတ်	(၁၀၊၁၀၊၁၈) မှ
	(၅၊၅၊၁၈)ထိ	(၁၂၊၅၊၁၈)ထိ	(၁၂၊၅၊၁၈) ထိ
မတ်ပဲ	၆၉၅၀၈	၇၈၄၅	၇၇၃၅၃
ပဲတီစိမ်း	၅၄၇၆၉	၁၂၅၄	၅၆၀၂၃
ပဲစင်းငုံ	၃၁၆၃၈	၇၂၆	၃၂၃၆၄
ကုလားပဲ	၁၄၁၄၃	၆၅၀	၁၄၇၇၃
ပဲလွန်းပြူ	၁၆၆၇၀	၃၄၃	၁၇၀၁၃
မြေထောက်ပဲ	၆၁၅၀	၃၆၄	၆၅၁၄

ဈေးပြန်လျော့သွားတဲ့ ပြည်ပပုပ်သီးနှံ လက်လီသာရောင်းဝယ်မှုဖြစ်

ပြည်ပဲဈေးကွက်အတွင်း မေလ တတိယပတ်မှာ ပဲအချို့အရောင်းအဝယ် အေးသွားခဲ့လို့ပဲပုပ်သီးနှံအနေဖြင့်လည်း လက်လီသာ အိတ်အနည်းငယ်ရောင်း ဝယ်မှုဖြစ်ခဲ့တာတွေ့ရပါတယ်။ ပဲပုပ်သီးနှံအမျိုးအစားမှာ ပဲသစ်ပေါ် ချိန်ကာလများတွင်သာ ဈေးကွက်အတွင်း အရောင်းအဝယ်သွက်ခဲ့ပြီး ကျန်ကာလများတွင်တော့ လက်ကားထက် လက်လီသမား များဖြင့်သာ ပုံမှန်ရောင်းဝယ်ခဲ့ကြတဲ့ ပဲသီးနှံဖြစ်ခဲ့ပါတယ်။ မေလဆန်းရက်က အခြားပဲများ ဈေးငြိမ်နေပြီး ပဲပုပ်သီးနှံမှာ ဈေးမြင့်လာခဲ့ပေမယ့် ယခုမေ ဒုတိယပတ်အတွင်း ဈေးပြန်လျော့သွားခဲ့လို့ တစ်တင်းကျပ် ၂၅၅၀၀ ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် တစ်တင်းကျပ် ၁၀၀၀ခန့်ဈေးလျော့ခဲ့ကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

ပြည်ပဲလွန်းပြူ ယခင်လထက်ဈေးလျော့ပြီး ပုံမှန်ရောင်းဝယ်မှုဖြစ်

မေလ တတိယပတ် ပြည်ပဲဈေးကွက်မှာ ပဲလွန်းပြူသီးနှံသည်လည်း ပဲဝင်ရောက်မှုနည်းလာတာကိုတွေ့ရပါတယ်။ တစ်ရက် အိတ် ၂၀-၃၀ ခန့်သာ ဝင်ရောက်ခဲ့လို့ ဝယ်လိုအားအနေဖြင့် လက်လီသာအဝယ်ရှိခဲ့ပါတယ်။

ဒါကြောင့် နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း အိတ်အနည်းငယ်သာ ရောင်းဝယ်ခဲ့ကြကာ ပဲ ဈေးနှုန်းကတော့ တစ်တင်းကျပ်နှစ်သောင်းခန့်ရရှိပြီး ဧပြီလက ဈေးနှုန်းထက် ဈေးလျော့သွားခဲ့ပြီး မေလဆန်းမှ ယခု ဒုတိယပတ်အထိ အဆိုပါ ဈေးအတိုင်း ဆက်လက်ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ဧပြီလ အတွင်း ပဲလွန်းဖြူသီးနှံမှာ တစ်တင်းကျပ်နှစ်သောင်းအထက် ရရှိခဲ့တာကို တွေ့ရပါတယ်။ **ခင်ဆွေဝင်း**

မေလလယ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲဈေးအချို့ ဈေးမြင့်တက်လာပြီး ဝယ်လိုအားလည်း ကောင်းလာခဲ့

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်အတွင်း မေလလယ်တွင် ပဲအချို့ ဝင်ရောက်မှုရှိခဲ့သလို အချို့ပဲသီးနှံများ ကတော့ ပဲအဝင် လုံးဝမရှိတော့ဘဲ လက်ကျန်ပဲများဖြင့်သာ ရောင်းဝယ်နေခဲ့ကြတာကို တွေ့ရပါတယ်။ မတ်ပဲသီးနှံနှင့် ကုလားပဲ သီးနှံများမှာ ပဲအဝင်ပုံမှန်ရှိခဲ့ကြပြီး အရောင်းအဝယ် ဖြစ်မှုမှာလည်း ပုံမှန်ရောင်းဝယ်နေခဲ့ကြတယ်လို့ သိရပါတယ်။ မတ်ပဲသီးနှံမှာ အိန္ဒိယပဲဝယ်လိုအားပေါ်မူတည်၍ ဈေးနှုန်း အပြောင်းအလဲရှိတာကြောင့် ပဲတစ်တင်းကျပ် ၁၆၀၀၀ ဖြင့် လဆန်းရက်က ဈေးထက် ထပ်မံမြင့်တက်လာခဲ့ကာ တစ်ရက် အိတ်၅၀၀ကျော်ထိ ဝယ်လိုအားရှိတာကြောင့် ဝယ်သမျှရောင်းချ နိုင်ခဲ့ကြပါတယ်။ ပန်းတောင်း၊ မင်းတုန်း၊ ကံမနှင့် ပြည်အနီး တစ်ဝိုက်မှ နေ့စဉ်အိတ် ၂၀၀-၃၀၀ ကျော်ဝင်ရောက်လျက်ရှိ တယ်လို့သိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ပဲလက်ကျန်ရှိခဲ့သော်လည်း ရန်ကုန် ဝယ်လက် ဝယ်ယူမှုရှိမှသာ ရောင်းချနိုင်ခဲ့ပြီး အရောင်းအဝယ် ဖြစ်သည့်ရက်တွင် အိတ် ၁၀၀ ကျော် ၂၀၀ အရောင်းအဝယ် ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၁၃၅၀၀ မှ ကျပ် ၁၄၅၀၀အတွင်း ရရှိခဲ့တဲ့အတွက် ယခင်တစ်ပတ်ရဲ့ ဈေးထက် ဈေးပိုရရှိလာခဲ့ပါတယ်။ ယခင်တစ်ပတ်ထိ ပဲစင်းငုံဈေးမှာ တစ်တင်း ကျပ်တစ်သောင်းအောက်ထိ လျော့နည်းနေခဲ့လို့ ဈေးကွက်အတွင်း ဈေးအနိမ့်ဆုံး ရနေတဲ့ပဲသီးနှံဖြစ်ပြီးလက်လီ ပဲများထက်ပင် ဈေးလျော့နေခဲ့ကြောင်းသိရပါတယ်။

ကုလားပဲသီးနှံမှာ ပန်းတောင်း၊ မင်းတုန်း၊ ကံမနှင့် ရန်ကုန်-ပြည် ရထားလမ်းတစ်လျှောက် မြို့နယ်များမှ နေ့စဉ် ဝင်ရောက်ခဲ့တဲ့အတွက် တစ်ရက်အိတ် ၂၅၀ ကျော်ထိဝင်ရောက် ခဲ့ကြကာ ဝယ်လက်သမားကတော့ ဒေသတွင်းခွဲစက်သမား များ အဓိကထားဝယ်ယူလျက်ရှိတယ်လို့ သိရပါတယ်။

ဒါကြောင့် နေ့စဉ် အိတ်၄၀၀ ၊ ၅၀၀ အထိ အရောင်း အဝယ်ဖြစ်ခဲ့ကြပြီး ပဲဈေးမှာ တစ်တင်းကျပ် ၂၂၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက်လည်း ဈေးပိုရရှိလာခဲ့ပါတယ်။ ယခင် နှစ်က မေလအတွင်း ကုလားပဲသီးနှံဈေးမှာ တစ်တင်းကျပ် ၃၉၀၀၀အထိ ရရှိခဲ့တဲ့အတွက် ပဲဈေးကွက်အတွင်းမှာ ယခုလို အချိန်ဈေးအမြင့်ဆုံးဖြစ်ခဲ့တဲ့သီးနှံဖြစ်ခဲ့ပါတယ်။ ယခုနှစ်ဈေး မှာတော့ တစ်တင်းကျပ်နှစ်သောင်းကျော်သာ ရရှိခဲ့တဲ့ အတွက် ပဲကြီးသီးနှံထက် ဈေးလျော့နည်းနေခဲ့ကြောင်း သိရ ပါတယ်။

ပဲကြီးသီးနှံမှာ ယခုနှစ်အတွင်း ဈေးအတက်အကျ သိပ် မဖြစ်ဘဲ တစ်တင်းကျပ် သုံးသောင်းအထက် ရရှိနေခဲ့တာ ကြောင့် ယခင်နှစ်ဈေးနှင့် ယခုနှစ်ဈေးကွာခြားမှု သိပ်မရှိတာ တွေ့ရပါတယ်။ ပဲဝင်ရောက်မှုအနေဖြင့် တစ်ရက်အိတ် ၂၀၀ ကျော်ဝင်ရောက်ခဲ့ကြပြီး လက်ကျန်ပဲများလည်း ရှိခဲ့တဲ့ အတွက် ပဲကြော်ဖိုသမားဝယ်လိုအားရှိသလောက် ရောင်းချ နိုင်ခဲ့ကာ အိတ် ၃၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်သည့် ပဲကြီးဈေးနှုန်းမှာ တော့(ရွှေကျွန်း)တစ်တင်းကျပ် ၃၃၀၀၀၊(ကမ်းနား) တစ်တင်း ကျပ် ၂၈၀၀၀ဖြင့် အသီးသီးရောင်းဝယ်နေခဲ့ကြကြောင်း သိရပါတယ်။

လက်လီပဲဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေ တဲ့ပဲများထဲမှာတော့ ပဲနီပြားနှင့်စားတော်ပဲသီးနှံကလည်း ဈေးကောင်းရတဲ့သီးနှံအမျိုးအစား ဖြစ်ခဲ့လို့ ပဲနီပြားတစ်တင်း ကျပ်၃၀၀၀၀၊ စားတော်ပဲ တစ်တင်းကျပ်၃၇၀၀၀တို့ဖြင့်ရလျက် ရှိကြကာ ပဲနီပြားသီးနှံက စားတော်ပဲသီးနှံထက်ပိုပြီးအရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

မေလတတိယပတ် မုံရွာကုန်စည်ဒိုင်တွင် ပေါက်ဈေးနှင့်အရောင်းအဝယ်ဖြစ်မှုများ

မေတတိယပတ် မုံရွာကုန်စည်ဒိုင်တွင် အရောင်း အဝယ်ဖြစ်မှုမှာ အေးနေပြီး ပုံမှန်အတိုင်းသာ အရောင်းအဝယ် ဖြစ်နေပါတယ်။ ယခုတစ်ပတ်သီးနှံ ပေါက်ဈေးနှင့် အရောင်း အဝယ်ဖြစ်မှုမှာ ပဲတီစိမ်းကြီး တစ်တင်းလျှင် ကျပ် ၃၉၀၀၀ဖြင့် အိတ် ၅၀၀ ခန့်၊ ကုလားပဲ တစ်တင်းလျှင်ကျပ် ၂၁၀၀၀ ဖြင့် အိတ် ၆၀၀ခန့်အရောင်းအဝယ်ဖြစ်နေပါတယ်။ ပဲကြီးတစ် တင်းလျှင် ကျပ် ၃၀၅၀၀ ဖြင့် အိတ် ၄၀၀ ခန့်၊ မြေ ထောက်ပဲ တစ်တင်းလျှင် ကျပ် ၃၅၉၀၀ ဖြင့်အိတ် ၃၀၀ ခန့်၊ ထောပတ်ပဲ တစ်တင်းလျှင် ကျပ် ၃၉၀၀၀ ဖြင့် အိတ် ၂၀၀ခန့်၊ CP ပြောင်း တစ်တင်းလျှင် ကျပ် ၁၀၃၀၀ ဖြင့် အိတ် ၃၀၀ခန့်၊ ငရုတ်တစ်တင်း လျှင် ကျပ် ၁၀၃၀၀ ဖြင့် အိတ် ၂၀၀ ခန့်၊ မြေပဲလုံး ဆန်နီ တစ်ပိသာလျှင် ၂၂၇၅ ကျပ်မှ ၂၃၂၅ ကျပ်အထိဖြင့် အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်နေပါတယ်။ ကုလားပဲမှာ ဒေသတွင်း အသုံးနှင့်လျှောင်လက်သမားများ အဝယ်ရှိနေပြီး ပဲတီစိမ်းကြီးမှာ မန္တလေးမှ အဝယ်လိုက်နေသဖြင့် အရောင်း အဝယ် အနည်းငယ်ဖြစ်နေတယ်လို့ ကုန်စည်ဒိုင်သတင်း ရုပ်ကွက်မှ သိရှိရပါတယ်။

ထက်ထက်မိုး(ဇေယျာ)

ပြည်ထောပတ်ပဲ သီးနှံလက်လီပဲဈေးကွက်အတွင်း ဈေးကောင်းရနေ

ပြည်ပဲဈေးကွက်အတွင်း လက်လီ၊ လက်ကား အရောင်းအဝယ်ဖြစ်နေသော ပဲများရှိသလို လက်လီသာ ရောင်းဝယ် နေ ကြတဲ့ ပဲများလည်းရှိကြတာကိုတွေ့ရပါတယ်။ ထောပတ်ပဲသီးနှံဟာဆိုလျှင် လက်လီသာရောင်းဝယ်မှုဖြစ်ပြီး ပဲအဝင် မရှိဘဲ လက်ကျန်ပဲများဖြင့် နေ့စဉ်အိတ်အနည်းငယ်စီ ရောင်းဝယ်နေခဲ့ကြရပါတယ်။ ပဲဈေးမှာ လက်လီပဲဈေးကွက်အတွင်း မှာတော့ ဈေးကောင်းရခဲ့တဲ့သီးနှံလို့ဆိုရမှာဖြစ်ပြီး ပဲတစ်တင်း ကျပ် ၃၄၀၀၀ မှ ကျပ် ၃၅၀၀၀ အတွင်း ဈေးအမြင့်အတိုင်း ဆက်လက်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲလွန်းဖြူ ဘိုကိတ်၊ ပဲနီပြား စသည့်လက်လီရောင်းဝယ်နေကြတဲ့ ပဲအားလုံး ထက် ဈေးပိုရခဲ့သလို ပြည်ပဝယ်လိုအားရှိသော ပဲများထက်လည်း ဈေးမြင့်နေကြောင်း လေ့လာသိရှိရပါတယ်။

ခင်ဆွေဝင်း

ပြည်ဘိုကိတ်ပဲသီးနှံ ယခုနှစ်ဈေးလျော့ရောင်းဝယ်မှုဖြစ်ခဲ့

မေလလယ်တွင် ပြည်ပဲဈေးကွက်သို့ ပဲအချို့ဝင်ရောက်မှု ပါးသွားခဲ့ပြီဖြစ်တာကြောင့် ဘိုကိတ်ပဲသီးနှံမှာလည်း တစ်ရက် အိတ် ၂၀-၃၀ ကျော်သာ ပြည်အနီးတစ်ဝိုက် ဒေသများမှ ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ လက်လီရောင်းဝယ်မှုသာ အဖြစ် များလို့ ဝင်လာသမျှ ရောင်းချမှု ရှိခဲ့ပါတယ်။ ပဲဈေးမှာတစ်တင်းကျပ်၁၅၀၀၀ဖြင့်သာ ရောင်းဝယ်နေခဲ့ကြသည့်အတွက်ပြည် တွင်းဝယ်လက်ပဲများထဲမှာ ဈေးအနိမ့်ဆုံးဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက်လည်း ဈေးထပ်မံလျော့နည်းခဲ့ကြောင်း သိရပါတယ်။ ယခင်နှစ်က မေလလယ်တွင် ဘိုကိတ်ပဲသီးနှံ၏ ဒေသပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ် ၂၄၀၀၀ ဖြင့် ရောင်းဝယ်ခဲ့ကြသည့်အတွက် ယခုနှစ်ဈေးနှုန်းမှာ ယခင်နှစ်ရဲ့ဈေးထက် ကျပ်တစ်သောင်းဝန်းကျင် လျော့နည်းခဲ့ကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

မြန်မာ့ဆိပ်ကမ်းတွင် ၁၇ .၅ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

(က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

ဆိပ်ကမ်းအမည်	သင်္ဘောအမည်	ကုန်တင်/ကုန်ချအခြေအနေ
မြန်မာနိုင်ဂျပ်ဆိပ်ကမ်း	- MT.PRIMROSE	P'Oil(In Bulk) ၄၃၀၀ ကုန်ချရန်
ထီးတန်းဆီဆိပ်ကမ်း	- MT.MESON	P'Oil(In Bulk) ၄၃၀၀ ကုန်ချရန်
ထီးတန်းဆိပ်ကမ်း(၁)	- CAPE FLORES	ကုန်သေတ္တာ ၄၉၃ ကုန်တင် ၅၁၁ ကုန်ချရန်
ထီးတန်းဆိပ်ကမ်း(၂)	- KOTA HASIL	ကုန်သေတ္တာ ၅၉၃ ကုန်ချရန်
အေးရှားဝေါလ်ဆိပ်ကမ်း(၁)	- MAENAM-1	ကုန်သေတ္တာ ၅၄၄ ကုန်ချရန်
အေးရှားဝေါလဆိပ်ကမ်း(၃)	- SINAR BINTAN	ကုန်သေတ္တာ ၅၀၅ ကုန်တင် ၅၅၅ ကုန်ချရန်
အလုံဆိပ်ကမ်း(၂)	- HAN THAR	Steel Bar ၅၀၃၆ ကုန်ချရန်
စက်မှုဆိပ်ကမ်း(၃)	- MCC MERGUI	ကုန်သေတ္တာ၆၄၅ကုန်တင်၆၁၈ကုန်ချရန်
စက်မှုဆိပ်ကမ်း(၄)	- THANLWIN STAR	ကုန်သေတ္တာ ၆၁၈ကုန်ချရန်
ပိုလ်အောင်ကျော်ဆိပ်ကမ်း(၁)	- COCOGYUN	Urea ၇၂၀၀ ကုန်ချရန်
သီလဝါဆိပ်ကမ်း(၁)	- MATHU BHUM	ကုန်သေတ္တာ ၂၆၅ကုန်တင် ၂၃ကုန်ချရန်ရှိ(အလုပ်မလုပ်သေး)
သီလဝါဆိပ်ကမ်း(၃)	- NORWID	Steel +Ammonium Nitrate ၆၇၀၅ကုန်ချရန်
သီလဝါဆိပ်ကမ်း(၄)	- MATHU BHUM	ကုန်သေတ္တာ ၂၆၅ကုန်တင် ၂၃ကုန်ချရန်
သီလဝါဆိပ်ကမ်း(၅)	- GUO TUO-001	Steel Product ၃၁၀၆၄ ကုန်ချရန်
MMTM JETTY	- Mt.OCEAN VICTORY	Diesel Oil ၂၃၀၁၁ ကုန်ချရန်
APEX JETTY	- MT.FLY SEAL	MOGAS (92Ron) ၆၇၀၅ကုန်ချရန်
GREEN ASIA JETTY	- MT.YU RU	MOGAS (92Ron) ၁၁၀၂၀ ကုန်ချရန်

(ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

သင်္ဘောအမည်	ကုန်အမျိုးအစား	လာ/သွားရောက်မည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ရက်
MANDARIN EAGLE	Steel ၂၇,၁၃၄ကုန်ချရန်	CHINA	၁၆-၅-၂၀၁၈
PANTHERA-3	MILITARY TRUSKS(9) Units ၂၀၄ကုန်တင်ရန်	ODESSA	၁၆-၅-၂၀၁၈
TROGIR	SteelProduct ၂၇၄၇၀တန်ကုန်ချရန်	CHINA	၁၈-၅-၂၀၁၈
YAAN BYAE	Urea (In Bulk) ၆၀၀၀၀ကုန်ချရန်	MALASIA	၁၉-၅-၂၀၁၈
STOVE TIDE	ဆန်တန် ၃၀၀၀၀ ကုန်ချရန်	SINGAPORE	၂၀-၅-၂၀၁၈
SPLIT	SteelProduct ၂၀၈၀၀တန်ကုန်ချရန်	CHINA	၂၂-၅-၂၀၁၈
IKAN PARANG	SteelProduct ၂၀၀၀၀တန်ကုန်ချရန်	CHINA	၂၃-၅-၂၀၁၈
VIKING CHANCE	Units Vehicle (RO/RO) ၈၅၄ကုန်ချရန်	JAPAN	၂၆-၅-၂၀၁၈
AMP PRINCESS	Ammonium Nitrate ၃၀၀၀ ကုန်ချရန်	CHINA	၂၀-၅-၂၀၁၈

(ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

သင်္ဘောအမည်	လာမည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ရက်
EVER ABLE	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၁၇-၅-၂၀၁၈
KUO TAI	SINGAPORE	စက်မှုဆိပ်ကမ်း	၁၈-၅-၂၀၁၈
DAWEI	SINGAPORE	ပိုလ်အောင်ကျော်ဆိပ်ကမ်း	၁၈-၅-၂၀၁၈
PACITA	SINGAPORE	သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း	၁၉-၅-၂၀၁၈
MAERSK WARSAW	SINGAPORE	သီလဝါ/စက်မှုဆိပ်ကမ်း	၂၀-၅-၂၀၁၈
XETHA BHUM	SINGAPORE	စက်မှု/သီလဝါဆိပ်ကမ်း	၂၀-၅-၂၀၁၈
KUO HSIUNG	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၂၀-၅-၂၀၁၈
SIMA PERFECT	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၂၀-၅-၂၀၁၈
AREZOO	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၂၀-၅-၂၀၁၈
KOTA HADIAH	SINGAPORE	သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း	၂၄-၅-၂၀၁၈
PATHEIN STAR	SINGAPORE	စက်မှုဆိပ်ကမ်း	၂၅-၅-၂၀၁၈
MCC SHANG HAI	SINGAPORE	သီလဝါ/စက်မှုဆိပ်ကမ်း	၂၇-၅-၂၀၁၈
SOUL OF LUCK	SINGAPORE	သီလဝါ/ပိုလ်အောင်ကျော်ဆိပ်ကမ်း	၈-၆-၂၀၁၈

(ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

သင်္ဘောအမည်	ကုန်ပစ္စည်း	ဆိုက်ကပ်မည့်ဆိပ်ကမ်း	ရောက်မည့်ခန့်မှန်းရက်
MT.FLY MARLIN	ဒီဇယ်ဆ	SINGAPORE	၁၁-၅-၂၀၁၈
MT.FLY MARLIN	ဒီဇယ်ဆီ	SINGAPORE	၁၈-၅-၂၀၁၈
MT.GRATE PRINCESS	ဒီဇယ်ဆီ	SINGAPORE	၁၈-၅-၂၀၁၈
MT.BABYLON	ဒီဇယ်ဆီ	SINGAPORE	၁၈-၅-၂၀၁၈
MT.BELUGA PACIFIC	ဒီဇယ်ဆီ	SINGAPORE	၁၈-၅-၂၀၁၈
MT.GSW FIGHTER	MOGAS(92 RON)	SINGAPORE	၁၈-၅-၂၀၁၈
MT.AU VIRGO	P'Oil(In Bulk)	INDONISIA	၁၉-၅-၂၀၁၈
MT.OCEAN HAWK	ဒီဇယ်ဆီ	SINGAPORE	၂၀-၅-၂၀၁၈
MT.ATNANTA	ဒီဇယ်ဆီ	SINGAPORE	၂၃-၅-၂၀၁၈
MT.CHAO ANOMA	P'Oil(In Bulk)	INDONESIA	၂၅-၅-၂၀၁၈
MT.GLORY STAR	ဒီဇယ်ဆီ	SINGAPORE	၂၅-၅-၂၀၁၈
MT.YU RU	ဒီဇယ်ဆီ	SINGAPORE	၂၀-၅-၂၀၁၈
MT.GREAT DIAMOND	ဒီဇယ်ဆီ	SINGAPORE	၃၀-၅-၂၀၁၈
MT.PRIMROSE	P'Oil(In Bulk)	INDONESIA	၃၀-၅-၂၀၁၈

ရေစကြိုကုန်စည်ဇိုင်တွင် နှမ်းဖြူသန့်စျေးကောင်းလျက်ရှိ

ယခုတစ်ပတ် ရေစကြို ကုန်စည်ဇိုင်တွင် မြေပဲဆန်စျေးမှာအနည်းငယ်ကျလျက် မြေပဲနီလုံးဆန်နှိ(မြောင်)တစ်ပိသာလျှင် ကျပ် ၂၃၀၀၊ ကျွန်းဆန် တစ်ပိသာလျှင်ကျပ် ၂၁၀၀၊ S1 (မြေပဲဖြူလုံးဆန်)တစ်ပိသာလျှင် ကျပ် ၂၄၀၀၊ M12 (မြေပဲလုံးဆန်) တစ်ပိသာလျှင် ကျပ် ၂၂၀၀ မှကျပ် ၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပဲပိစပ်တစ်တင်းလျှင်ကျပ် ၉၀၀၀၊ ပဲလွန်းပြာ တစ်တင်းလျှင် ကျပ် ၁၄၀၀၀၊ ကုလားပဲဝါHL တစ်တင်းလျှင် ကျပ် ၂၀၅၀၀ ဖြင့် အိတ်၁၀၀ခန့်၊ ကုလားပဲဖြူ လုံးကြီးV2 တစ်တင်းလျှင်ကျပ် ၂၁၀၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ 929ကုလားပဲဖြူတစ်တင်းလျှင်ကျပ် ၂၁၀၀၀ ဖြင့် အိတ်၁၀၀ခန့်၊ စွန်တာနီ တစ်တင်းလျှင် ကျပ် ၂၀၀၀၀၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၂၂၇၀၀၊ပဲနီပြား တစ်တင်းလျှင် ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀၊ ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၃၈၀၀၀ မှကျပ် ၃၈၅၀၀၊ ပဲကြီးတစ်တင်းလျှင် ကျပ် ၂၅၀၀၀ မှကျပ် ၂၇၀၀၀၊ ပဲပုပ်တစ်တင်းလျှင် ကျပ် ၂၇၀၀၀ ၊ ထောဖြူ တစ်တင်းလျှင် ကျပ် ၃၃၀၀၀ဖြင့် အိတ် ၁၀၀ခန့် ၊ နှမ်းဖြူသန့် တစ်တင်းလျှင် ကျပ်၄၂၀၀၀မှကျပ် ၄၅၀၀၀၊မတ်ပဲ တစ်တင်းလျှင် ကျပ် ၁၄၀၀၀ မှကျပ် ၁၅၀၀၀၊ ပြောင်းဖူးစေ့ (CP)စျေးမှာ တစ်တင်းလျှင် ကျပ် ၁၀၅၀၀ စျေးဖြင့် အိတ် ၁၀၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့သည်ဟု ရေစကြိုကုန်စည်ဒိုင်မှသတင်းရရှိပါသည်။

လှိုင်ဥမ္မာဦး(ပခုက္ကူ)

မူဆယ်မှလက်ဖက်ခြောက် ပိုမိုတင်ပို့

မေ ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၅၀၉၀၂ တန်ဖိုးရှိ လက်ဖက်ခြောက် ၁၅၉ တန်ခွဲတင်ပို့ခဲ့ရာ ယခင် တစ်ပတ်က တင်ပို့ခဲ့တဲ့ ၇၉ တန်ခွဲခဲ့နှိုင်းယှဉ်ပါက တန် ၈၀ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ဂျာမနီနိုင်ငံမှ မြန်မာ့လက်ဖက်ကို တစ်နှစ်လျှင် တန် ၂၀ မှ တန် ၅၀ အထိ ဝယ်ယူရန်ကမ်းလှမ်းထားကြောင်း၊ စျေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ခေတ်မီလက်ဖက် စက်ရုံတစ်ခုကိုလည်း ၂၀၁၈ ခုနှစ်တွင် တည်ထောင်ကာ နိုင်ငံတကာ စျေးကွက် ထိုးဖောက်ရန် ရည်ရွယ်ထားကြောင်း မြန်မာနိုင်ငံ လက်ဖက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

မော်မော်အောင်

ဒီတစ်ပတ် မလေးရှားနိုင်ငံသို့ မန်ကျည်း အများဆုံးတင်ပို့

မေလ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်းတန်ချိန် ၄၃၀ ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အင်ဒိုနီးရှားနိုင်ငံသို့ ၂၅ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန် ၅၀၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၂၄၀ နဲ့ စင်ကာပူနိုင်ငံသို့ ၁၁၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ယခင် သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်း ၃၉၈ တန်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၃၂ တန် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈၂၄၆၀၀ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

သီတာဝင်း(DOT)

ဆန်အဝင် ပုံမှန်ရှိပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ် ရန်ကုန်ဆန်စျေးကွက်မှာ ဆန်အဝင် ပုံမှန်ရှိသော်လည်း အရောင်းအဝယ်အေးတဲ့အတွက် အနည်းငယ်စျေးကျတယ်လို့ ဝါးတန်းကုန်စည်ဒိုင်မှ သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ လက်ကားစျေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၈၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၅၅၀၀၊ ပုသိမ်/မြောင်းမြ ပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၄၆၀၀၀ ၊ လတ်စတစ်အိတ်ကျပ် ၄၄၀၀၀၊ ကျိုက်လတ် ထိပ်စ တစ်အိတ်ကျပ် ၃၆၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၅၃၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၅၅၀၀၀ ရှိပါတယ်။ နယ်စုံပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၃၆၅၀၀ မှ ကျပ်၃၇၅၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၁၀၀၀ ခန့် စျေးကျကြောင်း သိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထ ၂၅မှတ်ဆန်လည်း အရောင်းအဝယ်အေးတဲ့အတွက် တစ်အိတ်ကို ကျပ် ၅၀၀ ခန့် စျေးကျတယ်လို့ ကုန်စည်ဒိုင်မှ သိရပါတယ်။ ဧည့်မထ ၂၅ မှတ် တစ်အိတ်ကျပ် ၁၉၂၀၀ မှ ကျပ် ၁၉၅၀၀ ရှိပါတယ်။ မိုးသုခ တစ်အိတ်ကျပ် ၂၄၅၀၀ မှကျပ် ၂၆၀၀၀၊ ရက် ၉၀ တစ် အိတ်ကျပ် ၂၂၀၀၀မှကျပ် ၂၂၅၀၀၊ သီးထပ်ရှယ် တစ်အိတ် ကျပ် ၂၁၅၀၀ မှကျပ် ၂၁၈၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း စျေးငြိမ်နေကြောင်း သိရပါတယ်။ ယခုရက်ပိုင်းအတွင်း အရောင်းအဝယ် ပြန်ပါးသွားတယ်လို့ ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

ယဉ်ယဉ်အေး

ပခုက္ကူကုန်စည်ဒိုင်၌ တစ်ပတ်အတွင်းဖြစ်ပေါ်နေသော ပဲမျိုးစုံစျေးကွက်အခြေအနေ

ယခုတစ်ပတ် ပခုက္ကူ ကုန်စည်ဒိုင်၌ ပဲစင်းငုံနှိအဟောင်း တစ်တင်းလျှင်ကျပ် ၁၄၀၀၀ ဖြင့် အိတ် ၅၀၀ခန့် ၊ ပဲစင်းငုံ (အသစ်) တစ်တင်းလျှင် ကျပ် ၁၃၉၀၀ စျေးဖြင့် အိတ် ၃၀ ခန့် ကုလားပဲဝါ HL တစ်တင်းလျှင်ကျပ် ၂၀၈၀၀ ဖြင့်အိတ် ၅၀ခန့် ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင်ကျပ် ၂၁၅၀၀ ဖြင့်အိတ် ၁၀၀ ခန့်၊ ကုလားပဲဝါလုံးကြီး929တစ်တင်းလျှင် ကျပ် ၂၁၅၀၀ ဖြင့် အိတ် ၅၀ခန့်၊ မတ်ပဲ တစ်တင်းလျှင်ကျပ် ၁၄၀၀၀ ဖြင့် အိတ်၅၀ခန့် ရက်ခြားအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲယင်း (မြစ်ခြေ)တစ်တင်းလျှင် ကျပ် ၂၀၀၀၀ ဖြင့် အိတ် ၅၀ခန့်၊ ပဲလွန်းပြာ တစ်တင်းလျှင် ကျပ် ၁၅၅၀၀ ဖြင့် အိတ် ၅၀ခန့်၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၂၂၇၀၀ဖြင့် အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

စွန်တာနီ(ကျွန်း) တစ်တင်းလျှင် ကျပ် ၂၀၀၀၀ ဖြင့် အိတ် ၅၀ခန့်၊ ထီးလင်း (စားတော်ပဲ) ကျပ် ၃၁၅၀၀ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ ပြောင်းဖူးစေ့ (CP) စျေးဟာလည်း အနည်းငယ်ကျလျက်ရှိပြီး တစ်တင်းလျှင်ကျပ် ၁၀၄၀၀ အိတ်ရေ ၁၀၀ခန့်ဖြင့် နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိသည် ဟု ကုန်စည်ဒိုင်မှသတင်းရ ရှိပါတယ်။

ကျွန်းထောဖြူ တစ်တင်းလျှင် ကျပ် ၃၉၀၀၀ ဖြင့် အိတ် ၅၀ ခန့် ၊ ယောထောပတ်ပဲဖြူ တစ်တင်း လျှင် ကျပ် ၄၀၅၀၀ ဖြင့် အိတ် ၅၀ခန့် နေ့စဉ်အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ ပဲတီစိမ်းကြီး ပြောင်တစ်တင်းလျှင် ကျပ် ၃၈၀၀၀မှ ၃၉၀၀၀ ဖြင့် ၂၅ အိတ်ခန့် ဒေသထွက် မန်ကျည်းတောင့်စျေးများ ယခင်တစ်ပတ်ထက် စျေးအနည်းငယ် ကျဆင်းနေပါတယ်။ ယခင်တစ်ပတ်က မန်ကျည်းတောင့် တစ်ပိသာလျှင် ကျပ် ၁၀၄၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် မန်ကျည်းတောင့် တစ်ပိသာလျှင်စ၃၀ကျပ် ဖြင့် ပိသာခြိုန် ၃၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကြက်ဆူတစ်ပိသာလျှင် ၁၃၀၀ ကျပ် ဖြင့် ပိသာခြိုန် ၁၃၀၀၀ ခန့်နေ့စဉ် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။

လှိုင်ဥမ္မာဦး(ပခုက္ကူ)

ကြက်သွန်

ပြည်ကြက်သွန်နီဈေးငြိမ်နေ၍ အရောင်းအဝယ်ပုံမှန်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ ရေနုံချောင်း၊ အောင်လံ၊ တောင်တွင်း စတဲ့နယ်များမှ ကြက်သွန်နီများ တစ်ရက်လျှင် ကားတစ်စီးကို ပိသာ(၃၀) ဝင်အိတ် ၃၀၀-၄၀၀ ဆံ့ ကား ၃ စီးခန့် ပုံမှန်ဝင်ရောက်မှုရှိနေတာ တွေ့ရပါတယ်။

ဝင်ရောက်မှု ပုံမှန်ရှိသလို အရောင်းအဝယ်အနေဖြင့်လည်း ဒေသတွင်းဝယ်လက်များ၊ အိတ်ဆွဲသမားများနှင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင် တစ်ရက်ကို ဝင်ရောက်မှုရဲ့ ထက်ဝက်ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ ဝင်ရောက်လာသော ကြက်သွန်နီများမှာ အရည်အသွေးကောင်းပြီး ဈေးနှုန်းလည်း ချိုသာသဖြင့် အချို့စားသုံးသူများသည် ဝယ်ယူစုဆောင်း သိုလှောင်လျက်ရှိနေကြောင်းလည်း သိရပါတယ်။ ဈေးနှုန်းအနေနဲ့ ဈေးငြိမ်လျက်ရှိပြီး ပွဲရုံလက်ကားဈေး တစ်ပိသာကို အရည်အသွေးပေါ်မူတည်၍ ကျပ် ၄၅၀၊ ကျပ် ၅၀၀ ၊ ကျပ် ၆၀၀၊ ကျပ် ၆၅၀ စသည်ဖြင့် ခွဲခြားရောင်းချလျက်ရှိပြီး လက်လီဈေးများတွင် (ကြီး)ကျပ် ၇၀၀-၈၀၀၊ (လတ်) ကျပ် ၈၀၀-၈၅၀၊ (သေး) ကျပ် ၆၀၀-၆၅၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။

ယခုအချိန် ဖြစ်ပေါ်လျက်ရှိတဲ့ ကြက်သွန်နီဈေးနှုန်းများကို ယခင်နှစ်ကာလတူ ဈေးနှုန်းများဖြစ်သော လက်ကား/လက်လီ တစ်ပိသာ ကျပ် ၉၅၀၊ ကျပ် ၁၁၀၀ တို့နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်း အနည်းငယ်ကျဆင်းနေတာ တွေ့ရပါတယ်။

ဝင်းလဲ့ဝါ (မြည်)

ပခုက္ကူခရိုင်အတွင်းရှိ ကြက်သွန်နီဈေးကွက်အခြေအနေ

ယခုတစ်ပတ် ပခုက္ကူခရိုင်အတွင်းသို့ ကြက်သွန်နီများ နယ်အသီးသီးမှ ဝင်ရောက်လျက်ရှိပါတယ်။ ပခုက္ကူ ကြက်သွန်နီ ကုန်ဝယ်ဒိုင်သို့ ပေါက်၊ ရေပြာမှသာမက မံရွာနယ်များမှလည်း ဝင်ရောက်တင်သွင်းသည်ကိုလည်း သိရှိရပါတယ်။ ကြက်သွန်နီဈေးနှုန်းများသည် သင်္ကြန်မတိုင်မီကာလများထက် ဈေးနှုန်းများ အနည်းငယ် ကျဆင်းနေသည်ကိုလည်း တွေ့ရှိရပါတယ်။ သင်္ကြန်မတိုင်မီ ကြက်သွန်နီလက်ကားဈေးနှုန်းမှာ ကြက်သွန်နီ ထိပ်စ တစ်ပိသာလျှင် ကျပ် ၈၀၀၊ အလတ်စ တစ်ပိသာလျှင် ကျပ် ၅၀၀၊ အနိမ့်စမှာ တစ်ပိသာလျှင် ကျပ် ၃၀၀ ထိရှိခဲ့ပြီး သင်္ကြန်ပြီးကာလ ကြက်သွန်နီဈေးနှုန်းများမှာ ထိပ်စ တစ်ပိသာလျှင်ကျပ် ၅၅၀၊ လတ်စ တစ်ပိသာလျှင် ကျပ် ၄၀၀ အနိမ့်စ တစ်ပိသာလျှင်ကျပ် ၃၅၀ ဖြစ်ပါတယ်။ ဈေးနှုန်းများကိုနှိုင်းယှဉ်ကြည့်လျှင် အနည်းငယ် ကျဆင်းလာပြီး ကြက်သွန်နီစိုက်တောင်သူများမှာ မျှော်မှန်းသလောက် ဈေးမရရှိခဲ့ပါ။ဆိပ်ဖြူ ကြက်သွန်နီ ကုန်ဝယ်ဒိုင်၏ လက်ကား ဈေးမှာ ထိပ်စ တစ်ပိသာလျှင်ကျပ် ၅၂၀၊ လတ်စ တစ်ပိသာလျှင် ကျပ်၄၅၀ ၊ အနိမ့်စ တစ်ပိသာလျှင် ကျပ် ၃၅၀ ဖြင့် နေ့စဉ် ပိသာချိန် ၁၀၀၀၀ မှ ၂၀၀၀၀ ကြား အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပခုက္ကူ ကြက်သွန်နီကုန်ဝယ်ဒိုင်၏ ယခု တစ်ပတ် ကြက်သွန်နီ လက်ကားဈေးမှာ ထိပ်စ တစ်ပိသာလျှင် ၅၃၅ ကျပ်၊ လတ်စ တစ်ပိသာလျှင်ကျပ် ၄၀၀၊ အနိမ့်စတစ်ပိသာလျှင် ကျပ် ၃၅၀ ရှိခဲ့ပြီး လက်လီဈေးနှုန်းများမှာ ကြက်သွန်နီ အမျိုးအစားလိုက်၍ ထိပ်စတစ်ပိသာလျှင် ကျပ် ၁၀၀၀၊ အလတ်စ တစ်ပိသာလျှင် ကျပ် ၈၀၀၊ အနိမ့်စတစ်ပိသာလျှင် ကျပ်၆၀၀ ဖြစ်၍ နေ့စဉ် ကုန်ဝယ်ဒိုင်သို့ ပိသာ ချိန် ၅၀၀၀၀ မှ ၁၅၀၀၀၀ ကြား အရောင်းအဝယ် ဖြစ်နေသည်ဟု သတင်းရရှိပါတယ်။

လှိုင်ဥမ္မာဦး(ပခုက္ကူ)

မူဆယ်မှ ကြက်သွန်နီတင်ပို့ပြီး တမူးမှကြက်သွန်ဖြူတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၂၀ သန်းတန်ဖိုးရှိ ကြက်သွန်နီ ၁၀၆၈ တန်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၁,၄၀ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်မှာ ၁၇၂ တန်လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိတမူးကုန်သွယ်ရေးစခန်းမှလည်း အဆိုပါ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၁၇၆ တန်ဖိုးရှိ ကြက်သွန်ဖြူ ခြောက်တန်ကျော်ကို အိန္ဒိယ နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ကြက်သွန်တစ်ကေကို စိုက်ပျိုးစရိတ်ကျပ် ၁၀ သိန်း၀န်းကျင်ခန့်ကုန်ကျပြီး ယခင်နှစ်က တစ်ပိသာကို ကျပ် ၃၅၀ ကျော်ရရှိကာ ယခုနှစ်ကျပ် ၇၀၀ - ၈၀၀ အထိရရှိကြောင်း၊ ဖြစ်နိုင်လျှင် ကြက်သွန်တစ်ပိသာကိုကျပ် ၁၀၀၀ နဲ့ ရောင်းချင်ကြောင်း အောင်လံမြို့မှ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောပါတယ်။

မော်မော်အောင်

ပုံမှန်ဝင်ရောက်နေပြီး ဈေးနှုန်းပုံမှန်နှင့် အရောင်းအဝယ်ဖြစ်နေတဲ့ ပြည်ကြက်သွန်ဖြူ

ပြည်ကြက်သွန်ဖြူ(ပွဲရုံ)များသို့ ကြက်သွန်ဖြူအိတ်တွေ ပုံမှန်ဝင်ရောက်လျက် ရှိနေပါတယ်။ ယခု မေတတိယပတ်အတွင်းမှာလည်း ဝင်ရောက်လာတဲ့ ကြက်သွန်ဖြူဈေးကတော့ အတက်/အကျ သိပ် မရှိဘဲ ဈေးငြိမ်နေတာ တွေ့ရပြီး လက်လီဈေးဆိုင်ကလေးများ အိတ်လိုက်ဆွဲနေတာ တွေ့ရပါတယ်။

ပြည်အနီးတစ်ဝိုက် ဈေးများနှင့် အရောင်းဆိုင်များ၊ နယ်ဝယ်လက်သမားများကြောင့် အရောင်းအဝယ် ဖြစ်နေတာလည်း သိရပါတယ်။ ယခုတစ်ပတ်ဈေးနှုန်းတွေကတော့ ပွဲရုံဈေး ကြက်သွန်ဖြူ (ရှုမ်းစ) တစ်ပိသာ လျှင် ကျပ် ၁၄၀၀၊ (ကြူကုတ်စ) ကျပ် ၁၃၀၀ ဈေးတို့ ဖြစ်ပါတယ်။ ဒေသတွင်း လက်လီဈေးများကတော့ တစ်ပိသာလျှင် (ရှုမ်းစ) ကျပ် ၁၉၀၀၊ (ကြူကုတ်စ) ကျပ် ၁၅၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိနေပါတယ်။ တစ်ပတ်အတွင်း ပွဲရုံများတွင် ကြက်သွန်ဖြူ အိတ် ၃၆၀ နီးပါး အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

နီနီဝင်း

နန္တင်း

နန္တင်းတန်ချိန် ၁၀၀ ကျော်တင်ပို့

မေ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း နန္တင်း ၁၂၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံများ အိန္ဒိယနိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်က နန္တင်း ၄၈ တန်သာ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၈၀ ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နန္တင်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၃၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နန္တင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၃၄၄၀ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

သီတာဝင်း(DOT)

အရောင်းပါးတဲ့ ရှမ်းနန္တင်း

ရှမ်းနန္တင်းက အရောင်းအဝယ်ပါး လာတာ သုံးလ-လေးလခန့်ရှိနေပြီလို့ သိရပါတယ်။ အဝင်ကလည်းနည်းသလို ရောင်းအားကလည်း နည်းနေတော့ ပွဲရုံလက်ကျန်တွေနဲ့သာ အရောင်းအဝယ် လုပ်နေရတယ်လို့ သိရပါတယ်။ ဈေးပတ်သမားတွေကလည်း တစ်ခါဝယ်ယူရင် ငါးအိတ်မှရှစ်အိတ်ခန့်သာဝယ်ယူမှုရှိနေပါတယ်။ ချင်း/နန္တင်းတွေပြန်စိုက်တဲ့အချိန်ဖြစ်လာတာကြောင့် တောင်သူတွေကလည်း ပြန်စိုက်ဖို့ပြင်ဆင်နေတာကြောင့် ဈေးကွက်မှာအဝင်နည်းလာတယ်လို့ သိရပါတယ်။ ဝယ်လက်တွေဖြစ်တဲ့ မူဆယ်ကလည်း ဒီနှစ်ဆန်းကတည်းက အဝယ် နားနေသလို ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်ဝယ်လက်တွေကလည်း ဥပုသ်လကြောင့် အဝယ်နားနေတယ်လို့ သိရပါတယ်။ ပြန်စိုက်ကြမယ့် တောင်သူတွေကတော့ မျိုးနန္တင်းကို တစ်ပိသာ ကျပ် ၆၀၀-ကျပ် ၇၀၀ နဲ့အချင်းချင်းပြန်ဝယ် ယူနေတယ်လို့လည်းသိရပါတယ်။

အောင်ပန်းဈေးကွက်မှာ နန္တင်းတစ်ပိသာကို အနိမ့်ဆုံးကျပ် ၆၀၀ မှ အမြင့်ဆုံးကျပ် ၂၀၀၀ ဈေးရှိပြီး ဟိုပုံးဈေးကွက်မှာတော့ အနိမ့်ဆုံး ကျပ် ၉၀၀ မှ အမြင့်ဆုံးကျပ် ၂၂၀၀ ဈေးရှိ ပါတယ်။

ဧခိုင်(တောင်ကြီး)

ချင်း

ချင်းတန်ချိန် ၁၆၀၀ ကျော်တင်ပို့

မေ ၆ ရက်မှ ၁၂ ရက် သီတင်းပတ်အတွင်း ချင်း ၁၆၅၂ ဒသမ ၅၀၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၂၈၈ ဒသမ ၀၀၈ တန်၊ စင်ကာပူနိုင်ငံသို့ ၃၅၁ တန်နဲ့ သီရိလင်္ကာနိုင်ငံသို့ ၁၃ ဒသမ ၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၇၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၈၇၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၇၂၃၂၆ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

သီတာဝင်း (DOT)

ရှမ်းချင်းဈေး အနည်းငယ်ပြန်ကျ

ဒီတစ်ပတ်တော့ ရှမ်းချင်းဈေးက အနည်းငယ်ပြန်ကျလာပါတယ်။ ယခင်တစ်ပတ်ကတော့လေး/ငါးနှစ်အတွင်းမှာ မကြုံဖူးလောက်အောင်ကို ဈေးကမြင့်တက်ခဲ့ပါတယ်။ အောင်ပန်းဈေးကွက်မှာ လက်ကားဈေးကွက်က တစ်ပိသာကို ကျပ်၇၀၀ - ကျပ်၈၀၀ အထိမြင့်တက်ခဲ့ပြီး လက်လီဈေးကတော့ ကျပ် ၁,၂၀၀ မှ ကျပ် ၁၅၀၀ ဈေးထိပေါက်ခဲ့ပါတယ်။ ဧပြီလ သင်္ကြန်အပြီးမှာဈေးငြိမ်နေပေမယ့် ဧပြီလ အကုန်မေလဆန်းမှာ အိမ်နီးချင်းဝယ်လက်တွေ ဝယ်ယူလာတာကြောင့် ဈေးတက်လာတာလို့သိရပါတယ်။ ယခုတစ်ပတ် ဝယ်ယူနေတဲ့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်ဝယ်လက်တွေက အဝယ်ရပ်သွားပြီး ဈေးကွက်မှာလည်း ပစ္စည်းအဝင်များလာတာကြောင့်ဈေးကလည်း အနည်းငယ်ပြန်ကျလာတယ်လို့သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ချင်း(စို)က တစ်ပိသာကို ကျပ် ၆၀၀ မှ ကျပ် ၆၅၀ ဈေးဆင်းသွားပြီး ချင်းခြောက်ကတော့ ကျပ် ၉၀၀ မှ ကျပ် ၁၀၀၀ ဈေးရှိနေပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ ယခင်တစ်ပတ်က ဘင်္ဂလားဒေ့ရှ်ကိုတင်ပို့ဖို့အတွက် ဝယ်လက်တွေ ဝယ်ယူမှုကြောင့် တစ်ပတ်အတွင်းချင်းပိသာချိန်တစ်သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အခုလောလောဆယ်တော့ ဥပုသ်ဝင်တဲ့ကာလဖြစ်သွားလို့ဝယ်ယူမှုလည်းရပ်သွားတယ်လို့ဆိုပါတယ်။ ဒီတစ်ပတ်တော့ ပြည်တွင်း၊ ပြည်ပဝယ်လက်တွေကငြိမ်နေပြီး ဒေသတွင်းစားသုံးဖို့အတွက် လက်လီဈေးကွက်သာ အနည်း အကျဉ်း အရောင်းအဝယ် ဖြစ်ပါတယ်။ ချင်း(စို)ကတော့ တစ်ပိသာကို ကျပ် ၆၅၀ - ကျပ် ၇၀၀ နဲ့ ဈေးပိတ်သွားတယ်လို့လည်း ဒေသခံချင်းပွဲရုံတွေထံမှ သိရှိရပါတယ်။

ဧခိုင်(တောင်ကြီး)

GLORIOUS WHITE HOUSE

M&E ENGINEERING CO.,LTD

M & E SOLUTIONS

We provide planning advice within the costruction industry.Focusing in particular with M.E.P (Mechinal, Electrical, Plumbing) aspect of a costruction, we help our clients to meet the ever-increasing demands for better value and faster construction.

MEP Service

Design, Installation, Testing & Commissioning of MEP Works

Electrical

Power Distribution Systems* Lighting Control * Power Genration* ELV System * Structural Cabling* MATV System*Integrated Security System* PA System* CCTV* Fire Detection & alam* Acess Control

Mechanical

HVAC * Buildin Automation* District Cooling Plants* Industrial& Process Sevices* Plants &Machinery Installation * Refrigeration *Fire Fighting .

PLUMBING

Hot &Cold Water Supply System* Irrigation System * Swmming Pool* Drainage * Sanitation* Rain Water* Sewage Treatment.

Design, Supply & Installation of MEP all services

Central Hotel (Ngwe Saung) Project

Installation of Plumbing & Sanitary Service

Junction City (Hotel) Project

Installation of Electrical (HT&LT) service

Ajinomoto Factory Project (Thilawa)

Design, Supply & Installation of MEP all services

Matsunaga Factory Project (Thilawa)

Installation of Electrical (LT) service



Sule Square Office Tower

Supply & Installation of MEP all services

Black Canyon Stores (Yangon)

Installation of P&S and Fire Fighting Services

Yakult Factory Project (Thilawa)

Supply & Installation of MEP all services

Berger King + Thai Express Stores (Yangon)

Design, Supply & Installation of MEP all services

Bluescope Factory Project (Thilawa)

Installation of Electrical (HT&LT) service

Volkswagen Show Room Project

Supply & Installation of P&S and Fire Fighting Services



SICC Project

Installation of Electrical (LT) service

Infinitay Residence Project

No.5/A, Mya Wutt Yi Street, Quarter 13, Yankin Tsp., Yangon, Myanmar.
Office : (+95) 9 250 41 2255, (+95) 9 790 41 2255, (+95) 9 970 41 2255
Email : info@gwhengineering.com , Website : www.gwhengineering.com

ဓာတ်ဆီ/ဒီဇယ်

ဒီတစ်ပတ် အောက်တိန်းအဝင်မရှိဘဲ ဒီဇယ်တစ်မျိုးသာဝင်

မေ၆ ရက်မှ ၁၂ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၀၂၀၀၇၁၄ တန်ဖိုးရှိ ဒီဇယ် ၃၆၄၅၀ ဒသမ ၈၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အောက်တိန်းအဝင်မရှိဘဲ ဒီဇယ်တစ်မျိုးသာ ဝင်လာတယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ဒီဇယ်တန်ချိန် ၁၀၄၅၁၀ နဲ့နှိုင်းယှဉ်ရင် ဒီဇယ်တန်ချိန် ၆၈၀၀၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄၅၇ သန်းတန်ဖိုးရှိ Re-export ဒီဇယ် ၁၇၃၉၀ ဒသမ ၅၉တန်၊ တင်ပို့ခဲ့ပြီး တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅၂၄၃၉၆ တန်ဖိုးရှိ ဒီဇယ် ၆၅၂၉ ဒသမ၄၁ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၃၅၀၃၀ တန်ဖိုးရှိ ဓာတ်ဆီ ၆၁၁ ဒသမ ၈၇တန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၅၅၆၀ တန်ဖိုးရှိ ဒီဇယ်၁၀၂ ဒသမ ၃၂ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ရန်ကုန်စျေးကွက်မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာစျေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့တစ်လီတာ စျေးနှုန်းများမှာ ဒီဇယ် ကျပ် ၈၈၀ ၊ အောက်တိန်း (92) ၈၄၅ ကျပ်၊ အောက်တိန်း (95)၈၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၈၉၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါစျေးများမှာ မေ ၁၄ ရက်မှာ ဒီဇယ်ဝယ်စျေး ကျပ် ၁၈၆၀၀၀၊ ရောင်းစျေး ကျပ် ၁၈၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ မေ ၁၈ ရက်တွင် ဝယ်စျေး ကျပ် ၁၉၁၀၀၀၊ ရောင်းစျေး ကျပ် ၁၉၃၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ မေ ၁၄ ရက်မှာ ဓာတ်ဆီဝယ်စျေး ကျပ် ၁၇၇၀၀၀၊ ရောင်းစျေး ကျပ် ၁၇၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီစျေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် စျေးနဲ့ယှဉ်ရင် ဒီဇယ်စျေး ကျပ် ၅၀၀၀နီးပါးစျေး မြင့်လာပေမယ့် ဓာတ်ဆီစျေးငြိမ်တယ်လို့ သိရပါတယ်။

မန္တလေးစျေးကွက်မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92) နဲ့ အောက်တိန်း (95)၊ ဒီဇယ်နဲ့ အဆင့်မြင့် ဒီဇယ်မှာစျေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာစျေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၁၀၆၀၊ ဒီဇယ် တစ်လီတာ ကျပ် ၉၁၀၊ အဆင့်မြင့်ဒီဇယ်တစ်လီတာ ၉၂၅ ကျပ်၊ အောက်တိန်း (92) တစ်လီတာ ၉၁၅ ကျပ်၊ ဓာတ်ဆီတစ်လီတာ ကျပ် ၉၂၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ စျေးများမှာ မေ ၁၄ ရက်တွင် ဒီဇယ်ဝယ်စျေး ကျပ် ၁၈၉၀၀၀၊ ရောင်းစျေး ကျပ် ၁၉၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ မေ ၁၈ ရက်တွင် ဝယ်စျေး ကျပ် ၁၉၄၀၀၀၊ ရောင်းစျေး ကျပ် ၁၉၆၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92) စျေးမှာ မေ ၁၄ ရက်တွင် ဝယ်စျေး ကျပ် ၁၈၅၀၀၀၊ ရောင်းစျေး ကျပ် ၁၈၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ မေ ၁၈ ရက်တွင် ဝယ်စျေး ကျပ် ၁၈၉၀၀၀၊ ရောင်းစျေး ကျပ် ၁၉၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်စျေးနဲ့ ယှဉ်ရင် ဒီဇယ်ရောဓာတ်ဆီပါ စျေးနည်းနည်းမြင့်ခဲ့တယ်လို့ သိရပါတယ်။

မော်လမြိုင်စျေးကွက်မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်း (95) နဲ့ အောက်တိန်း (92)မှာ စျေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာစျေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ် ၊ အဆင့်မြင့်ဒီဇယ် ၉၁၅ ကျပ် ၊ အောက်တိန်း (92) ၈၇၅ ကျပ်၊ အောက်တိန်း(95) ၉၁၅ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့် ဒီဇယ် တစ်ဂါလံ ကျပ် ၄၂၀၀ ၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၄၀၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

တောင်ကြီးစျေးကွက်မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင် ဓာတ်ဆီစျေး၊ ဒီဇယ်စျေးများမှာ စျေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ စျေးနှုန်းများမှာ ဒီဇယ် တစ်လီတာကျပ် ၉၄၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၉၆၀၊ အောက်တိန်း (92) ကျပ် ၉၄၀၊ အောက်တိန်း (95) ၁၀၆၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၄၃၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

သီတာဝင်း (DOT)

ဒေါ်လာစျေး ဆက်လက်မြင့်တက်လာ

ပြည်တွင်းငွေလဲစျေးကွက်သည် မေလတတိယပတ်အတွင်း စျေးဆက်လက်မြင့်တက်လာခဲ့ကြောင်း သတင်းရရှိသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၄၂ ကျပ်မှ တစ်ဒေါ်လာလျှင် ၁၃၄၈ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

အမေရိကန်ဗဟိုဘဏ်၏ငွေတိုက်စာချုပ်အတိုးနှုန်းမှာ ၂၀၁၁ခုနှစ်နောက်ပိုင်းအမြင့်ဆုံးနှုန်းထားဖြစ်လာခြင်း၊ အီတလီနိုင်ငံ၏ ကြွေးမြီပြဿနာကြောင့် ယူရိုငွေကြေးမှာ အားပျော့လာပြီး အမေရိကန်ဒေါ်လာမှာ အားကောင်းလာခြင်းတို့ကြောင့် ဒေါ်လာစျေး မြင့်တက်လာခြင်းဖြစ်ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ် စျေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းငွေလဲနှုန်းစျေးကွက်တွင် မေ ၁၄ ရက်ကအမေရိကန်တစ်ဒေါ်လာရောင်းစျေး ၁၃၄၆ကျပ်၊ ဝယ်စျေး ၁၃၄၄ ကျပ်မှ မေ ၁၆ ရက်တွင်အမေရိကန်တစ်ဒေါ်လာရောင်းစျေး ၁၃၄၅ ကျပ်၊ ဝယ်စျေး ၁၃၄၂ ကျပ်ရှိခဲ့ပြီး မေ ၁၈ ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းစျေး ၁၃၄၆ ကျပ်၊ ဝယ်စျေး ၁၃၄၄ ကျပ်ဖြင့် စျေးပိတ်သိမ်းသွားခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

ပြည်တွင်းရွှေစျေး ထပ်မံကျဆင်းခဲ့သော ရက်သတ္တပတ်

မေလဆန်းမှစတင်ကာ စျေးကျခဲ့သည့် ပြည်တွင်းရွှေစျေးမှာ မေလတတိယပတ်တွင် ဆက်လက်ကျဆင်းခဲ့ကြောင်း ပြည်တွင်းရွှေစျေးကွက်မှ စုံစမ်းသိရှိရသည်။ မေလ ဒုတိယပတ်က ကျပ် ၉၄၀၀၀၀စျေးရှိခဲ့သော ပြည်တွင်းရွှေစျေးနှုန်းများသည် မေလတတိယပတ်အတွင်း ကျပ် ၉၃၃၀၀၀ဖြင့် စျေးကျဆင်းခဲ့ကြောင်းသိရသည်။

"အခုအချိန်က ကျောင်းဖွင့်ရာသီ နီးလာသလို မိုးဦးကာလလည်းဖြစ်လာတော့ အရောင်းအဝယ်အေးတဲ့သဘောပါ။ ကျောင်းဖွင့်ရာသီမှာ ကလေးတွေပညာရေးအတွက် ကုန်ကျစရိတ်လေးတွေရှိလာတော့ ရွှေဘက်မလှည့်နိုင်သေးဘူး။ ကမ္ဘာမှာလည်း ထူးခြားတဲ့ဖြစ်ရပ်တွေ၊ နိုင်ငံရေးတင်းမာမှုတွေ နည်းပါးနေတော့ ရွှေကသိပ်ပြီး မမာတော့ဘူးလေ"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

ပြည်တွင်းရွှေစျေးကွက်တွင် မေ ၁၄ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၄၀၀၀၀ ဝန်းကျင်ရှိခဲ့ရာမှ မေ ၁၆ ရက်တွင် ကျပ် ၉၃၆၀၀၀သို့ ကျဆင်းခဲ့ပြီး မေ ၁၈ ရက်တွင် ကျပ် ၉၃၃၀၀၀ ဖြင့် စျေးပိတ်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေစျေးကွက်တွင်လည်း မေ၁၄ရက်က တစ်အောင်စလျှင် ၁၃၁၉အမေရိကန်ဒေါ်လာရှိခဲ့ရာမှ မေ ၁၆ ရက်တွင် တစ်အောင်စလျှင် ၁,၂၉၁ အမေရိကန်ဒေါ်လာသို့ ကျဆင်းခဲ့ရာ ၂၀၁၈ခုနှစ် အစောပိုင်းလများကစျေးထက် များစွာကျဆင်းခဲ့ခြင်းဖြစ်ပြီး မေ ၁၈ ရက်တွင် ၁,၂၈၉ အမေရိကန်ဒေါ်လာဖြင့် စျေးပိတ်သိမ်းသွားခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

စတော့စျေးကွက်အကြောင်း သိကောင်းစရာ ဟောပြောပွဲ ပြုလုပ်မည်

Myanmar Securities Exchange Centre Co.,Ltd မှကြီးမှူး၍ စတော့ရှယ်ယာစျေးကွက်အကြောင်း သိကောင်းစရာဟောပြောပွဲကို ဇွန် ၂ ရက်တွင် မော်လမြိုင်မြို့ Strand Hotel(Grand Ballroom) တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် Myanmar Securities Exchange Centre Co.,Ltd မှ Managing Director ဖြစ်သူ Mr. Takashi Yamaguchi၊ ရန်ကုန်စတော့အိပ်ချိန်း၏ အမှုဆောင်အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦး၊ Myanmar Securities Exchange Centre Co.,Ltd မှ လက်ထောက်မန်နေဂျာဦးမျိုးကျော်စွာတို့မှ Myanmar Securities Exchange Centre Co.,Ltd အကြောင်းနှင့် မှတ်တမ်းများ၊ စတော့ရှယ်ယာစျေးကွက်အကြောင်း သိကောင်းစရာများ၊ ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ပုံ အဆင့်ဆင့်နှင့် Online မှတစ်ဆင့် စတော့ရှယ်ယာများအရောင်းအဝယ်ပြုလုပ်ခြင်း စသည့် အကြောင်းအရာများကို ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲသို့ တက်ရောက်လိုသူများအနေဖြင့် ဖုန်း - ၀၉-၄၄၄၄၃၈၇၀၇၊ ၀၉-၄၂၅၃၀၆၆၂၁၊ ၀၁-၃၇၆၈၂၂ လိုင်းခွဲ ၁၀၇ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။Myanmar Securities Exchange Centre Co.,Ltd သည် မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်နိုင်ငံ Daiwa Securities Group တို့ အကျိုးတူပူးပေါင်းကာ ၁၉၉၆ ခုနှစ်၊ ဇွန် ၇ ရက်တွင် စတင်တည်ထောင်ခဲ့သော ဖက်စပ်ကုမ္ပဏီဖြစ်သည်။

သန်းထိုက်အောင်

Currency Exchange Rate

May 18, 2018
Base Currency is United States Dollar - USD

Currency Unit		Units per USD
AUD	Australia Dollars	1.33
BDT	Bangladesh Taka	84.21
CAD	Canada Dollars	1.28
CNY	China Yuan Renminbi	6.37
EUR	Euro	0.85
H KD	Hong Kong Dollars	7.85
I NR	India Rupees	67.96
I DR	Indonesia Rupiahs	14139.98
JPY	Japan Yen	110.83
MYR	Malaysia	3.98
PKR	Pakistan Rupees	115.85
PHP	Philippines Pesos	52.35
RUB	Russia Rubles	62.17
SGD	Singapore Dollars	1.34
KRW	South Korea Won	1077.57
LKR	Sri Lanka Rupe	157.90
THB	Thailand Baht	32.13
GBP	United Kingdom Pounds	0.74
VND	VietnamDon	22788.91

Source:xe.com

World Gold Price

May-2018 (USD/OZ)

Date	NY	London	Zurich
14	1323	1322	1322
15	1315	1314	1313
16	1298	1296	1298
17	1294	1292	1293
18	1294	1292	1291

Domestic Gold Price

Kyats(Thousand)

Date	Yangon	Mandalay
14-5- 2018	941.50	941.80
15-5- 2018	938.00	937.80
16-5- 2018	935.00	934.80
17-5- 2018	934.00	934.00
18-5- 2018	932.70	932.70

နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၈ (1US$)

ရက်	တရုတ် (ယွမ်)	ထိုင်း (ဘတ်)	ဘင်္ဂလားဒေ့ရှ် (တာကာ)	အိန္ဒိယ (ရူပီး)
14	6.34	31.83	84.15	67.34
15	6.35	31.94	84.15	67.64
16	6.37	32.08	84.21	67.86
17	6.36	32.06	84.19	67.73
18	6.37	32.13	84.21	67.96

World Metal Price (US$)

Date	Silver/Oz	Zinc/Ton	Aluminium/Ton	Copper/Ton	Platinum/Oz
14-May	16.663067.53	2268.14	6904.91	924.00	
15-May	16.463044.39	2292.60	6818.96	909.00	
16-May	16.283048.57	2314.64	6783.91	896.00	
17-May	16.323047.69	2301.20	6807.50	887.00	
18-May	16.403069.73	2256.24	6832.40	886.00	

Energy NYMEX 18-5-2018

	Price	Change	Change %
WTI Crude Future (USD/bbl.)	71.62	0.13	0.18
Brent Crude Futr (USD/bbl)	79.54	0.24	0.30
Gasoline Rbob Fut (Cent/gal)	224.92	0.61	0.27
Natural Gas Futr (USD/MMBtu)	2.85	-0.01	-0.45
Heating Oil Futr (Cent/gal)	228.53	0.45	0.20

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ဘိလပ်မြေ

ရေလမ်းမှ ဘိလပ်မြေအဝင်ပိုပြီး နယ်စပ်လမ်းမှ အဝင်လျော့

မေလ၆ရက်မှ ၁၂ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၇၄၇၃၀ တန်ဖိုးရှိ ဘိလပ်မြေ ၉၄၆၆ ဒသမ ၄၆၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ တန်ချိန် ၂၅၀၊ တရုတ်နိုင်ငံမှ ၃၃၆ တန်၊ မလေးရှားနိုင်ငံမှ ၈၈၃၈ တန်နဲ့ ဂျပန်နိုင်ငံမှ ၄၂ ဒသမ ၄၆၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ တန်ချိန် ၈၉၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန်၄၇၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

မေလ ၅ ရက်မှ ၁၁ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၉၉၇၀ကျော် ရှိခဲ့ပြီး ယခင်သီတင်းပတ်ကဘိလပ်မြေ အဝင်မှာ တန်ချိန် ၁၃၀၆၅ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၃၀၉၀ ကျော်အဝင် လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းမှအဝင်ပိုပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

ဘိလပ်မြေစျေးကွက် အရောင်းသွက်

မော်လမြိုင်ဘိလပ်မြေစျေးကွက်မှာ အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဆင်မြန်မာစျေးနည်းနည်းကျပြီးကျန်ဘိလပ်မြေများက ယခင်စျေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့စျေးမှာ ဆင်မြန်မာ ၅၁၁၅ ကျပ်၊ ဆင်(ထိုင်း)ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ) ကျပ် ၅၀၅၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

မန္တလေးဘိလပ်မြေစျေးကွက်မှာ အရောင်းအဝယ်သွက်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်စျေးကွက်ထဲ အယ်လ်ဖာနဲ့ဘလူးဒိုင်းမွန်းဘိလပ်မြေများက ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ စျေးကွက်ထဲ အေသုံးလုံးဘိလပ်မြေက ကျပ် ၂၀၀ စျေးကျပြီး ကျန်ဘိလပ်မြေများက စျေးအပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့စျေးမှာ ရွှေဖြူ ကျပ် ၄၉၀၀၊ အေသုံးလုံး ကျပ် ၄၆၀၀၊ ကြဲ့နှစ်ကောင် ကျပ် ၅၀၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်း ကျပ် ၅၂၀၀၊ အပါခြို ကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ် ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

မကွေးဘိလပ်မြေစျေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး စျေးငြိမ်တယ်လို့ သိရပါတယ်။စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့စျေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ ကျပ် ၅၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါခြို ကျပ် ၅၃၀၀၊ စိန်(ထိုင်း) ကျပ် ၆၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

တောင်ကြီးစျေးကွက်မှာ အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ကမ္ဘောဇာဘိလပ်မြေက ကျပ် ၁၀၀ စျေးမြင့်ပြီး ကျန်ဘိလပ်မြေများက ယခင်စျေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့စျေးမှာ စိန်(ထိုင်း)ကျပ် ၇၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါခြို ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၁၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း)ကျပ် ၆၄၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

ဓာတ်မြေဩဇာ

ဒီတစ်ပတ် ဂျာမနီနိုင်ငံမှ မြေဩဇာအများဆုံးတင်သွင်း

မေလ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၁၀၂၈၁ တန်ဖိုးရှိ မြေဩဇာ ၁၀၉၈၁ ဒသမ ၆၃၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၀၄၅ တန်၊ တရုတ်နိုင်ငံမှ ၂၂၉၅ တန်၊ ဂျာမနီနိုင်ငံမှ ၃၅၃၄ ဒသမ ၆၂တန်၊ အိန္ဒိယနိုင်ငံမှ ၉ ဒသမ ၆၅၂တန်၊ အင်ဒိုနီးရှားနိုင်ငံမှ ၅တန်၊ အီရန်နိုင်ငံမှ တန်ချိန် ၂၀၀၀၊ ဂျပန်နိုင်ငံမှ ၂၅ ဒသမ ၅၀ တန်၊ ကိုရီးယားနိုင်ငံမှ ၅၂၂ ဒသမ ၀၂တန်၊ နော်ဝေနိုင်ငံမှ ၆၄၇ ဒသမ ၀၉၅တန်နဲ့ထိုင်းနိုင်ငံမှ ၈၉၇ ဒသမ ၇၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဂျာမနီနိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယမ်းကလိုရိုဒ်၊ အမိုးနီးယမ်းဆာလဖိတ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ကွန်ပေါင်း(၁၃း၀း၂၀)၊ယူရီးယားနဲ့ဓာတ်ဆားတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေဩဇာ၅၄၂၈တန်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၅၅၅၀ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

မြေဩဇာစျေးကွက်အရောင်းပုံမှန်ရှိ

မေလ ၅ ရက်မှ ၁၁ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၃၀၇၇၄ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၃၁၅၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၀၄၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းစျေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မကွေးနဲ့ မန္တလေးမှာ အရောင်းပုံမှန်ရှိပြီး တောင်ကြီးမှာအရောင်းအားတယ်လို့ သိရပါတယ်။

မော်လမြိုင်စျေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိပြီးစျေးငြိမ်တယ်လို့ သိရပါတယ်။စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့စျေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်)ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း(အစိမ်း)၁၅း၁၅း၁၅(ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၂၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆%(မြွားကမ္ဘာ-တရုတ်)ကျပ် ၂၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

တောင်ကြီးစျေးကွက်မှာ အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာပိုတက်က ကျပ် ၁၀၀၀ စျေးမြင့်ပြီး ကျန်မြေဩဇာများက ယခင်စျေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့စျေးမှာ(ကမ္ဘာလုံး-တရုတ်)ကျပ် ၂၆၀၀၀၊ယူရီးယား(ရွှေတောင်-တရုတ်)ကျပ် ၂၆၀၀၀၊ယူရီးယား(ပန်းဖူး-တရုတ်)ကျပ် ၂၆၅၀၀၊ တီစူပါ ၂၀%(တရုတ်)ကျပ်၁၃၅၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၇၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက် (တရုတ်) ကျပ် ၂၅၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၃၀၀၀ ၊ မြွားကမ္ဘာကျပ် ၁၆၅၀၀ စျေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စျေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

မကွေးစျေးကွက်မှာ ဒီအချိန်မှာနှမ်းစပြီးစိုက်လာတာကြောင့် မြေဩဇာက နည်းနည်းအဝယ်လိုက်လာသလို မြေဩဇာစျေးတွေ နည်းနည်းမြင့်လာတယ်လို့သိရပါတယ်။ ဒီလိုစျေးမြင့်ရတာကလည်း အရောင်းအဝယ်ကောင်းတာပါသလို ကုမ္ပဏီစျေးတွေလည်း နည်းနည်းမြင့်လာတာကြောင့် အခုလို စျေးမြင့်ရတာလို့ မြေဩဇာအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။ စျေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့စျေးမှာ မြွားကမ္ဘာ-တရုတ်(၁၂း၁၃)ကျပ် ၁၆၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၇၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၈၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၄၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၅၈၀၀၊ ဇာမဏီ ကျပ် ၁၈၀၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၂၀၀၊ မြွားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၀၀၀၊ တီစူပါကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၆၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

နီဆီ/နီမှုန့်

နီဆီတန်ချိန် ၂၃၀ကျော်နဲ့ နီမှုန့်တန်ချိန် ၂၁၀ကျော်ဝင်

မေလ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၇၀၉၄၃ တန်ဖိုးရှိ နီဆီ ၂၃၁ ဒသမ ၉၆၅တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။

ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၁၃ ဒသမ ၀၈၅ တန် နဲ့ စင်ကာပူနိုင်ငံမှ ၂၁၈ ဒသမ ၈၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ် ဒွန်းနီဆီနဲ့အခြားတံဆိပ်များတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နီဆီ တန်ချိန် ၂၁၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန်၂၀ကျော် တင်သွင်းမှုပိုခဲ့တယ်လို့သိရပါတယ်။

နီမှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၂၁၃ ဒသမ ၆၃ တန်၊ မလေးရှား နိုင်ငံမှ ၂ ဒသမ ၃၉ တန်နဲ့ ပြင်သစ်နိုင်ငံမှ ၁ ဒသမ ၄၄ တန်၊ စုစုပေါင်း ၂၁၄ ဒသမ ၄၆တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နီမှုန့်တန်ချိန် ၁၃၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၈၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နီဆီရောနီမှုန့်ပါ တင်သွင်းမှု ပိုခဲ့တယ်လို့ သိရပါတယ်။

မန္တလေးစျေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး စျေးနည်းနည်းမြင့်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား(ရွှေတောင်-တရုတ်)က ကျပ်၉၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်)နဲ့ တီစူပါက ကျပ် ၅၀၀၊ အာမို (၁၅း၁၅း၁၅)၊ မြွားသီးစုံနဲ့ အာမို(၁၀း၁၀း၅)က ကျပ် ၃၀၀ စျေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့စျေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၄၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၅၀၀၊ တီစူပါ (၄၆% တရုတ်)ကျပ် ၂၂၅၀၀၊ မြွားသီးစုံ ကျပ် ၁၅၅၀၀၊ပန်းသီးစုံ ကျပ် ၁၆၂၀၀၊ အာမို ၁၀း၁၀း၅ကျပ်၁၇၃၀၀၊ အာမိုဒေါင်းဒေါင်းစ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၈၀၀၊ပိုတက်ကျပ် ၂၃၂၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

စဉ်	စခန်းအမည်	ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၅ မှ ၁၁/၅	ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၄ မှ ၄/၅	နှိုင်းယှဉ်ချက် (ပို/လို) +/-	
၁။	မူဆယ်	၁၄၊၆၀	-	(+)	၁၄၊၆၀
၂။	လွယ်ဂျယ်	-	-		-
၃။	ချင်းရွှေဟော်	-	-		-
၄။	ကန်ပိုက်တီး	၁၄၅၉၀၀	၁၉၈၅၀၀	(-)	၅၂၆၀၀
၅။	တာချီလိတ်	၆၀၅၀၀၀	၆၀၀၀၀၀	(+)	၅၀၀၀
၆။	မြဝတီ	-	-		-
၇။	ကောဇောင်း	-	-		-
၈။	မြိတ်	၂၄၅၀၀၀	၅၀၀၀၀	(-)	၂၆၃၀၀၀
	စုစုပေါင်း	၉၉၇၃၊၆၀	၁၃၀၆၅၊၀၀	(-)	၃၀၉၁၊၄၁ မော်မော်အောင်

ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

စဉ်	စခန်းအမည်	ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၅ မှ ၁၁/၅	ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၄ မှ ၄/၅	နှိုင်းယှဉ်ချက် (ပို/လို) +/-	
၁။	မူဆယ်	၂၃၂၅၅၊၇၅	၂၃၀၁၅၊၄၃	(+)	၂၂၀၊၃၂
၂။	လွယ်ဂျယ်	၅၉၃၊၀၀	၂၆၀၊၀၀	(+)	၃၂၅၊၀၀
၃။	ချင်းရွှေဟော်	၃၀၂၀၊၇၅	၂၃၂၄၊၅၀	(+)	၆၉၆၊၂၅
၄။	ကန်ပိုက်တီး	၁၃၂၀၊၀၀	၉၀၉၊၀၀	(+)	၄၁၁၊၀၀
၅။	မြိတ်	၃၀၊၀၀	-	(+)	၃၀၊၀၀
၆။	ရိုဒ်	-	၁၀၀၀၊၀၀	(-)	၁၀၀၀၊၀၀
	စုစုပေါင်း	၃၀၄၈၊၄၅	၃၁၅၁၄၊၅၂	(-)	၁၀၄၀၊၀၇ ဇော်ဝင်း

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

နှမ်း

ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့ပြီး မြဝတီမှပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ မေ ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၇၁ သန်းတန်ဖိုးရှိ နှမ်းဖြူ ၁၄ တန်ကျော်နဲ့ နှမ်းနက် ၆၂၈ တန်ကျော် စုစုပေါင်းတန်ချိန် ၆၄၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၄၇၂ တန်နဲ့နှိုင်းယှဉ်ပါက ၁၇၁ တန်ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၃၄၀ ၂၀ တန်ဖိုးရှိ နှမ်းနက် ၂၈ တန်ကျော်ကို ယခင်တစ်ပတ်အတိုင်း တင်ပို့ခဲ့တဲ့အတွက် မြဝတီမှနှမ်းပုံမှန်တင်ပို့လျက်ရှိကြောင်း သိရပါတယ်။ မူဆယ်မှအဆိုပါ ရက်သတ္တပတ်အတွင်း နှမ်းတင်ပို့မှုမရှိပေမယ့် မူဆယ်ကုန်စည်ဒိုင်မှာ နှမ်းဖြူတစ်တန်လျှင် ၁၈၅၁၃၇ ကျပ်၊ နှမ်းနက် တစ်တန်လျှင် ၁၉၅၅၃၈၉ ကျပ်ဈေးရှိတယ်လို့သိရပါတယ်။

မော်မော်အောင်

မျိုးသမားများကြောင့် ဈေးပြန်မြင့်လာတဲ့ပြည်နှမ်း

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးများ ပြန်မြင့်လာတာတွေ့ရပါတယ်။ မျိုးသမားများကလည်း မိုးနှမ်းစိုက်ရန်အတွက် ဝယ်ယူမှုရှိခြင်း၊ ရန်ကုန်၊ မန္တလေး ဝယ်လက်များကလည်း ယခုတစ်ပတ်တွင် အဝယ်ပြန်လိုက်လာသဖြင့် ဈေးမြင့်လာတာ တွေ့ရပါတယ်။ နှမ်းနီ လက်ကျန်အနည်းငယ်သာ ဈေးကွက်တွင်ရှိပြီး ဆီစက်သမားများက ဝယ်ယူမှုရှိသဖြင့် ဈေးမှာနှမ်းနက်ဈေးနဲ့ ဈေးတူနေတာ တွေ့ရပါတယ်။ ယခုအချိန်တွင် မိုးနှမ်းစိုက်ရန် မြေများထွန်ယက်နေချိန် မျိုးနှမ်းများကိုလည်း သန့်ရင်သန့်သလို ဈေးပေးဝယ်ယူနေတာကြောင့် ဈေးကွက်တွင် နှမ်းဈေးမြင့်လာတာတွေ့ရပါတယ်။

ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီ သုံးတင်းတစ်အိတ်ကျပ် ၁၂၀၀၀၀၊ နှမ်းနက် သုံးတင်းတစ်အိတ်ကျပ်၁၂၀၀၀၀နှင့် စမုံနက်နှမ်း သုံးတင်း တစ်အိတ်ကျပ် ၁၂၅၀၀၀ ဖြင့် ဈေးမြင့်ပြီး အရောင်းအဝယ်မှာ တစ်ခါတစ်ရံ ဝယ်လိုအားရှိလျှင် အိတ် ၂၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ဝေဝေမင်း(ပြည်)

မြေပဲဆန်

မြေပဲဆန်ဈေးငြိမ်နေပေမယ့် ဆီဈေးမြင့်လာတဲ့ပြည်ဈေးကွက်

ယခုတစ်ပတ် ပြည်ဈေးကွက်ရှိ မြေပဲဆန်ကို မြို့တွင်း၌သာအဝယ်ရှိနေသဖြင့် ဈေးငြိမ်နေတာ တွေ့ရပါတယ်။ လုံးဆန်ရွေးဆန်အသန့်ကို မြို့တွင်းရှိ ဆီစက်များက ဆီကြိတ်ရန် အဝယ်ရှိသဖြင့် ဈေးမြင့်လာတာတွေ့ရပါတယ်။ ဆီစက်များက ဆီကြိတ်ရန် လုံးဆန်အသန့်များကိုဝယ်ယူ၍ ဆီကြိတ်သဖြင့် ဆီဈေးမှာလည်း မြင့်လာတာတွေ့ရပါတယ်။ လုံးဆန်(အနီ)ကို ပဲလှော်ဖိုများက ဝယ်ယူမှုရှိသဖြင့် တစ်နေ့လျှင် အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီကြိတ်မြေပဲဆန် တစ်ပိသာလျှင် ကျပ် ၂၀၀၀၊ လုံးဆန်(အဖြူ) တစ်ပိသာလျှင် ကျပ် ၂၃၀၀ နှင့် လုံးဆန်(အနီ) တစ်ပိသာလျှင်ကျပ် ၂၃၀၀ဖြင့် ပြည်ဈေးကွက်တွင် ဈေးငြိမ်ပြီး မြို့တွင်း၌သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြေပဲဆီဈေးမှာ တစ်ပိသာလျှင် ကျပ် ၅၄၀၀၀ထိ ဈေးမြင့်လာတာတွေ့ရပါတယ်။

ဝေဝေမင်း (ပြည်)

စားအုန်းဆီ

ကျမြဲအတိုင်း ကျနေတဲ့ စားအုန်းဆီဈေး

ဒီတစ်ပတ် မလေးရှားစားအုန်းဆီဈေးအခြေအနေကတော့ တင်ပို့မှုရော ထုတ်လုပ်မှုအခြေအနေပါ လျော့ကျ နှေးကွေးနေတာကြောင့် ဈေးဆက်လက်ကျဆင်းနေပါတယ်။ ဘာဆာမလေးရှားကုန်စည်ဒိုင်ရဲ့ ဩဂုတ်လအတွက် ချုပ်ဆိုခဲ့တဲ့ ဈေးဟာ မေ ၁၆ ရက် နေ့လယ် ဈေးကွက်ပိတ်ချိန်မှာ တစ်တန်ကို ၂၄၂၂ ရင်းဂစ်ရှိခဲ့ပြီး ငွေလဲလှယ်မှုနှုန်းဟာ သုည ဒသမ ၆ ရာခိုင်နှုန်းလျော့ကျပိတ်သိမ်းခဲ့ရပါတယ်။ ဒါဟာ နှစ်ပတ်တာကာလအတွင်း ဈေးအကျဆုံးလို့ ဆိုနိုင်ပါတယ်။

စောစောပိုင်းကာလတွေမှာ စားအုန်းဆီဈေးတက်ခဲ့ပေမယ့် နောက်ပိုင်းကာလတွေမှာရင်းဂစ်တန်ဖိုးတွေ ကျဆင်းနေခြင်းဟာ စားအုန်းဆီဈေးအပေါ် သက်ရောက်မှုရှိနေပါတယ်။ ကုန်သွယ်မှုအ နေ နဲ့ကတော့ မေ ၁၆ရက် နေ့လယ်ပိုင်းမှာ စားအုန်းဆီ ၂၅ တန်တွဲပေါင်း ၁၃၀၄၅တွဲ ကုန်သွယ်မှုရှိခဲ့ပါတယ်။

"စားအုန်းဆီဈေးဟာ မေ ၁၅ရက် ညပိုင်းမှာ ပဲပုပ်ဆီဈေးအောက်ကို ရောက်နေပါတယ်"လို့ ကွာလာလမ်ပူမှ ကုန်သည်တစ်ဦးက ပြောခဲ့ပါတယ်။ ဒါဟာ ချီကာကိုကုန်သွယ်ရေးဘုတ်အဖွဲ့မှာပါဝင်တဲ့ အမေရိကန်ပဲပုပ်ဈေးနှုန်းကျဆင်းခဲ့မှုနဲ့သက်ဆိုင်တာကြောင့်ဆိုတာကို ရည်ညွှန်းလိုခြင်းဖြစ်ပါတယ်။ စားအုန်းဆီဈေးကွက်ရဲ့အနေအထားကတော့ "ရင်းဂစ်တန်ဖိုးကျတဲ့အပြင် ထုတ်လုပ်နိုင်မှုကလည်း မျှော်မှန်းထားတာထက်ကို လျော့နည်းနေတဲ့ အခြေအနေဖြစ်နေတာကြောင့် ဈေးကွက်ကို အားမရဘူး"လို့ကုန်သည်တစ်ဦးကလည်း ပြောပါတယ်။စားအုန်းဆီကုန်သွယ်မှုအတွက် အသုံးပြုတဲ့ ရင်းဂစ်တန်ဖိုးကျဆင်းနေမှုဟာ အခြားငွေကြေးကိုဖလှယ်ပြီး စားအုန်းဆီဝယ်ယူရတဲ့ ဝယ်လက်တွေအတွက်တော့ ဈေးသက်သာမှုကိုဖြစ်စေပါတယ်။ လက်ရှိအခြေအနေကတော့အခွန်ကောက်ခံမှုရှိနေတာကတစ်ကြောင်း၊ အထွက်နှုန်းလျော့နေတာက တစ်ကြောင်း ဖြစ်တာကြောင့် စားအုန်းဆီ ဝယ်လိုအားကတော့ အားရဖွယ်ရာ မရှိတဲ့အပြင် ပဲပုပ်ဆီကို မယှဉ်နိုင်အောင်ဖြစ်နေပါတယ်။

မလေးရှားနိုင်ငံဟာ ကမ္ဘာမှာ စားအုန်းဆီကုန်သွယ်မှုအတွက် ထင်ရှားပြီး စားအုန်းဆီတင်ပို့မှုမှာ ဒုတိယအကြီးဆုံးနိုင်ငံလည်းဖြစ်ပါတယ်။ စားအုန်းဆီပို့ကုန်အပေါ် အခွန်ကောက်ခံမှုဟာ ကုန်သွယ်မှုကိုနှေးကွေးစေခဲ့တဲ့အချက်လည်းဖြစ်ခဲ့ပါတယ်။ ဇူလိုင်လအတွက် ချီကာဂို မှပဲပုပ်ဆီစာချုပ်ဈေးဟာ သုည ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ စက်တင်ဘာအတွက် တရုတ်နိုင်ငံ ဒါလီယံ ကုန်စည်ဒိုင်ရဲ့ ပဲပုပ်ဆီဈေးဟာ ၁ ဒသမ ၁ ရာခိုင်နှုန်းကျ ဆင်းခဲ့ပါတယ်။ ဒါလီယံကုန်စည်ဒိုင်ရဲ့ စားအုန်းဆီ စာချုပ်ဈေးကတော့ သုည ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

ကြည်သာသစ်နိုင်

ပြည်တွင်းဆီဈေးနှုန်းများ (၁၈-၅-၂၀၁၈)

ကျပ်/ပိဿာ

မြို့အမည်	ပဲဆီ			နှမ်းဆီ			စားအုန်းဆီ		
	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်
နေပြည်တော် (ဟျဉ်းမနား)	၅၇၀၀	၅၅၀၀	▽	၄၉၀၀	၄၉၀၀	□	၁၉၀၀	၁၉၀၀	□
ရန်ကုန်	၅၀၀၀	၅၀၀၀	□	၅၅၀၀	၅၅၀၀	□	၁၈၀၀	၁၈၀၀	□
မန္တလေး	၄၅၀၀	၄၅၀၀	□	၄၆၀၀	၄၆၀၀	□	၁၉၀၀	၂၀၀၀	□
ပဲခူး	၅၄၀၀	၅၄၀၀	□	၅၅၀၀	၅၅၀၀	□	၁၈၀၀	၁၈၀၀	□
မကွေး	၄၆၀၀	၄၈၀၀	△	၅၅၀၀	၅၅၀၀	□	၂၀၀၀	၂၀၀၀	□
မုံရွာ	၄၅၀၀	၄၅၀၀	□	၄၅၀၀	၄၅၀၀	□	၂၀၀၀	၂၀၀၀	□
စစ်တွေ	၄၀၀၀	၄၀၀၀	□	၄၀၀၀	၄၀၀၀	□	၂၃၀၀	၂၃၀၀	□

မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၈-၅-၂၀၁၈ US$/Ton

အမျိုးအစား	မေလပထမပတ်	မေလဒုတိယပတ်	နှိုင်းယှဉ်ချက်
RBD P.Oil	-	၆၃၄.၅၀	-
RBD P.Olein	၆၃၆.၅၀	၆၃၁.၀၀	▽
RBD P.Stearin	၆၂၁.၅၀	၆၁၆.၅၀	▽

Source: bepi.mpob

ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိသာအရင်းဈေးတွက်ချက်ပုံ (၁၈-၅-၂၀၁၈)နေ့

အကြောင်းအရာ	တွက်ချက်နှုန်း	တစ်ပိသာကုန်ကျစရိတ် (ကျပ်)
		Cloud Point 8˚CMax
CIF ဈေး	(CIFx USD)/ 612	၁၅၀၈.၇၉
FDA ထောက်ခံစာ	58 .20/ 612	၀.၁၀
သွင်းကုန်လိုင်စင်ကြေး	50/ 612	၀.၀၈
L/C စရိတ်	(CIF x 0.25% x USD)/612	၃.၇၅
Bill စရိတ်	(CIF x 0.50% x USD)/612	၇.၅၄
စားအုန်းဆီအလျော့	0.5% x လက်ကားဈေး	၈.၂၀
ဆီကန်သိုလှောင်ထိန်းသိမ်းခ	5/ -1%	၄.၉၅
ကုန်သွယ်လုပ်ငန်းခွန်	(FOB x USD x 1.0 x 5%)/612	၇၂.၆၉
ဆိပ်ကမ်းခွန်	(50000/ 1000)/612	၀.၀၈
MITS စစ်ဆေးခ (FDA အပါအဝင်)		၀.၆၀
အမြတ်ခွန်	(CIF x 35/-)/ 612	၃၉.၁၇
ဆိပ်ကမ်းကပ်ခ	(3x USD)/ 612	၆.၆၁
	ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး	၁၆၅၂.၅၃၃

မှတ်ချက်။ ၁။ အထက်ပါတွက်ချက်မှုမှာ ၁၈-၅-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၈၅ ဒေါ်လာနှင့် USD ဈေး ၁၃၄၈ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၈-၅-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၄၈ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။



ငှက်ပျောသီးသည် ကမ္ဘာ့စားသုံးသူများ၏ အဓိကအစားအစာ

ခင်ချောစု (ကုန်သွယ်မြှင့်)

သစ်သီးဝလံများအနက် လူကြိုက်အများဆုံး သစ်သီးထဲတွင် ငှက်ပျောသီးသည် ထိပ်ဆုံးစာရင်းဝင်ဖြစ်ပါသည်။ ငှက်ပျောအကြောင်း လေ့လာမှတ်သားမိသမျှအား သတင်းအချက်အလက်များ ရေးသားတင်ပြလိုပါသည်။ ကမ္ဘာပေါ်ရှိလူသားအားလုံးအတွက် အဓိကအစားအစာများဖြစ်သော ဆန်စပါး၊ ဂျုံ၊ ပြောင်း၊ လူး၊ ဆပ်နှင့် အခြားသီးနှံများလိုအပ်သကဲ့သို့ကျန်းမာရေးအတွက် လည်းကောင်း၊ အာဟာရဖြည့်စွက်စာများအဖြစ်လည်းကောင်း၊ လူသုံးကုန်ပစ္စည်းများအဖြစ် လည်းကောင်း သစ်သီးဝလံများ၏ အရေးပါမှုသည် ယခင်ကာလများထက် လူသားများအတွက်ပို၍ အသုံးတွင်ကျယ်လာကြောင်း တွေ့မြင်ရပါသည်။ ငှက်ပျောသီးမှာ အခြားအခြားသော အစားအစာများထက်ပိုပြီး အာဟာရဓာတ်ပါဝင်ကြောင်း၊ အမိုင်နိုအက်ဆစ် အပြည့်အဝပါဝင်ပြီး ဂၢင်းအက်ဆစ်ဓာတ်သည် ဦးနှောက်၏ လိုအပ်ချက်များကိုများစွာဖြည့်တင်းပေးသည့်အတွက် စိတ်မရွှင်ပျခြင်း၊ နုံးချိခြင်းစသော ခံစားချက်များကို တွန်းလှန်ပေးနိုင်ပါကြောင်း၊ ငှက်ပျောသီး၏ လူသိများသော အာနိသင်တစ်ခုမှာ အမျှင်ဓာတ် ကြွယ်ဝပြီး အစာခြေလမ်းကြောင်းလွယ်ကူစေရန် ကူညီပေးပါကြောင်း၊ မျက်စိစွမ်းဆောင်ရည် လျော့နည်းခြင်းကိုလည်း တားဆီးပေးသည့် အတွက် မျက်လုံးနှင့်ပတ်သက်ပြီး ငှက်ပျောသီးကိုစားသုံးပေးသင့် ကြောင်း မှတ်သားသိရှိရပါသည်။

ငှက်ပျောသည် အရှေ့တောင်အာရှဇာတိဖြစ်ကာ တောထဲတွင် အရိုင်းပေါက်နေသော ငှက်ပျောပင်များကို လူများကမျိုးယူပြီး တစ်ဆင့်တစ်ဆင့်စိုက်ပျိုး၍ ယဉ်အောင်လုပ်ဆောင်ခဲ့ရကြောင်း လေ့လာဆန်းစစ်ချက်များက ဖော်ပြထားပါသည်။

၁၅ ရာစုနှစ်နှင့် ၁၆ ရာစုနှစ်တို့တွင် ပေါ်တူဂီများသည် ငှက်ပျောကို ၎င်းတို့ကိုလိုနီပြုထားသော အတ္တလန္တိတ် သမုဒ္ဒရာထဲရှိ ကျွန်းများ၊ ဘရာဇီးနိုင်ငံနှင့် အနောက်အာဖရိကနိုင်ငံများတွင် စတင်စိုက်ပျိုးခဲ့ကြောင်း၊ အမေရိကန်စစ်ကြီးပြီးချိန်တွင် မြောက်အမေရိကတိုက်သားများသည် ငှက်ပျောသီးကို ဈေးကြီးကြီးပေးပြီး စားနေကြရကြောင်း၊ ၁၈၈၀ ပြည့်နှစ်များမှသာလျှင် ငှက်ပျောသီးကိုလူအမြောက်အမြားစားနိုင် ကြသည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ဘာသာရေး၊ ဓလေ့ထုံးစံတို့နှင့်နီးနွယ်၍ အသုံးပြုရာတွင် မြန်မာတို့သည် ဘုရား၊ တရား၊ သံဃာတို့ကိုပူဇော်ရာမှာ ဘုရားပွဲ၊ တရားပွဲအဖြစ်လည်းကောင်း၊ မိမိတို့ရိုးရာယုံကြည်သော နတ်များကို ပူဇော်ရာမှာ နတ်ပွဲအဖြစ်လည်းကောင်း၊ ကန်တော့ပွဲ ပြင်ဆင်သည့်အခါ ငှက်ပျောသီးကိုအဖီးလိုက် ထည့်သွင်းပြင်ဆင်လေ့ရှိ ပါသည်။

ဟိန္ဒူဘာသာဝင်များသည်လည်း ဘာသာရေးနှင့် အခြားအရေးပါသော ပွဲလမ်းသဘင်အမျိုးမျိုး ဆင်ယင်ကျင်းပသည့်အခါ ငှက်ပျောသီးကျွေးလေ့ရှိပါကြောင်း၊ တမီးလ်လူမျိုးတို့၏ မင်္ဂလာဆောင်အခမ်းအနားတွင် ကြင်ဖက်သက်လျာဇနီးမောင်နှံ တစ်ဦးပေါ်တစ်ဦး ရာသက်ပန် အကျိုးပြုနိုင်ပါစေဆိုသော ရည်ရွယ်ချက်ဖြင့် နေအိမ်အဝင်လမ်း တစ်ဖက်တစ်ချက်တွင် ငှက်ပျောပင်များကို တန်းစီစိုက်ထောင်ပြင်ဆင်လေ့ရှိပြီး ငှက်ပျောသီး၊ သရက်သီး၊ ဖရဲသီးနှင့် ပိန္နဲသီးများသည် အလေးထားအပ်သော အသီးများအဖြစ် မှတ်ယူလေ့ရှိကြသည်။

၂၀၁၂ ခုနှစ်ကာလအတွင်း ကမ္ဘာပေါ်၌ ငှက်ပျောသီးစိုက်ပျိုးထုတ်လုပ်သည့်ပမာဏ စုစုပေါင်းကို လေ့လာကြည့်ရာ ငှက်ပျောစိုက်ပျိုးမှုနှင့် ပြည်ပတင်ပို့မှု အများဆုံးနိုင်ငံများကိုတွေ့ရှိရပြီး စိုက်ပျိုးထုတ်လုပ်မှု စုစုပေါင်းတန်ချိန်မှာ ၁၃၉ ဒသမ ၂ သန်းဖြစ်ကြောင်း ထုတ်ပြန်ချက်များအရသိရသည်။ အိန္ဒိယနိုင်ငံသည် တန်ချိန် ၂၄ ဒသမ ၉ သန်းထုတ်လုပ်ပြီး တစ်ကမ္ဘာလုံးစိုက်ပျိုးမှု၏ ၁၈ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံသည် ရှစ် ရာခိုင်နှုန်း၊ ယူဂန်ဒါသည် ခုနစ်ရာခိုင်နှုန်းဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ သည် ခုနစ်ရာခိုင်နှုန်းဖြစ်ပြီး အီကွေဒေါနိုင်ငံသည် ငါးရာခိုင်နှုန်း၊ ဘရာဇီးနိုင်ငံသည် ငါးရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံသည် လေးရာခိုင်နှုန်း၊ ကိုလံဘီယာနိုင်ငံသည်လေးရာခိုင်နှုန်း၊ ကင်မရွန်းနိုင်ငံသည် သုံးရာခိုင်နှုန်း၊ ဂါနာနိုင်ငံသည် သုံးရာခိုင်နှုန်း၊ အခြားနိုင်ငံ များမှာ ၃၆ ရာခိုင်နှုန်းဖြစ်ကြောင်း ကမ္ဘာတွင်ငှက်ပျောအများဆုံး စိုက်ပျိုးသောစာရင်းဖော်ပြချက်များအရ သိရှိရပါသည်။

အိန္ဒိယနိုင်ငံအပါအဝင် နိုင်ငံအများအပြားသည် ငှက်ပျောသီးကို ပြည်တွင်းစားသုံးမှုအတွက် စိုက်ပျိုးကြကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည်တန်ချိန် ၁ ဒသမ ၆ သန်းကို ပြည်ပတင်ပို့ထားကြောင်း၊ အီကွေဒေါနိုင်ငံသည် တန်ချိန် ၅ ဒသမ ၂ သန်း၊ ကိုလံဘီယာနိုင်ငံသည် တန်ချိန်၁ ဒသမ ၈ သန်း ပြည်ပကို တင်ပို့ရောင်းချခဲ့ကြောင်း၊ ကော်စတာရီကာနိုင်ငံသည် စိုက်ပျိုးမှုပမာဏအများဆုံးစာရင်းမဝင် သော် လည်း ပြည်ပကိုတန်ချိန် ၁ ဒသမ ၈ သန်း တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဂွါတီမာလာနိုင်ငံသည်လည်း စိုက်ပျိုးမှုပမာဏ အများဆုံးနိုင်ငံစာရင်းတွင်မပါဝင်သော်လည်း ပြည်ပသို့တန်ချိန် ၁ ဒသမ ၅ သန်းခန့် တင်ပို့နိုင်ခဲ့ကြောင်းဖော်ပြထားပါသည်။

ငှက်ပျောသီးတွင် ပါဝင်သောအာဟာရတန်ဖိုးများအနေဖြင့် လေ့လာမှတ်သားမှုများအား တင်ပြရမည်ဆိုပါလျှင် မြန်မာနိုင်ငံတွင် စားသုံးမှုများသော ငှက်ပျောသီးအမျိုးမျိုး၏ အာဟာရ ဓာတ်ပါဝင်မှုများကို အောက်ပါဇယားဖြင့်တွေ့ရှိရမှာဖြစ်ပါသည်-

ငှက်ပျောသီး ၁၀၀ ဂရမ်တွင် ပါဝင်သောအာဟာရများ

စဉ်	အမည်	ကာဗိုဟိုက်ဒရိတ် (ဂရမ်)	ပရိုတင်း (ဂရမ်)	အဆီ (ဂရမ်)	ဒီတာမင် အေ RE	ဒီတာမင်စီ (မိလီဂရမ်)	ကယ်လစီယမ် (မိလီဂရမ်)
၁	ဗီးကြမ်း	၂၆.၅	၀.၈	၀.၁	၇၈.၄	၇.၀	၂၀.၀
၂	ရခိုင်	၃၀.၄	၀.၉	၀.၁	၃၇.၂	၁၀.၀	၁၉.၀
၃	ထောပတ်	၂၆.၁	၁.၂	၀.၃	၃၆.၉	၁၄.၀	၁၂.၀
၄	တက်မလွတ်	၁၈.၀	၁.၈	၀.၂	၁၃.၂	၈.၀	၁၀.၀

ငှက်ပျောသီးအပါအဝင် သစ်သီးများတွင် အများဆုံးပါဝင်နေသော အာဟာရဓာတ်သည် ကာဗိုဟိုက်ဒရိတ်ဖြစ်ပြီး အခြားအသီးများကဲ့သို့ အဆီနှင့် ပရိုတင်းမကြွယ်ဝကြောင်း၊ ငှက်ပျောသီးမှာ ဗီတာမင် (B6) ထူးထူးခြားခြား ကြွယ်ဝပါကြောင်း၊ ငှက်ပျောသီးသည် ကာဗိုဟိုက်ဒရိုက်ကြွယ်ဝသည့်အတွက် ကယ်လိုရီများသည့်အဆီတစ်မျိုးဖြစ်ပါကြောင်း၊ ငှက်ပျောသီးတွင်ပါဝင်သော ဂလူးကို့စ် (Glucose) နှင့် ဖရုဗ်တို့စ် (Fructose) သကြားတွေဟာ သွေးထဲသို့မြန်မြန်ရောက်ပြီး အင်အားကိုဖြစ်စေသောကြောင့် ပင်ပင်ပန်းပန်း လှုပ်ရှားကစားပြီးသည့်အခါ လျင်မြန်စွာအားပြန်ဖြည့်ရန် အားကစားသမားများ စားသုံးကြသည့် အသီးလည်းဖြစ်ကြောင်း၊ ပိုတက်ဆီယမ် ကြွယ်ဝသောအသီးဖြစ်သည့်အတွက် တစ်နေ့တစ်လုံး မှန်မှန်စားသူများအတွက် ပိုတက်ဆီယမ် အလုံအလောက်ရရှိပြီး စားသုံးသူများအတွက် အကျိုးကျေးဇူးများစွာရရှိပါသည်။

နိုင်ငံတော်မှ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန်နှင့် နိုင်ငံခြားဝင်ငွေတိုးမြှင့်ရှာဖွေရန်အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာအရ ပို့ကုန်မြှင့်တင်မည့် ဦးစားပေးကဏ္ဍ (၇) ရပ်အဖြစ် ဆန်၊ ဆန်ထွက်ပစ္စည်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ ရေထွက်ကုန်ပစ္စည်း၊ အထည်အလိပ်နှင့် အဝတ်အထည်၊ သစ်နှင့် သစ်တောထွက်ပစ္စည်း၊ ခရီးသွားလုပ်ငန်း၊ ရော်ဘာတို့အပြင် ဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန်များကိုပါ ဦးစားပေးကဏ္ဍတွင် ထည့်သွင်းဆောင်ရွက်လျက်ရှိရာ သစ်သီးဝလံစိုက်ပျိုးမှုအား စနစ်တကျ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေသာမက ပြည်ပပို့ကုန်တိုးမြှင့်နိုင်ပြီး နိုင်ငံခြားဝင်ငွေ တိုးမြှင့်လာစေမည် ဖြစ်ပါသည်။

သစ်သီးဝလံများ၏ အာဟာရဓာတ်ပါဝင်မှုသည် လူတို့၏ ကျန်းမာရေးအတွက် များစွာအထောက်အကူပြုမှု၊ အသုံးဝင်မှုရှိနေသည့်အတွက် သစ်သီးအစိမ်းအတိုင်း စားသုံးနေမှုများအပြင် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် လည်းကောင်း၊ ဆေးဝါးဖော်စပ်ရာတွင် လည်းကောင်း၊ လူသုံးကုန်ပစ္စည်းများအသွင်အဖြစ် လည်းကောင်း၊ အလှကုန်ပစ္စည်းများအဖြစ် လည်းကောင်း ဖော်စပ်အသုံးဝင်မှုသည် ယခင်ကထက်တဖြည်းဖြည်း ပိုမို၍စိတ်ဝင်တစား သုံးစွဲလာခြင်းဖြစ်သည့်အတွက် နိုင်ငံတကာတွင်လည်း ဈေးကွက်လိုအပ်ချက်များစွာရှိသည့်အပြင် သစ်သီးဝလံများမှ ရရှိနိုင်သောကောင်းကျိုးများပေးစွမ်းနိုင်မှုနှင့် စားသုံးသူများ၊သုံးစွဲသူများ၏ အသိပညာဗဟုသုတများလည်း တိုးမြှင့်လာပါသည်။ ထို့ကြောင့် အရည်အသွေးစံချိန်စံညွှန်းပြည့်မီသော အမျိုးအစားများအား နှစ်စဉ်ပိုမိုတိုးမြှင့်ထုတ်လုပ်ရန်လည်း လိုအပ်လာကြောင်း တွေ့ရှိရပါသည်။

ကမ္ဘာ့ငှက်ပျောထုတ်လုပ်မှုစာရင်းများကိုလေ့လာကြည့်ရာတွင် အိန္ဒိယနိုင်ငံသည် Top Banana Producing Country in the World 2016 အရ တန်ချိန် ၂၇သန်းကျော်ဖြင့် အများဆုံးထုတ်လုပ်မှုရှိနေပြီး ဒုတိယထုတ်လုပ်မှုအများဆုံးမှာ တရုတ်နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံ၏ ငှက်ပျောထုတ်လုပ်မှုမှာ တန်ချိန် ၁၂ သန်းကျော်ဖြစ်၍ ဖိလစ်ပိုင်နိုင်ငံသည် တတိယအများဆုံးအဖြစ် တန်ချိန် ရှစ်သန်းကျော် ထုတ်လုပ်နေကာ ဘရာဇီးနိုင်ငံသည် စတုတ္ထအများဆုံး ထုတ်လုပ်သည့်နိုင်ငံအဖြစ် တန်ချိန်ခြောက်သန်းကျော်ထုတ်လုပ်နေကြောင်း သိရသည်။ အီကွေဒေါနိုင်ငံသည် ပဉ္စမအများဆုံး ထုတ်လုပ်နေပြီး တန်ချိန် ငါးသန်းကျော်ထုတ်လုပ်ကြောင်း သိရှိရပါသည်။

ငှက်ပျောတင်ပို့မှုစာရင်းကိုလေ့လာကြည့်ရာတွင် The highest banana exporting country 2014 အရ အီကွေဒေါနိုင်ငံသည် တန်ဖိုးအားဖြင့် ကမ္ဘာပေါ်တွင် အမြင့်ဆုံးရရှိနေပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ ဖြစ်ပါသည်။ ဘယ်လ်ဂျီယံနိုင်ငံသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံရရှိနေပြီး ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံရရှိနေကြောင်း သိရသည်။ ကော်စတာရီကာနိုင်ငံသည် အမေရိကန်ဒေါ်လာ ၉၀၇ ဒသမ ၇ မီလီယံဖြစ်ပါသည်။ ကိုလံဘီယာနိုင်ငံသည် အမေရိကန်ဒေါ်လာ ၈၃၅ ဒသမ ၅ မီလီယံရရှိနေကြောင်း သိရသည်။ ဂွါတီမာလာနိုင်ငံ သည် အမေရိကန်ဒေါ်လာ ၇၂၁ ဒသမ ၄ မီလီယံရရှိပြီး အမေရိကန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၄၇၀ ဒသမ ၂ မီလီယံရရှိနေသည်။ ဂျာမနီနိုင်ငံသည် အမေရိကန်ဒေါ်လာ ၃၆၇ မီလီယံရရှိနေပြီး Dominican Republic နိုင်ငံသည် အမေရိကန်ဒေါ်လာ ၃၃၁ ဒသမ ၆ မီလီယံရရှိ၍ နယ်သာလန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၂၃၅ ဒသမ ၆ မီလီယံရရှိနေကြောင်း သိရသည်။

ကမ္ဘာတွင် ငှက်ပျောတင်သွင်းမှုတန်ဖိုးများကို လေ့လာကြည့်ရာဝင်ငွေအများဆုံးရရှိသောနိုင်ငံမှာ အမေရိကန်နိုင်ငံဖြစ်၍ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံရရှိခဲ့ပြီး ဒုတိယ အများဆုံးအဖြစ် ဘယ်လ်ဂျီယံနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံရရှိခဲ့ပါသည်။ တတိယအများဆုံးအဖြစ် ရုရှားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၉၉၉ ဒသမ ၂ မီလီယံရရှိခဲ့ပြီး ဂျာမနီနိုင်ငံသည် အမေရိကန်ဒေါ်လာ ၉၉၂ ဒသမ ၃ မီလီယံရရှိခဲ့ကြောင်း တွေ့ရပါသည်။ ဂျပန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၉၂၃ ဒသမ ၅ မီလီယံရခဲ့ကာ အင်္ဂလန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၈၃၁ ဒသမ ၄ မီလီယံ ရရှိခဲ့ပါသည်။

စာမျက်နှာ ၁၅ သို့

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

ရွှေ့ပြောင်းအလုပ်သမား ၂၀ ရာခိုင်နှုန်းအများဆုံးခန့်ထားခွင့် သတ်မှတ်ချက်အပေါ် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များစိတ်မသက်မသာဖြစ်လျက်ရှိခြင်း

စီးပွားရေးလုပ်ငန်းများအနေဖြင့် စုစုပေါင်းလုပ်သားဦးရေ၏အမြင့်ဆုံး ၂၀ ရာခိုင်နှုန်းသာ ရွှေ့ပြောင်းအလုပ်သမားခန့်ထားရမည်ဟုပြဋ္ဌာန်းခဲ့သည့်နိုင်ငံခြားအလုပ်သမားဥပဒေအသစ်အပေါ် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအတွက် စိတ်မသက်သာစရာဖြစ်စေသည်။ ယင်းဥပဒေအသစ်ကြောင့် ပြည်တွင်းအလုပ်သမားမလုံလောက်မှုပြဿနာကို ဖြစ်ပေါ်စေပြီး အထူးသဖြင့် SMEs လုပ်ငန်းများကို ထိခိုက်မည်ဖြစ်သည်။ စုစုပေါင်းလုပ်သားဦးရေ၏ အများဆုံး ၂၀ ရာခိုင်နှုန်းသာ ရွှေ့ပြောင်းအလုပ်သမားများကို ခန့်ထားနိုင်သည်ဟု ကန့်သတ်ထားသည့် ဥပဒေအသစ်သည် ၂၀၁၈ ခုနှစ် ဇူလိုင်လမှစတင်၍ အကျိုးသက်ရောက်မည်ဖြစ်သည်။ ယင်းကဲ့သို့ နိုင်ငံခြားသားအလုပ်သမားကန့်သတ်ချက်သည် လက်မှတ်ရေးထိုးထားသည့် ထိုင်းအစိုးရ၏နားလည်မှုစာချွန်လွှာနှင့်အညီဖြစ်ပြီး ထိုင်းနိုင်ငံသို့နည်းလမ်းအမျိုးမျိုးဖြင့် ဝင်ရောက်လာသည့်ရွှေ့ပြောင်းလုပ်သားအားလုံးအတွက်အကျုံးဝင်ကြောင်းသိရှိရသည်။

ထိုင်းနိုင်ငံ၌ လွန်ခဲ့သည့်နှစ်များစွာကတည်းက အလုပ်သမားလိုအပ်ချက်ပြဿနာဖြင့် ကြုံတွေ့နေရသည့်အခြေအနေတစ်ခုတွင် စီးပွားရေးလုပ်ငန်းများ၏ရွှေ့ပြောင်းအလုပ်သမားခန့်ထားရေးကိုကန့်သတ်သည့် ဥပဒေထုတ်ပြန်ခဲ့ခြင်းအတွက် နားမလည်နိုင်အောင်ဖြစ်ရကြောင်း၊ အရည်အသွေးမပြည့်မီသော ရွှေ့ပြောင်းအလုပ်သမားများသည် ထိုင်းနိုင်ငံ၏စီးပွားရေးကိုများစွာ အထောက်အကူပြုနေကြောင်း၊ ထိုင်းနိုင်ငံတစ်ဝန်းလုံးတွင် အလုပ်သမားလို အပ်ချက်ပြဿနာကို ကျယ်ကျယ်ပြန့်ပြန့်ခံစားနေကြရသဖြင့် ထိုင်းလုပ်ငန်းရှင်များအနေဖြင့် အိမ်နီးချင်းနိုင်ငံများမှ ရွှေ့ပြောင်းအလုပ်သမားများကို မှီခိုနေရကြောင်း၊ ထိုင်းနိုင်ငံတွင် SMEs စုစုပေါင်းသုံးသန်းရှိ၍ ပြည်တွင်းစီးပွားရေးလုပ်ငန်းစုစုပေါင်း၏ ၉၉ ဒသမ ၇ ရာခိုင်နှုန်းရှိသည့်အပြင် လူဦးရေ ၁၁ သန်းအတွက် အလုပ်အကိုင်များကို ဖန်တီးပေးထားကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားအသုံးပြုမှုကန့်သတ်ချက်သည် SMEs လုပ်ငန်းများကို အထိနာစေမည်ဖြစ်ကြောင်း၊ ထိုင်း SMEs လုပ်ငန်းများ၏တရားဝင်နှင့် တရားမဝင်နိုင်ငံခြားသားအလုပ်သမားခန့်ထားမှုသည် စုစုပေါင်း ၁၀ သန်းရှိမည်ဟုခန့်မှန်းကြောင်း၊ အစောင့်၊ သန့်ရှင်းရေး၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းများအတွက် ထိုင်းအလုပ်သမားရရှိရေးသည် အလွန်ခက်ခဲပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားခန့်ထားခွင့် ၂၀ ရာခိုင်နှုန်းကန့်သတ်ချက်သည်ပြည်တွင်း SMEs များအတွက် ကြီးမားသော အခက်အခဲတစ်ခုဖြစ်သည့်အပြင် SMEs ကဏ္ဍာတစ်ခုလုံးအတွက်လည်း မဖြစ်နိုင်သည့် ကန့်သတ်ချက်တစ်ခုဖြစ်ကြောင်း FTI (Federation of Thai Industries) ဥက္ကဋ္ဌ Mr. Supant Mongkolsuthree ကပြောကြားခဲ့သည်။

ထိုင်းနိုင်ငံရှိအကြီးစားလုပ်ငန်းများ၏ရွှေ့ပြောင်းအလုပ်သမားခန့်ထားမှုစုစုပေါင်းသည် သုံး- လေးသန်းခန့်သာရှိသည့်အပြင် အလိုအလျောက်ကုန်ထုတ်လုပ်မှုနှင့်စက်ရုပ်နည်းပညာအသုံးပြုသူများအတွက် နောက်ထပ်ရင်းနှီးမြှုပ်နှံနိုင်ကြသဖြင့် ရွှေ့ပြောင်းအလုပ်သမားကန့်သတ်ချက်သည် အကြီးစားလုပ်ငန်းကဏ္ဍအပေါ်တွင် အနည်းငယ်သာထိခိုက်မည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းအလုပ်သမား ၂၀ ရာခိုင်နှုန်း ကန့်သတ်ချက်ကို ပြန်လည်စဉ်းစားရန်နှင့် ရွှေ့ပြောင်းအလုပ်သမား ၂၀ ရာခိုင်နှုန်းခန့်ထားခွင့်ပြုသော ယေဘုယျကန့်သတ်ချက်အား လုပ်ငန်းအမျိုးအစားသို့မဟုတ် အလုပ်အကိုင်အမျိုးအစားဖြင့် အစားထိုးပြင်ဆင်ပေးရန်အတွက် FTI ကတင်ပြထားကြောင်း Mr. Supant ကဆက်လက်ပြောကြားခဲ့သည်။

ထိုင်းအစိုးရ၏ပြောင်းရွှေ့အလုပ်သမားကန့်သတ်ချက်သည် အသက်ဝင်လာပါက ဟိုတယ်လုပ်ငန်းကိုလည်းထိခိုက်မည်ဖြစ်ရာ အထူးသဖြင့်နိုင်ငံခြားသားအလုပ်သမားများစွာကို ခန့်ထားနေရသည့်နယ်စပ်ဒေသရှိဟိုတယ်များအပါအဝင် အသေးစားနှင့်အမှီအခိုကင်းသည့်ဟိုတယ်များကို အထိနာစေပြီး ထိုင်းအလုပ်သမားအများစုကို ခန့်အပ်ထားသည့်ကြယ်ငါးပွင့်အဆင့် ဟိုတယ်ကြီးများအပေါ် မထိခိုက်နိုင်ကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားအများစုအပေါ် မှီခိုနေရသည့်စားသောက်ဆိုင်များနှင့် စားသောက်ကုန်ရောင်းချသည့်စတိုးဆိုင်များကိုလည်း ထိခိုက်မည်ဖြစ်ကြောင်း၊ စားသောက်ဆိုင်များအနေဖြင့် နိုင်ငံခြားသား အလုပ်သမားကန့်သတ်ချက်နှင့်အညီ နိုင်ငံခြားအလုပ်သမားအရေအတွက်ကို လျှော့ချရမည်ဆိုပါက ဆိုင်၏ဝန်ဆောင်မှုအဆင့် အတန်းသည် ကျဆင်းသွားမည်ဖြစ်ကြောင်း၊ THA (Thai Hotels Association)သည် ရွှေ့ပြောင်းအလုပ်သမားခန့်ထားရေးကို ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းသို့တိုးမြှင့်ပေးရန်ထိုင်းအစိုးရသို့မကြာမီတင်ပြသွားမည်ဖြစ်ကြောင်း THA ဥက္ကဋ္ဌ Mr. Supawan Tanomkieatipume က ပြောကြားခဲ့သည်။

ကျော်သူရ၊ စီးပွားရေးသံမှူး
မြန်မာသံရုံး၊ ဗန်ကောက်မြို့

ဂျပန် JBIC ဘဏ်သည် အမြန်ရထားလမ်းစီမံကိန်းများအတွက် အတိုးနှုန်းသက်သာသော ချေးငွေထောက်ပံ့ပေးမည်

ဂျပန်နိုင်ငံရှိ JBIC ဘဏ် (Japan Bank for International Cooperation) သည် ထိုင်းအစိုးရ၏ အဓိကလေဆိပ်ကြီး သုံးခုကိုချိတ်ဆက်မည့်အမြန်ရထားလမ်း စီမံကိန်းနှင့် ထိုင်းအစိုးရမှ ဦးစားပေး အကောင်အထည်ဖော်လျက်ရှိသည့် အရှေ့ပိုင်းစီးပွားရေးစကြံ၌တည်ဆောက်မည့် အခြားသောအခြေခံအဆောက်အဦစီမံကိန်းများအတွက် အတိုးနှုန်းသက်သာသော ချေးငွေများထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရှိရ သည်။

JBIC ဘဏ်၏ အမှုဆောင်အရာရှိချုပ် Mr. Tadashi Maeda သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးပရာယုဒ်ကျန်အိုကျာနှင့်ဒုတိယဝန်ကြီးချုပ် Mr. Somkid Jatusripitak တို့အား ၂၀၁၈ ခုနှစ် မေ ၃ ရက်တွင် တွေ့ဆုံခဲ့သည်။ ဂျပန် JBIC ဘဏ်သည်ထိုင်းနိုင်ငံ၏ အဓိကလေဆိပ်သုံးခုဖြစ်သော ဒွန်မောင်း၊ သုဝဏ္ဏဘူမိနှင့် ဥတပေါင်လေဆိပ်တို့ကို ချိတ်ဆက်ဖောက်လုပ်မည့် အမြန်ရထားလမ်းများ ဖွံ့ဖြိုးရေးအတွက် အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်ရှိကြောင်း ဒုတိယဝန်ကြီးချုပ် Mr. Somkid ကပြောကြားခဲ့ပါ သည်။

လေဆိပ်သုံးခုကိုချိတ်ဆက် ဖောက်လုပ်မည့် အမြန်ရထားလမ်း စီမံကိန်းများအား အစိုးရ-ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (Private Public Partnership - PPP) ဖြင့် အကောင်အထည်ဖော်မည်ဖြစ်သည်။ အဆိုပါရထားလမ်းများအတွက် စုစုပေါင်းကုန်ကျစရိတ်မှာ ဘတ် ၂၂၄ ဒသမ ၅၄ ဘီလီယံရှိပြီး BOT စနစ် ဖြင့် နှစ် ၅၀ လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်သည်။ ရထားလမ်းစီမံကိန်း လေလံအစီအစဉ်များကို ယခုလအတွင်း စတင်ဆောင်ရွက် ၍ ပုဂ္ဂလိကကုမ္ပဏီများမှ တင်ပြလာသည့် စီမံကိန်းအဆိုပြုချက်များအပေါ် ပဏာမစစ်ချက်ကို လေးလအတွင်း ဆောင်ရွက်မည် ဖြစ်သည်။ ထို့နောက် စီမံကိန်းလေလံအောင်မြင်သည့်ကုမ္ပဏီကို ယခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ရန် ရှိပါသည်။

ကျော်သူရ၊ စီးပွားရေးသံမှူး
မြန်မာသံရုံး၊ ဗန်ကောက်မြို့

ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့မှ smart banking ကို မြှင့်တင်ရန် ငွေချေးငှားခြင်း စည်းမျဉ်းစည်းကမ်းများအား ဖြေလျှော့

အွန်လိုင်းမှသော်လည်းကောင်း၊ မိုဘိုင်းဖုန်းမှသော်လည်းကောင်း personal loans လျှောက်ထားခြင်းကို ဝင် ငွေနှင့်လိပ်စာအထောက်အထားပေးရန် မလိုအပ်ဘဲလက်ခံရန် ဘဏ်များအား ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့ မှ ခွင့်ပြုခဲ့သည်။ ထိုသို့ဖြေလျှော့ရခြင်းမှာ ဒေသတွင်းဘဏ်များ ဘဏ္ဍာရေးနည်း ပညာအသုံးပြုမှု မြင့်တက်လာစေရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း သိရှိရပါသည်။ လက်ရှိအချိန်ထိ personal loans အားလုံး အတွက် ဝင်ငွေနှင့် နေရပ်လိပ်စာ အထောက်အထားတင်ပြရန်လိုအပ်ပြီး ယခုအခါတွင် ဆန်းသစ်တီထွင်မှု နည်းပညာဖြင့် ချေးငွေဆုံးရှုံးနိုင်မှုအန္တရာယ် စီမံခန့်ခွဲခြင်း နည်းပညာသစ်အား အစား ထိုး အသုံးပြုသွားမည်ဖြစ်သည်။

ညွှန်ကြားချက်အသစ်တွင် ဘဏ် များအနေဖြင့် ချေးငွေဆုံးရှုံးနိုင်မှုအန္တရာယ်အား အကဲဖြတ်ရန် သတင်းအချက်အလက်များ စတင်စုဆောင်းနိုင်ကြောင်း၊ သမားရိုးကျချေးငွေပမာဏထက်နည်းရန်လိုအပ်ကြောင်း၊ ချေးငွေပမာဏအား လက်ရှိဘဏ်များ၏ ချေးငွေအဆင့်ပေါ်မူတည်၍ ဘဏ်များနှင့် ညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း ငွေချေးယူသူတွင်ရှိသော ငွေအရင်းအနှီးပမာဏ၏ ၁၀ရာခိုင်နှုန်း ထက်ပို၍ ချေးငှားခွင့်မပြုကြောင်း ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့မှ ပြောကြားခဲ့ပါသည်။

အစီအစဉ်သစ်အား တစ်ဦးချင်းအတွက်သာမက တည်ထောင်စလုပ်ငန်းများကိုလည်း ခွင့်ပြုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း အပေါင်စာချုပ်ဖြင့် ချေးငှားခြင်းအား ခွင့်ပြုမည်မဟုတ်ကြောင်း သိရှိရပါသည်။ အဆိုပါ အစီအစဉ်သစ်အား တရုတ်ဘဏ် (ဟောင်ကောင်)မှ ကြိုဆိုကြောင်း ဘဏ်များ၏ဝန်ဆောင်မှုအား မြှင့်တင်နိုင်၍ လျှော့ထားချိန်ကာလမြန်ဆန်ပြီး စာရွက်စာတမ်းလိုအပ်ချက် လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါ သည်။

ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟောင်ကောင်မြို့

ကြံစိုက်တောင်သူများအတွက် အိန္ဒိယအစိုးရက ထောက်ပံ့ကြေးများ စီစဉ်ပေးနေသော်လည်း ပြည်တွင်းသကြားလုပ်ငန်း အလားအလာမှာ ဆက်လက်အားနည်းနေဆဲဖြစ်

အိန္ဒိယအစိုးရက လတ်တလော စတင်ဖော်ဆောင်နေသည့် ကြံထောက်ပံ့ကြေးသည် သကြားစက်များ၏ လုပ်ငန်းလည်ပတ်မှုအတွက် အမြတ်အစွန်းအနည်းငယ် တိုးတက်လာနိုင်သည့်တိုင် ပြည်တွင်းသကြားလုပ်ငန်းကဏ္ဍတစ်ခုလုံး၏ အလားအလာမှာ ဆက်လက်အားနည်းနေဆဲဖြစ်သည်ဟု Icra ၏ အစီရင်ခံစာတစ်စောင်၌ သုံးသပ်ဖော်ပြထားပါသည်။

အစိုးရ၏ ကြံထောက်ပံ့ကြေးကြောင့် သကြားစက်လုပ်ငန်းရှင်များအနေဖြင့် တောင်သူများသို့ ကြံဖိုးပေးရန်ငွေအတွက် ကုန်ကျစရိတ်လျော့နည်းလာပြီး သကြားတစ်တန်လျှင် ရူပီး ၅၀၀ ဝန်းကျင်ခန့် အမြတ်အစွန်းပိုရလာနိုင်ဖွယ်ရှိကြောင်း၊ သို့ရာတွင် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းလည်ပတ်အမြတ်ငွေ တိုးလာသော်ငြားလည်း သကြားကဏ္ဍတစ်ခုလုံးအနေဖြင့် အမြတ်အစွန်းရရှိမှု အလားအလာမှာ ဆက်လက်အားနည်းနေကြောင်း၊ အကောင်းဘက်မှကြည့်ပါက ပို့ကုန်တင်ပို့မှုမြှင့်တင်ရန်အတွက် ရည်ရွယ်၍ ကြံထုတ်လုပ်မှုကိုလိုက်၍ ထောက်ပံ့ကြေးပေးနေခြင်းဖြစ်ရာ သကြားပိုလျှံမှုကြောင့် ဖိအားများနှင့် ရင်ဆိုင်နေရသည့် ပြည်တွင်းသကြားလုပ်ငန်းများအတွက် အနေအထားတစ်ခုအထိ ကောင်းမွန်တိုးတက်လာနိုင်ဖွယ်ရှိသည်ဟု မျှော်မှန်းထားကြောင်း သိရှိရသည်။

ပြည်တွင်း၌ သကြားထုတ်လုပ်မှုပမာဏမှာ စံချိန်တင်ထွက်ရှိမည်ဟု ခန့်မှန်းထားသည့်အတွက် အိန္ဒိယအစိုးရသည် ကြံစိုက်တောင်သူများအား ကြံတစ်တန်လျှင် ၅၅ ရူပီးခန့် ထောက်ပံ့ပေးနေရာ ထောက်ပံ့ကြေးငွေပမာဏ စုစုပေါင်းရူပီး ၁၅၄၀ ကုဋေဝန်းကျင်ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

အိန္ဒိယ၌ အစိုးရက တင်ပို့ခွင့်ပြုထားသည့် သကြားတန်ချိန်နှစ်သန်းတင်ပို့ပြီးသည့်တိုင်အောင် ပြည်တွင်းတွင် သကြားတန်ချိန် ၂ ဒသမ ၅၃ သန်း၀န်းကျင်ခန့် ပိုနေသေးမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ Minimum Indicative Export Quota (MIEQ) အား အောင်မြင်စွာအကောင်အထည်ဖော်ခြင်းအားဖြင့် သကြားစျေးနှုန်းများ ပိုမိုကောင်းမွန်လာနိုင်ပြီး လက်ရှိအနေအထားထက် သိသိသာသာ တိုးတက်ကောင်းမွန်လာစေနိုင်သည့်မည်သည့်မူဝါဒတစ်ခုခုကိုမဆို ချမှတ်ဖော်ဆောင်သင့်သည်ဟု Icra ၏ ဒုတိယဥက္ကဋ္ဌက သုံးသပ်ပြောကြားထားကြောင်း သိရှိရပါသည်။

ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့

(ယခင်တစ်ပတ်မှ အဆက်)

(ခ) အခြောက်ခံခြင်း

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်းပင် အခြောက်ခံခြင်းလုပ်ငန်းမှာ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုလုံးတွင် အရေးကြီးဆုံးပင် ဖြစ်ပါသည်။ ဖာလာစေ့များကို အနှံ့၊ အရသာဆုံးရှုံးမှု မဖြစ်စေရန် ခူးဆွတ်ပြီး အမြန်ဆုံး အခြောက်ခံရန် လိုအပ်ပါသည်။ ခူးဆွတ်ပြီးဖာလာသီးများတွင် အစိုဓာတ်ပါဝင်မှုမှာ ၈၅ ရာခိုင်နှုန်းဖြစ်ပြီး ဖာလာများကို သိုလှောင်ရန်နှင့် စျေးကွက်တွင် ရောင်းချရန် အစိုဓာတ်ပါဝင်မှုအား ၁၀-၁၁ ရာခိုင်နှုန်းအထိ လျှော့ချရန် လိုအပ်ပါသည်။ အခြောက်ခံရာတွင် အသင့်တော်ဆုံး အပူချိန် 45˚C မှ 55˚C အတွင်းဖြစ်ပါသည်။ အကယ်၍ ထိုအပူချိန်ထက်ကျော်လွန်ပါက အရောင်၊အနံ့နှင့် အရသာကို ထိခိုက်မှုရှိစေပါသည်။ လက်ရှိ အခြေအနေတွင် တောင်သူအများစုမှာ လွယ်ကူသော နည်းလမ်းဖြစ်သည့် ထင်းမီးဖြင့်သာ အခြောက်ခံကြသည့်အတွက် ဖာလာများမှာ မီးခိုးနံ့များ စွဲကပ်ပြီး အနံ့အရသာ ပျက်စီးစေပါသည်။ ထို့ကြောင့် တောင်သူများအနေဖြင့်လည်း ထွက်ရှိသည့် ဖာလာများ အရည်အသွေးကောင်းစေရန်မှာ အခြောက်ခံသည့် နည်းပညာများကို ပြောင်းလဲအသုံးပြုကြရမည်ဖြစ်ပါသည်။

(ဂ) ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်း

ဖာလာများကို အခြောက်ခံပြီးပါက စနစ်တကျ ထုပ်ပိုးရန်လည်း အရေးကြီးပါသည်။ ဖာလာများကို ထုပ်ပိုးရာတွင် အများအားဖြင့် Polythene ပါသော ဂုန်နီအိတ်များကို အသုံးပြုသင့်ပါသည်။ Polythene သည် ဖာလာ၏အစိုဓာတ်နှင့် ဖာလာစေ့အတွင်း ပါဝင်သော အငွေ့ပျံလွယ်သော အဆီပြောင်းလဲမှုကို လျော့ကျစေပါသည်။ Dryer အတွင်းမှထုတ်ထားသော ဖာလာများကို ချက်ချင်းအိတ်ထဲသို့ မထည့်ဘဲ အေးသွားမှ ထုပ်ပိုးသင့်ပါသည်။ ဖာလာများကို အိတ်များအတွင်းထည့်ပြီးပါက လုံခြုံစွာစည်းနှောင်ပြီး သစ်သားစင်များပေါ်တွင် အပြင်မှ အစိုဓာတ်များမဝင်စေရန် သေချာစွာထားသိုရပါမည်။ အစိုဓာတ်များ ဝင်ရောက်ပါက ဖာလာစေ့များ မှိုတက်နိုင်ပါသည်။ ဖာလာစေ့များ၏ အစိုဓာတ်မှာ ၁၁ ရာခိုင်နှုန်း၌ ရှိနေရမည်ဖြစ်ပါသည်။ သိုလှောင်ထားစဉ်အတွင်း ပိုးမွှားများ၏ ဖျက်ဆီးမှုနှင့် အလေးချိန်လျော့ကျခြင်းများလည်း ဖြစ်ပေါ်နိုင်ပါသည်။

အစိုဓာတ် ၁၃ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအတွင်းရှိနေပါက ပိုးမွှားများ ပေါက်ဖွားနိုင်ခြင်း၊ မှိုတက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် သိုလှောင်ထားစဉ် ပြင်ပမှအစိုဓာတ်များ မဝင်ရောက်စေရန် အထူးဂရုစိုက်ရမည်ဖြစ်ပါသည်။ သိုလှောင်ထားသော ဖာလာများပျက်စီးမှု၊ အစိုဓာတ် လက္ခဏာများအား ပုံမှန်စစ်ဆေးပေးသင့်ပါသည်။ အစိုဓာတ်ရှိနေသေးသည်ဟု သိရှိရပါက အစိုဓာတ် ၁၁ ရာခိုင်နှုန်းရောက်သည်အထိ ပြန်လည်အခြောက်ခံရပေမည်။ ၎င်းအပြင် ဖာလာအိတ်များကို ကာရံထားသော အဆောက်အအုံများထဲ၌သာ သိုလှောင်သင့်ပါသည်။ သိုလှောင်သည့် အခန်းများသည် သန့်ရှင်းခြောက်သွေ့ကာ ပိုးမွှားများကင်းစင်ပြီး အခန်းအတွင်းသို့ အင်းဆက်များ၊ ပိုးမွှားများ မဝင်ရောက်စေရန် ပြတင်းပေါက်များတွင် ခြင်လုံသံဇကာများ တပ်ဆင်သင့်ပါသည်။ ခြောက်သွေ့ရာသီတွင် လေဝင်လေထွက်ကောင်းအောင် ပြုလုပ်ပေးရပြီး စိုစွတ်သော ရာသီတွင် လုံအောင် ပိတ်ထားရပေမည်။ အနံ့ပြင်းသော စားသောက်ကုန်များ၊ ချွတ်ဆေးများနှင့် အိမ်သုတ်ဆေးများကို ဖာလာများနှင့်အတူ မသိုလှောင်သင့်ပါ။ အဆိုပါ ပစ္စည်းများသည် ဖာလာ၏ သင်းပျံ့သောရနံ့နှင့် အရသာကို ပျက်စီးစေနိုင်ပါသည်။ ဖာလာအိတ်များကို သယ်ယူပို့ဆောင်ရာတွင် မိုးရေမစိုစေရန် နေအပူ(သို့)လွန်ကဲသော အပူများနှင့် မထိတွေ့ရန်၊ ပြင်းသောအနံ့များ မဝင်ရောက်စေရန်နှင့် အခြားသော

ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့

အောင်ဆန်းလင်း (DOCA)

အညစ်အကြေး၊ အမှိုက်များဝင်ရောက်မှု မရှိစေရန်လည်း အထူးဂရုစိုက်ရမည်ဖြစ်ပါသည်။ ထို့ပြင် သိုလှောင်နေစဉ် ဖာလာများ၌ ပိုးမွှားများမကျရောက်နိုင်ရန် methyl bromide(0.016 kg/m3)?phosphine (0.0015 kg/m3) နှင့် ethyl formate (0.3 kg/m3) တို့ကို အသုံးပြုနိုင်ပြီး ဖာလာ၏ အရည်အသွေးကို ထိခိုက်မှုမရှိနိုင်ကြောင်း Central Food Technological Research in Mystore က အကြံပြုထားသည်ကို လေ့လာသိရှိရပါသည်။

ချဉ်ပေါင်ဖာလာ အရည်အသွေးတိုးတက်စေရေး

ချဉ်ပေါင်ဖာလာစိုက်တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ ရင်ဆိုင်နေရသော ချဉ်ပေါင်ဖာလာ အရည်အသွေး ကျဆင်းမှုနှင့် စျေးကွက်စျေးနှုန်း တိုးတက်စေရန်မှာ အထက်တွင်ဖော်ပြထားသော ခူးဆွတ်ရိတ်သိမ်းချိန်လွန် လုပ်ငန်းစဉ်များကို တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ စနစ်တကျ ပူးပေါင်းလုပ်ဆောင်ကြရန် အရေးကြီးသကဲ့သို့ အစိုးရဌာနများဘက်မှလည်း စိုက်ပျိုးစနစ်များ၊ မျိုးကောင်းမျိုးသန့်များ ရရှိစိုက်ပျိုးနိုင်ရေး ပံ့ပိုးဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ထို့ပြင် ထုတ်လုပ်မှုနည်းပညာကောင်းများ (ဥပမာ- အခြောက်ခံနည်းစနစ်များ၊ ထုပ်ပိုးမှုများ)ကို တောင်သူများ လက်ဝယ်ဆောင်ရွက်နိုင်ရေးနှင့် နည်းပညာအကူအညီများ အသုံးပြုခံစားနိုင်စေရန် တောင်သူများ၊ ကုန်သည်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အစိုးရဌာနများပူးပေါင်းကာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များမှလည်း တွေ့ကြုံနေရသော အခက်အခဲများ၊ နည်းပညာသစ်များကို မျှဝေရန် အသင်းအဖွဲ့များ၊ အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ပါသည်။ လေ့လာမှုများအရ တရုတ်နိုင်ငံတွင် ချဉ်ပေါင်ဖာလာများ စိုက်ပျိုးသော်လည်း မြန်မာနိုင်ငံမှ ဖာလာများဝယ်ယူသကဲ့သို့ လာအိုနှင့်ဗီယက်နမ်နိုင်ငံတို့မှလည်း ဖာလာများဝယ်ယူကာ ဥရောပနှင့် အမေရိကန်နိုင်ငံများသို့ ယူနန်ဖာလာအဖြစ် ပြန်လည်တင်ပို့လျက်ရှိနေသည်ကို သိရှိရပါသည်။ ထို့ကြောင့် ဒေသခံတောင်သူများနှင့် နိုင်ငံတော်အကျိုးအတွက် ကောင်းမွန်သော စျေးကွက်စျေးနှုန်းများရရှိစေရန် ဒေသဆိုင်ရာ ကုန်ပစ္စည်းမူပိုင်ခွင့် (GI) ရရှိရန် ဆောင်ရွက်သင့်ပါသည်။ သို့မှသာ မိမိတို့နိုင်ငံမှထွက်ရှိသော ဖာလာများမှာ ပြည်ပစျေးကွက်ပိုမိုရရှိကာ စျေးကောင်းများရရှိမည် ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံဖာလာသုတေသနအဖွဲ့အစည်း (Indian Cardamon Research Institute) ကို Sikkim တွင် Spice Board အဖွဲ့က ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အိန္ဒိယနိုင်ငံ၏ Depeartment of Commerce အောက်တွင်ရှိသော Export and Development Fund မှ တောင်သူများ အဆင့်မြင့် အခြောက်ခံစနစ်များ အသုံးပြုနိုင်ရန်အတွက် ရန်ပုံငွေများနှင့် နည်းပညာများ ထောက်ပံ့ပေးလျက်ရှိသည်ကို လေ့လာသိရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၌လည်း အလားတူ ကူညီထောက်ပံ့မှုများ ဆောင်ရွက်သင့်ပါသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၏ Prevention of Food Adulteration Act of 1954 အရ Bureau of Indian Standards(BIS 1999) အဖွဲ့အစည်းမှ ဖာလာများ၏ အရည်အသွေးသတ်မှတ်ချက်ကို အောက်ပါအတိုင်း ထုတ်ပြန်ခဲ့ပါသည်။

ဖာလာစေ့(အနှံ)၏ အရည်အသွေးသတ်မှတ်ချက်များ

စဉ်	အရည်အသွေးသတ်မှတ်ချက်များ	လိုအပ်ချက်များ
၁	အနံ့နှင့်အရသာ	မှိုတက်ခြင်းနှင့် အချဉ်ပေါက်ခြင်းမရှိစေရ
၂	ပိုးမွှားပါဝင်မှု	၁၀ % ထက်မများစေရ
၃	အခြားသော ပစ္စည်းများပါဝင်မှု	အလေးချိန်အားဖြင့် ၅ % ထက်မများစေရ
၄	အဆန်မရှိ၊ လုံးပိန်လုံးညှပ်ပါဝင်မှု	အရေအတွက်အားဖြင့် ၅ % ထက်မကျော်ရ
၅	မရင့်မှည့်သော အစေ့များပါဝင်မှု	အရေအတွက်အားဖြင့် ၅ % ထက်မကျော်ရ
၆	ပေါ့ပါးသော အစေ့များပါဝင်မှု	အလေးချိန်အားဖြင့် ၅ % ထက်မများစေရ
၇	ပိုးမွှားများဖျက်ဆီးသော အစေ့များပါဝင်မှု	အလေးချိန်အားဖြင့် ၅ % ထက်မများစေရ
၈	အစို	၁၂ % ထက် မများစေရ
၉	အငွေ့ပျံလွယ်သော အဆီပါဝင်မှု (vliatile oil content)	၁ % ထက် မနည်းစေရ (ml/100 g)

သို့ဖြစ်၍ မြန်မာနိုင်ငံတွင်လည်း ထွက်ရှိမှုပမာဏ၊ ထွက်ရှိရာဒေသနှင့် ဖာလာအမျိုးအစားပေါ် မူတည်၍ ချဉ်ပေါင်ဖာလာအရည်အသွေးသတ်မှတ်ချက်များကို သတ်မှတ်သင့်ပါသည်။ သို့မှသာ ထွက်ရှိသည့် ဖာလာများ၏ အရည်အသွေးကောင်းစေရေး အထောက်အကူပြုမည်ဖြစ်ပါသည်။ ဖာလာပင်သည် နှစ်ရှည်သီးနှံပင်များ၊သဘာဝအပင်ကြီးများအကြားတွင် ရောနှောသီးနှံအဖြစ် စိုက်ပျိုးနိုင်ခြင်း၊ မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပြုနိုင်ခြင်းတို့ကြောင့် ၎င်းနှင့် ရေမြေရာသီဥတုကိုက်ညီသည့် မြန်မာနိုင်ငံဒေသ အနှံ့အပြားတွင် တိုးချဲ့စိုက်ပျိုးပြီး ထုတ်လုပ်မှုပမာဏ မြင့်မားလာအောင် ဆောင်ရွက်ရန်နှင့် အရည်အသွေးကောင်းစေရေး ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်ကြရမည့်အပြင် လက်ရှိရရှိနေသော စျေးကွက်သာမက အခြားသောစျေးကွက်များသို့ပါ ထိုးဖောက်နိုင်ရေးအတွက် စျေးကွက်ယှဉ်ပြိုင်နိုင်အောင် လုပ်ဆောင်ခြင်းဖြင့် တင်ပို့မှုပမာဏ တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

ဥရောပသမဂ္ဂနိုင်ငံများတွင် ကိန်းဂဏန်းသတင်းအချက်အလက်များ ကာကွယ်ထိန်းသိမ်းမှုဆိုင်ရာ စည်းမျဉ်းများနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်သွားမည်

ဥရောပသမဂ္ဂနိုင်ငံများတွင် ၂၀၁၈ ခုနှစ် မေလမှစတင်၍ အထွေထွေကိန်းဂဏန်းသတင်းအချက်အလက်များ ကာကွယ်ထိန်းသိမ်းမှုဆိုင်ရာ စည်းမျဉ်းကို ထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ပြီး အချို့သောကုမ္ပဏီများမှာ ၂၀၁၇ ခုနှစ် ပထမနှစ်ဝက်ကပင် အဆိုပါစည်းမျဉ်းအတွက် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်လျက်ရှိကြသည်။ ထို့ပြင် ၂၀၁၈ ခုနှစ် မေလအတွင်း၌ပင် ကွန်ရက်များနှင့် သတင်းအချက်အလက်စနစ်လုံခြုံစိတ်ချရမှုဆိုင်ရာ ညွှန်ကြားချက်ကိုလည်း ထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဥရောပသမဂ္ဂနိုင်ငံများမှ အလွန်အရေးပါသော ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းများ (အခြေခံအဆောက်အဦလုပ်ငန်းများ) နှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများ (search engine၊ cloud computing ဝန်ဆောင်မှုလုပ်ငန်းများနှင့် Online စျေးကွက်စသည်) သည် ညွှန်ကြားချက်အရ လုံခြုံစိတ်ချရမှုရှိစေရန်နှင့် သက်ဆိုင်ရာ နိုင်ငံ့အာဏာပိုင်များထံ သတင်းပေးပို့ရန်တို့အတွက် ဆောင်ရွက်ရန်လိုအပ်လာမည်ဖြစ်သည်။

အထွေထွေကိန်းဂဏန်းသတင်း အချက်အလက်များ ကာကွယ်ထိန်းသိမ်းမှုဆိုင်ရာစည်းမျဉ်းကို ထုတ်ပြန်ပြဋ္ဌာန်းပြီးပါက စည်းမျဉ်းကိုလိုက်နာမှုမရှိသော ကုမ္ပဏီများမှာ နောက်ဆက်တွဲ အကျိုးဆက်များကို သိသာထင်ရှားစွာ ခံစားရမည်ဖြစ်သည်။ ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိက Cyber security နှင့် Privacy ဆိုင်ရာ ခေါင်းဆောင်တစ်ဦးဖြစ်သူ Mr. Grant Waterfall က ပြောကြားရာတွင် ဥရောပသမဂ္ဂနိုင်ငံများတွင် အထွေထွေ ကိန်းဂဏန်းသတင်း အချက်အလက်များ ကာကွယ်ထိန်းသိမ်းမှုဆိုင်ရာစည်းမျဉ်းနှင့် ကွန်ရက်များနှင့် သတင်းအချက်အလက်စနစ် လုံခြုံစိတ်ချရမှုဆိုင်ရာ ညွှန်ကြားချက်တို့ကို ထုတ်ပြန်ဆောင်ရွက်ခြင်းဖြင့် ကိန်းဂဏန်းသတင်းအချက်အလက် နယ်ပယ်တွင် စီးပွားရေးလုပ်ငန်းများကို လိုက်နာဆောင်ရွက်စေပြီး အောင်မြင်မှုရရှိစေရန် ဆောင်ရွက်သွားသင့်ကြောင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များမှလည်း သက်ဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းပြီးဆက်သွယ်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။ **မျိုးမျိုးထိုက်(စားသုံးသူ)**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

အာခီတပေးတဲ့ သင်ခန်းစာ

ခင်စိုးစိုးလင်း (စီမံကိန်းနှင့် စာရင်းအင်းဌာန)

မြန်မာနိုင်ငံမှ လူငယ်များအတွက် ရည်ရွယ်တဲ့ Knowledge Co-Creation Program (Agri-Business/Agri-Ecotourism Course) တက်ရောက်ဖို့အတွက် ကျွန်မတို့အဖွဲ့ ၂၀၁၇ ခုနှစ် ဇူလိုင် ၁၇ ရက်မှာ ဂျပန်နိုင်ငံ တိုကျွိမြို့ကိုရောက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ခုနစ်ယောက်၊ စက်မှုကြီးကြပ်က သုံးယောက်၊ UMFCCI က နှစ်ယောက်၊ ကျွန်မတို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကသုံးယောက် စုစုပေါင်း ၁၅ ယောက်ပါ။ တိုကျွိမှာ တစ်ရက်နေပြီး ဆန်းဘိုခုမြို့ အာခီတခရိုင်မှာ ၁၆ ရက်တာလေ့လာခဲ့ရပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံမှာ ကျွန်မတို့ လေ့လာအတုယူ သင်ကြားစရာတွေ အများကြီးပါပဲ။ ဆန်းဘိုခုမြို့က လှပတဲ့ ရှုခင်းတွေ အပြင် စိုက်ပျိုးရေးကြောင့်လည်း နာမည်ကျော်ကြားပါတယ်။ အခီကစိုက်ပျိုးတာကတော့ ဆန်ဖြစ်ပြီး ဒေသထွက်စပါးကို Brand တစ်ခုအဖြစ် ရောင်းနိုင်ဖို့ကြိုးပမ်းခဲ့ကြတယ်လို့ သိရှိခဲ့ရပါတယ်။ အာခီတခုမခ်ိဆန်က ဂျပန်နိုင်ငံမှာသာမက ကမ္ဘာတစ်ဝန်းမှာပါ အရောင်းရဆုံးဆန်ဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍအတွက် ဂျပန်နိုင်ငံ အစိုးရက နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့တွေ၊ ချေးငွေတွေ၊ စက်ယန္တရားတွေ ထောက်ပံ့ပေးတယ်လို့ သိရပါတယ်။ ဂျပန်နိုင်ငံမှာ လယ်သမားတွေတစ်နှစ်မှာ မျိုးစေ့ဘယ်လောက်သုံးတယ်၊ ဓာတ်မြေဩဇာ ဘယ်လောက်သုံးတယ်ဆိုတဲ့ record တွေထားရှိတာကိုလည်း အတုယူစရာတစ်ခုအနေနဲ့ လေ့လာမိပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် မှန်ကန်တိကျတဲ့ စာရင်းအင်းအချက်အလက်တွေရဲ့ကဏ္ဍကလည်း အရေးကြီးတာကို တွေ့မြင်နိုင်ပါတယ်။

နိုင်ငံတစ်ခုတိုးတက်ဖို့အတွက် ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍကလည်း အရေးကြီးပါတယ်။ ဂျပန်နိုင်ငံမှာ စိုက်ပျိုးရေးကဏ္ဍအတွက် "ခေတ်တိုးတက်မှုကို အမီလိုက်နိုင်မည့် လူသားအရင်းအမြစ်ကိုပျိုးထောင်မယ်"ဆိုတဲ့ ရည်ရွယ်ချက်ကောင်းတွေနဲ့ ဖွင့်လှစ်ထားတဲ့ စိုက်ပျိုးရေး အထက်တန်းကျောင်းတွေရှိပါတယ်။ စိုက်ပျိုးရေးတစ်ခုတည်း မဟုတ်ဘဲ လယ်ယာထွက်ကုန်ပစ္စည်းတွေကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ဖြန့်ဖြူးနိုင်ဖို့ပါ သင်ကြားပေးတဲ့ကျောင်းတွေပါ။ ဒါ့အပြင် စိုက်ပျိုးရေးကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဖို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ထည့်သွင်းသင်ကြားပေး တယ်လို့လေ့လာသိရှိခဲ့ရပါတယ်။ အဲလိုကျောင်းတွေမှာ ငယ်စဉ်ကတည်းက သင်ယူခွင့်ရခဲ့တာကြောင့် ဂျပန်နိုင်ငံက လယ်သမားတိုင်းနီးပါး အထက်တန်းအောင်သူတွေ ဖြစ်ကြပါတယ်။ မြန်မာနိုင်ငံက လယ်သမားတွေက ပညာမတတ်လို့ စိုက်ပျိုးရေးမှာမဖွံ့ဖြိုးတာလို့ဆိုလိုတာ မဟုတ်ပါဘူး။ စနစ်တကျ သင်ယူလေ့လာခွင့်ရတဲ့အတွက် တီထွင်ဖန်တီးနိုင်စွမ်းမှာတော့ အားသာချက်တွေရှိမှာပါပဲ။ ဥပမာ ပြောရရင် ဆောင်းဂန္ဓမာပန်းကို လျှပ်စစ်အလင်းရောင်နဲ့ စိုက်ပျိုးတာတို့၊ စပါးခင်းတွေကို ရေဒီယိုလှိုင်းနဲ့ထိန်းချုပ်တဲ့ ဟယ်လီကော်ပတာနဲ့ ပိုးသတ်တာတို့ပါ။ ဒီစက်ကိရိယာတွေကို လူငယ်လယ်သမားတွေကိုယ်တိုင် တီထွင်ဖန်တီးတာလို့လည်း သိရပါတယ်။ ICT နည်းပညာကို အသုံးပြုပြီး ခေတ်မီနည်းစနစ်တွေ တီထွင်ဖန်တီးတာကိုလည်း အားကျအတုယူဖွယ် လေ့လာခဲ့ရပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နိုင်ငံမှာ စားသုံးမှုမလုံလောက်တဲ့အတွက် စပါးစိုက်ပျိုးမှုကို အဓိကထားလုပ်ဆောင်ခဲ့တာကြောင့် ပြည်တွင်းစားသုံးမှု ပိုလျှံတဲ့အပြင် ဆန်စားသုံးမှုတဖြည်းဖြည်းကျဆင်းလာတာကြောင့် ဆန်ပိုလျှံမှုပြဿနာလည်းကြုံတွေ့လာရပါတယ်။ ပိုလျှံတဲ့ဆန်ကို ဘာလုပ်ကြမယ်ဆိုတာကလည်း စိန်ခေါ်မှုတစ်ရပ်အနေနဲ့ရင်ဆိုင်ခဲ့ရတာပါတဲ့။ နောက်ဆုံးမှာတော့ အစိုးရအနေနဲ့ ဟင်းသီးဟင်းရွက်တွေကို ဆန်အစားထိုးစိုက်ပျိုးဖို့ Policy ထုတ်ပြန်ခဲ့ပါတယ်။ ဂျပန်လူမျိုးတွေရဲ့ အတုယူစရာ အချက်တစ်ချက်က ထုတ်ပြန်ထားတဲ့ Policy တွေကို လေးစားလိုက်နာတာပါပဲ။ ဟင်းသီးဟင်းရွက် အစားထိုး စိုက်ပျိုးတာအပြင် ဂျပန်မှာ အနောက်တိုင်း စားသောက်မှု ပိုမိုများပြားလာတဲ့အတွက် ပေါင်မုန့်၊ ဖက်ထုပ်အခွံ၊ Pasta စတာတွေအတွက် စားသုံးမှုပိုလျှံတဲ့ဆန်ကို ဆန်မှုန့်အဖြစ် Processing လုပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်တာကလည်း အားကျစရာ ပါပဲ။ အမျိုးအမည် ၃၀၀ ကျော်လောက်ကို Value added အနေနဲ့လုပ် ဆောင်နေပြီး ပြည်ပကိုတင်ပို့ဖို့ကြိုးစားနေတာကိုလည်း လေ့လာခဲ့ရပါတယ်။ ကျွန်မတို့နိုင်ငံမှာတော့ တန်ဖိုးမြှင့်ထုတ်ကုန်များများစားစား မထုတ်လုပ်နိုင်သေးပါဘူး။ ကုန်ကြမ်းကျတော့လည်း ပိုးသတ်ဆေး အကြွင်းအကျန်ပါလို့ ဓာတ်မြေဩဇာအကြွင်းအကျန်စတာတွေကြောင့် အပယ်ခံရတာ၊ ဈေးကောင်းမရတာတွေ အများကြီးပါပဲ။ ကျွန်မတို့နိုင်ငံမှာ Infrastructure တွေ နည်းပညာတွေအများကြီး လိုအပ်နေပါသေးတယ်။ ဒီလိုပြောတော့ ကျွန်မတို့အဖွဲ့ရဲ့ Coordinator ဆရာဦးသိန်းထိုက်က ပို အရေးကြီးတာက Human Resource လို့ပြောပါတယ်။ ဂျပန်လူမျိုးတွေရဲ့ စိတ်ထဲမှာတော့ နိုင်ငံအတွက်ရော လူမျိုးအတွက်ပါ ကောင်းမွန်တဲ့စိတ်ဓာတ်တွေကို ငယ်စဉ်ကတည်းက ရိုက်သွင်းထားပြီးသားပါတဲ့။

(ဆက်လက်ဖော်ပြပါမည်)

စာမျက်နှာ (၁၂) ၄င်္ကျောသီးနဲ့ အနာဂတ်ဈေးကွက် …… မှအဆက်

တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၅၈၅ ဒသမ ၅ မီလီယံရရှိခဲ့ပြီး နယ်သာလန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၅၁၆ ဒသမ ၅ မီလီယံရရှိ၍ အီတလီနိုင်ငံသည် အမေရိကန်ဒေါ်လာ ၄၉၂ ဒသမ ၈ မီလီယံရခဲ့ကာ ပြင်သစ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၄၅၅ ဒသမ ၆ မီလီယံရခဲ့ကြောင်း The highest dollar value worth of bananas during 2016 ဖော်ပြချက်များအရတွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ ၄င်္ကျောစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို လေ့လာကြည့်ရာတွင် စိုက်ပျိုးရေးစာရင်းများအရ ပြည်ထောင်စုချုပ်စာရင်းမှာ စိုက်ဧက ၂၂၅၄၆၅၅ ရှိကြောင်း၊ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာအခိုင် ၁၁၄၁ ခိုင်ဖြစ်ပြီး ၄င်္ကျောခိုင်သိန်း ၂၃၀၀ ကျော်ထွက်ရှိကြောင်း တွေ့ရှိရပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ဧက ၆၁၆၁၀ ဖြင့် အများဆုံးစိုက်ပျိုးနေပြီး ကချင် ပြည်နယ်တွင် စိုက်ဧက ၄၀၃၅၈ ရှိကြောင်းသိရသည်။ စစ်ကိုင်းတိုင်း ဒေသကြီးတွင် စိုက်ဧက ၂၂၁၃၃ ရှိ၍ ရှမ်းပြည်နယ်တွင် စိုက်ဧက ၂၀၄၁၇ ရှိပါသည်။ ကရင်ပြည်နယ်တွင် စိုက်ဧက ၁၃၃၃၉ ဖြစ်ကာ မန္တလေးတိုင်းဒေသကြီးတွင် စိုက်ဧက ၁၀၆၀၈ ဖြစ်၍ တနင်္သာရီတိုင်းဒေသကြီးတွင် စိုက်ဧက ၁၁၃၅၂ ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ ၄င်္ကျောစိုက်ပျိုးခြိန်မှာ ဇွန်၊ ဇူလိုင်လများတွင် စိုက်ပျိုးလေ့ရှိပြီး ထွက်ရှိခြိန်မှာ စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလ၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလများတွင်ထွက်ရှိပါသည်။ ၄င်္ကျောသီးနှံ အမျိုးအစားအလိုက် ရွှေနီ၄င်္ကျောကို မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအပြားစိုက်ပျိုးကြကြောင်း၊ သီးမွှေး၄င်္ကျောကို ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ဖီးကြမ်း ၄င်္ကျောကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြကြောင်း သိရသည်။

မြန်မာနိုင်ငံ၏တစ်သျှူး၄င်္ကျောသီးပြည်ပတင်ပို့မှု

မြန်မာနိုင်ငံမှ တစ်သျှူး၄င်္ကျောသီး ပြည်ပတင်ပို့မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၃၀-၃-၂၀၁၈ ထိ) (ယာယီ)
မြန်မာနိုင်ငံမှ နိုင်ငံအလိုက် တစ်သျှူး၄င်္ကျောသီးတင်ပို့မှုစာရင်း
တန်ဖိုး-အမေရိကန်ဒေါ်လာ သန်းပေါင်း

စဉ်	နိုင်ငံ	ရေတွက်ပုံ	အရေအတွက်	တန်ဖိုး
၁	တရုတ်	တန်	၂၈၃၆၂၉	၈၄.၃၈၁
	ပင်လယ်ရေကြောင်း	တန်	-	-
	နယ်စပ်လမ်းကြောင်း	တန်	၂၈၃၆၂၉	၈၄.၃၈၁
၂	ထိုင်း	တန်	၃၁၄၈	၁.၀၅၄
	ပင်လယ်ရေကြောင်း	တန်	-	-
	နယ်စပ်လမ်းကြောင်း	တန်	၃၁၄၈	၁.၀၅၄
	စုစုပေါင်း	တန်	၂၈၆၇၇၇	၈၅.၄၃၅

အထက်ပါဇယားအရ မြန်မာနိုင်ငံမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ၂၀၁၈ ခုနှစ် မတ် ၃၀ ရက်ထိ တစ်သျှူး၄င်္ကျောတင်ပို့မှုမှာ တရုတ်နိုင်ငံသို့ တန်ချိန် ၂၈၃၆၂၉ ဖြစ်ပြီး ထိုင်းနိုင်ငံသို့တန်ချိန် ၃၁၄၈၊ စုစုပေါင်း တင်ပို့နိုင်မှုမှာ ၂၈၆၇၇၇ တန်ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၈၅၆ ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၄င်္ကျောတင်ပို့မှုမှာ ၁၁၉၆၃၅ တန်ဖြစ်သည့်အတွက် ယခင် ဘဏ္ဍာနှစ်များထက် ယခုဘဏ္ဍာနှစ်တွင် ပိုမိုတင်ပို့မှုရှိနေကြောင်း တွေ့ရှိရပါသည်။ လက်ရှိစျေးကွက်များခိုင်မာရန်နှင့် စျေးကွက်သစ်များ ရရှိအောင်စွမ်းဆောင်ရန်ဆိုရာတွင်လည်း စိုက်ပျိုးထုတ်လုပ်မှုအပိုင်းတွင် မျိုးကောင်းမျိုးသန့်ရွေးချယ်မှု၊ စိုက်နည်းစနစ်မှန်ကန်မှုတို့ကို စိုက်ပျိုးစဉ်ကပင် နိုင်ငံတကာအကြိုက်ဖြစ်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်မှာ အထူးလိုအပ်ချက်တစ်ခုပင် ဖြစ်ကြောင်း တွေ့မြင်နေရပေသည်။

မြန်မာနိုင်ငံ၏ အလားအလာရှိသော ပြည်ပပို့ကုန် ကုန်ပစ္စည်းများစာရင်းတွင် ဖရဲသီး၊ သခွားမွှေး၊ စိန်တလုံး အပါအဝင် သရက်သီးများ၊ ထောပတ်သီး၊ ကွဲကောသီး၊ ကညွတ်မှိ၊ စပျစ်သီး၊ ကော်ဖီ၊ လက်ဖက်ခြောက် စသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များမှာ ထိပ်တန်းတွင် ပါဝင်လာကြောင်းတွေ့ရှိရပြီး ၄င်္ကျောသီးသည်လည်း ယခင်နှစ်များထက်ပိုမိုတင်ပို့လာနိုင်သည့် အလားအလာကောင်းများ ရှိနေပါသည်။ စိုက်ပျိုးထုတ်လုပ်သူများမှလည်း လူနေမှုဘဝ တိုးမြှင့်နိုင်ရေး၊ ရောင်းဝယ်ဖောက်ကားသူများမှ ခေတ်နှင့်အညီ ထုပ်ပိုး၊ ပြုပြင်၊ တင်ပို့ရောင်းချနိုင်ရေး ကြိုးစားဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အခြေခံကျသော စိုက်ပျိုးထုတ်လုပ်သူများကလည်း အရည်အသွေးကောင်းသော သီးနှံမျိုးစေ့ (Seed) များကို သာအသုံးပြုစိုက်ပျိုးရေးကို အခြေခံကျလုပ်ဆောင်နိုင်မှသာ ပိုမိုအောင်မြင်မည့် Quality product Quality Market ကိုရောက်ရှိနိုင်မည်ဖြစ်ပါသည်။

သီးနှံအစုအဖွဲ့များ၊ သီးနှံဇုန်များလည်း ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရန်နှင့် အသင်းအဖွဲ့များ ပိုမိုအားကောင်းခိုင်မာရေးတို့ကို ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်သွားကြရန် လိုအပ်မည်ဖြစ်ပြီး၊ မြန်မာ နိုင်ငံ၏ သီးနှံတင်ပို့မှုများသည် Fresh Fruit အနေဖြင့်သာ အများ ဆုံးဖြစ်နေသဖြင့် ၄င်္ကျောသီးသီးနှံများလည်း သရက်သီးကဲ့သို့လတ်ဆတ်အသီးအနေဖြင့်သာမက Value Added အဖြစ် တင်ပို့နိုင်မည့် အလားအလာကောင်းများရှိနေပြီး တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်ပါသည်။

ထို့အပြင် ကမ္ဘာ့စားသုံးမှုပုံစံသည် ကျန်းမာရေးကောင်းမွန်ရန်အတွက် ရှေ့ရှုပြီး အစားအစာ ဘေးကင်းလုံခြုံစိတ်ချရရေးကို အဓိကထားလာကြသည်ကို တွေ့ရှိနေရသောကြောင့် အော်ဂဲနစ်သီးနှံ စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှုသည် နှစ်စဉ်တိုးတက်လျက်ရှိပြီး ၄င်္ကျောသီးကိုလည်း အခြားသီးနှံများကဲ့သို့ အော်ဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ရေးကို မမေ့မလျော့ ဆောင်ရွက်သွားပါရန် တိုက်တွန်းလိုက်ရပါသည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ရဲ့ သီတင်းတစ်ပတ်ကုန်သွယ်မှု

မေ ၅ ရက်မှ ၁၁ ရက်ထိ သီတင်းပတ်အတွင်း မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ပို့ကုန်အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၃၁၅ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၅၆၈ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၈၈၃ သန်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ သီတင်းပတ်မှာ ပို့ကုန်ပိုင်းတွင် ပဲ၊ ဆန်ကွဲ၊ ကဏန်း၊ ငါးဆားနယ်၊ ငါးလေးခြောက်၊ ရေငန်ငါး၊ ကျောက်စိမ်း၊ ဆိတ်(အရှင်)၊ သကြား၊ ဒီဇယ်ဆီတို့ တင်ပို့မှုလျော့နည်းခဲ့ပြီး သွင်းကုန်ပိုင်းတွင် လယ်ထွန်စက်၊ စက်နှင့် စက်ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ရော်ဘာကုန်ကြမ်း၊ ပလတ်စတစ်ကုန်ကြမ်း၊ တာယာနှင့် ကျွတ်၊ ချည်ထည်များ၊ အလှကုန်ပစ္စည်းများ၊ အချို့မူနှံ့နှင့် မီးဖိုချောင်သုံး ပစ္စည်းများကိုလည်း လျော့နည်း တင်သွင်းခဲ့ခြင်းကြောင့် ယခင်တစ်ပတ်ထက် ကုန်သွယ်မှုပမာဏ လျော့နည်းခဲ့ပါတယ်။

ပြင်ပငွေလဲနှုန်းအနေဖြင့် အမေရိကန် ၁ ဒေါ်လာ ၁၃၃၄ ကျပ်၊ အမေရိကန် ၁ ဒေါ်လာ ၆ ဒသမ ၅၈ ယွမ်၊ ကျပ် ၁၀၀ လျှင် သုည ဒသမ ၄၈၁ ယွမ်နှုန်းရှိကြောင်း တွေ့ရပါသည်။

ပို့ကုန်ကား ထွက်ခွာမှုအနေဖြင့် ၂၂ ဘီးယာဉ် ၂၁၇၅ စီး၊ ၁၂ ဘီးယာဉ် ၂၀၈၅ စီး၊ ၆ ဘီးယာဉ် ၅၉၀ စီး၊ ၄ ဘီးယာဉ် ၁၅၇ စီးဖြစ်ပြီး သွင်းကုန်ကားစီးရေထွက်ခွာမှုအနေဖြင့် ၂၂ ဘီးယာဉ် ၁၀၁၁စီး၊ ၁၂ ဘီးယာဉ် ၁၅၉၇ စီး၊ ၆ ဘီးယာဉ် ၂၁၄ စီး၊ ၄ ဘီးယာဉ် ၁၃ စီးတို့ဖြစ်ကြောင်း သိရပါသည်။

မော်မော်အောင်

တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းပို့မိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ကျယ်၊ ချင်းရွှေဟော်နဲ့ ကန့်ပို့က်တီ စခန်းစုံမှ မေ ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၆၆ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၂၃၆၃၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၁၆၄၂ တန်၊ လွယ်ကျယ်မှ ၁၉၃၆ တန်၊ ချင်းရွှေဟော်မှ ၃၂ တန်နဲ့ ကန့်ပို့က်တီမှ တန် ၂၀၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၈၅၆၆ တန်နဲ့နှိုင်းယှဉ်ပါက ၅၀၆၄ တန်ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်ကပြောင်းတစ်တန်လျှင် ၃၀၇၆၉၂ ကျပ်ရှိရာမှ မေ ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်မှာ ၃၀၈၅၂၆ ကျပ်သို့ ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ပြောင်းကား ၆၉၈ စီးဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၁၇၃ စီးပိုမိုခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံတွင် ဆန်၊ ပြောင်းများ ပုံမှန်ဝင်/ထွက်သွားလာလျက်ရှိကြောင်း သိရပါတယ်။

မော်မော်အောင်

မူဆယ်မှ ဝဉ်အစိုရော အခြောက်ပါတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့မေ ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၀ သန်းတန်ဖိုးရှိဝဉ်ခြောက်ငါးတန်ကျော်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၁ သန်းတန်ဖိုးရှိ ဝဉ်(အစို) နှစ်တန်ခွဲတင်ပို့ခဲ့ပါတယ်။

ဝဉ်ကို မေ၊ ဇွန်မှာစိုက်ပျိုးပြီး အောက်တိုဘာ၊ နိုဝင်ဘာလတွေမှာ တူးဖော်ကြပါတယ်။ ယောနယ်မှာ ဝဉ်ပင်ကို နှစ်နှစ်သားအထိထားရှိပြီးမှ တူးဖော်ယူကြပါတယ်။ ဒေသအခေါ်ဖျံဥလို့လည်းခေါ်ကြပြီး အလေ့ကျပေါက်တဲ့ ဝဉ်ပင်တွေက နတ်တော်၊ ပြာသိုလမှာ ဖြိုင်ဖြိုင်ပေါ်ကြောင်း၊ တစ်ကောက်ကျပ်သိန်း ၅၀ ပေါက်ဈေးရှိကြောင်း၊ တစ်ပိသာခွဲ၊ နှစ်ပိသာခွဲအရွယ်ရှိတဲ့ ဝဉ်ကိုမနုတ်ဘဲ ထပ်စိုက်လျှင် ငါးပိသာခန့်ရှိတဲ့ ဝဉ်ကိုရရှိကြောင်း သိရပါတယ်။

မော်မော်အောင်

မူဆယ်မှ ရေထွက်ကုန် တန်ဖိုးရော တန်ချိန်ပါ လျော့နည်း

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅၇ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၈၉၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၅၁၁ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၆၈၂ တန် လျော့နည်းခဲ့ပြီး တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၉၀၅ သန်း လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်တွင် ငါးဆားနယ်၊ ငါးစီဖောင်း၊ ရေငန်ငါးနဲ့ ကဏန်း တင်ပို့မှု လျော့နည်းခဲ့တာကြောင့် ယခုလို တန်ချိန်ရော တန်ဖိုးပါ လျော့နည်းရတာဖြစ်ပါတယ်။

မေ၅ ရက်မှ ၁၁ ရက်ထိ သီတင်းပတ်တွင် တစ်ဖက်နိုင်ငံစေးအနေနဲ့ ယခင်တစ်ပတ်က ကဏန်းတစ်တန်လျှင် ယွမ် ၈၈၂၀၀ မှ ၈၉၅၈၃ ယွမ်သို့လည်းကောင်း၊ ငါးရှဉ့်တစ်တန်လျှင် ယွမ် ၃၃၀၀၀ မှ ယွမ် ၃၅၀၀၀ သို့လည်းကောင်း စေးအနည်းငယ် မြင့်တက်လာခဲ့ပါတယ်။

မော်မော်အောင်

ယခုတစ်ပတ် ရော်ဘာအမျိုးအစား အဆင့်စုံပို့မိုတင်ပို့

မေ ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၉၈ သန်းတန်ဖိုးရှိ ရော်ဘာ တန် ၃၅၉၀ တင်ပို့ခဲ့ရာ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS-1 ၁၅၆ တန်၊ RSS -3 ၁၂၁၅ တန်၊ MSR -20 ၁၂၈၁ တန်ခန့်နဲ့ MSR - 20 ၁၉၄ တန်ကျော်တင်ပို့ခဲ့ပြီး လွယ်ကျယ်ကုန်သွယ်ရေးစခန်းမှ Crepe Rubber ၂၄၇ တန်ကျော်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS -3 ၄၉၇ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခင်တစ်ပတ် ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ ၁၄၀၂ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၁၈၈ တန် ပိုမိုတင်ပို့ နိုင်ခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ်မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS -3 တစ်တန်လျှင် ကျပ် ၁၆ ဒသမ ၂၁၈ သိန်းရှိကြောင်းနဲ့ ယခင်တစ်ပတ်ဈေးထက် တစ်တန်ကို ၄၃၈၃ ကျပ်ဈေးတက်ကြောင်း မူဆယ်မှ သိရပါတယ်။

မေ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၈၇ သန်းတန်ဖိုးရှိရော်ဘာ ၁၄၈၄ တန်ကို တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မလေးရှားနိုင်ငံနဲ့ စင်ကာပူနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။

တရုတ်နိုင်ငံသို့ TSR- 20 ၃၀၂ တန်နဲ့ အိန္ဒိယနိုင်ငံသို့ MSR -20 ၂၀၂ တန်ခန့်၊ မလေးရှားနိုင်ငံသို့ RSS - 3 ၆၃ တန်၊ Synthetic Rubber (99% MSR - 20, 1%) တန်ချိန် ၂၁၀ နဲ့ MSR -20 ၁၀၅ တန်၊ စင်ကာပူနိုင်ငံသို့ MSR -20 ၂၀၂ တန်ခန့်နဲ့ RSS - 3 တန် ၄၀၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ တန် ၉၀ ပိုမိုတင်ပို့နိုင်တာတွေ့ ရပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေး အတက်အကျ အနည်းငယ်သာရှိကြောင်းနဲ့ ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးလည်း ယခင်တစ်ပတ်ဈေး အတိုင်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။ **ယဉ်ယဉ်အေး**

မောင်တောမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်သို့ ဝါးလုံးတန် ၂၀ ကျော်ပို့

မေ ၅ ရက်မှ ၁၁ ရက်ထိ သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၉၅၁ တန်ဖိုးရှိ ဝါးလုံးအကြီး တန် ၂၀ ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၀ တန်နဲ့ နှိုင်းယှဉ်ပါက ၁၀ တန်ကျော် ပိုမိုတင်ပို့ ခဲ့တာတွေ့ရပါတယ်။ ဝါးလုံးတွေကို ဝါးဖောင်ဖွဲ့ပြီး မောင်တောဆိပ်ကမ်းမှ တစ်ဖက်နိုင်ငံသို့ တင်ပို့ရတာလို့ သိရပါတယ်။

မော်မော်အောင်

တရုတ်နယ်စပ်မှ တစ်သျှူးငှက်ပျော ပိုမိုတင်ပို့

မေ၅ရက်မှ ၁၁ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကန့်ပို့က်တီနဲ့ လွယ်ကျယ်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၅၇ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၂၆၂၃၆ တန်ကျော်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၈၁၀၇ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၈၁၂၉ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ကန့် ပို့က်တီ ကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျော ပုံမှန်တင်ပို့တဲ့ ကုမ္ပဏီ ၁၇ ခု ရှိပြီး အဆိုပါသီတင်းပတ်မှာ မြောက်ပိုင်း တော်ဝင်၊ ချန်းရင်ခွား၊ ထိန်မင်း၊ လွယ်ငူးဘွမ်၊ စင်ကြိုင်၊ တောင်မိုးရေ၊ ဖူးပြည့်လျှံ၊ ရှိန်သာနဲ့ ဆွတ်ဘွမ်အစရှိတဲ့ ကုမ္ပဏီတွေက တင်ပို့ခဲ့ကြတယ်လို့ ကန့်ပို့က်တီကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း ယခင်တစ်ပတ်အတိုင်း အမေရိကန်ဒေါ်လာ ၃၄၂၄၄ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန် ၁၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မော်မော်အောင်

မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မေ ၅ ရက်မှ ၁၁ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၅၁၄ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၀၇၈၁ တန် တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်က ၅၆၅၇ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၁၂၄ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ လျော့နည်းတင်ပို့ခဲ့ပေမယ့် မြိတ်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းတို့မှ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုပိုမိုရရှိခြင်းဖြစ်ပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၈၈ သန်း တန်ဖိုးရှိ ငါး မျိုးစုံနှင့် ကဏန်း ၁၉၈ တန်၊ မြိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၄ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ငါးမှုန့်၊ မွေးပုစွန်၊ သဲကဏန်း၊ ကင်းမွန်လိပ် တို့ကို ၃၃၇၅ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၈၆ သန်းတန်ဖိုးရှိငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ အခြားရေထွက်ပစ္စည်း၊ ရောဘဲ၊ ကဏန်း၊ ပင်လယ်ငါးရှဉ့် တို့ကို ၇၂၀၈ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မျိုးဇော်

ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်တင်သွင်းမှုအခြေအနေ

ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ မေ ၅ ရက်မှ ၁၁ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၃၃ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၀၄၀၀ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၂၂၅၅ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၈၅၅ စီးလျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၃၉ သန်း တန်ဖိုးရှိ သုံးဘီးဆိုင်ကယ် ၂၆၆ စီးကိုလည်း တင်သွင်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ်များပိုမိုတင်သွင်းခဲ့သော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်မှ လျော့နည်းတင်သွင်းခဲ့လို့ ယခုတစ်ပတ်အတွင်း လျော့နည်းရခြင်းဖြစ်ပါတယ်။ တင်သွင်းမှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၆ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၅ စီး၊ ကန့်ပို့က်တီကုန်သွယ်ရေးစခန်း မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၂၅ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၂ ဒသမ ၅၄၅ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၃၄၀ စီး၊ မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၆၇ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၉၀၂၀ စီး တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

မျိုးဇော်

လာခဲ့စေချင်သည့် တောင်ပြာတန်းက ထောပတ်မြို့တော် ဟိုပုံးဆီသို့

စောမောင်- တောင်ကြီး

ဟိုပုံးမြို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး-လွိုင်လင်သွား လမ်းမကြီးပေါ် တောင်ကြီးမြို့မှ ၁၂မိုင်ခန့်ဝေးကွာသော နေရာတွင် တည်ရှိပြီး ပင်လယ် ရေမျက်နှာပြင်အထက် ၃၅၄၁ ပေမြင့်၍ နှစ်စဉ်မိုးရေချိန် လက်မ ၅၀ ကျော်ရရှိပါတယ်။ ဟိုပုံးမြို့နယ်တွင် ပအိုဝ်း၊ ရှမ်း၊ ဗမာလူမျိုးများ နေထိုင်ကြပြီး အများစုမှာ တောင်ယာလုပ်ငန်း၊ ခြံလုပ်ငန်းများဖြင့် စိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။

ဟိုပုံးမြို့နယ်၏ ပထဝီအနေအထားသည် တောင်စဉ်၊ တောင်တန်း၊ တောင်ကုန်းများ၊ ချိုင့်ဝှမ်းနေရာဒေသများ ပေါများပြီး သစ်ရိပ်ဝါးရိပ် များဖြင့် သဘာဝရေထွက်များ၊ စိမ့်စမ်းများကောင်း၍ ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိရာ ဟိုပုံးမြို့လယ်ရှိ မြို့ကျက်သရေဆောင် ရှေးဟောင်းဘုရား သီရိမင်္ဂလာ ရွှေချမ်းသာမွေတော်ဘုရားကြီး၊ ထမ်းဆန်း သဘာဝလိုဏ်ဂူတော်နဲ့ ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေတိဂုံပုံစံတူစေတီတော်မြတ်ကြီးတို့ တည်ထားကိုးကွယ်ကြသည်မှာ အဖိုးမဖြတ်နိုင်သော သမိုင်းအမွေအနှစ်များပင်။

စားသုံးသူရေရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) ဦးအောင်မောင်း၏ မေလ ၅ ရက်က သွားရောက်ခဲ့သော ရှမ်းပြည်နယ် ပြည်တွင်းကုန်သွယ်မှုမြင့်မားရေး ခရီးစဉ်တွင် ပြည်နယ် ဦးစီးမှူး ဦးကျော်ဝင်းနှင့်အတူ ဟိုပုံးမြို့နယ် ကျောက်တန်းဒေသ(ထောပတ်ဇုန်) ထောပတ်စိုက်ပျိုးထားရှိမှုများအား သွားရောက်ကွင်းဆင်း အားပေးခဲ့ရာတွင် စာရေးသူလည်း လိုက်ပါခဲ့ပါတယ်။

ထိုခရီးစဉ် တစ်လျှောက် လေ့လာခဲ့တဲ့အခါ ယခင်က ကျောက်တန်းဒေသ အနီးတစ်ဝိုက်မှာ အသုံး မပြုရသေးသည့်မြေလွတ် မြေရိုင်းများ၊အသုံးမဝင်သည့် စိန်နပန်တောကြီးများ များစွာကျန်ရှိနေပြီး ဒေသခံတို့က အဓိကသနပ်ဖက်ခြံများ စိုက်ပျိုး၍သာ ဝမ်းရေးကိုကျောင်းခဲ့ကြကြောင်း သိရပါတယ်။ အဲဒီအချိန်က ထောပတ်ပင်များကို အချို့အိမ်ခြံဝင်းလောက်တွင်သာ စိုက်ပျိုးတယ်လို့ ဆိုပါတယ်။

ထို့နောက်မှာတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတို့က ကျောက်တန်းဒေသ အနီးပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသနှင့်ကိုက်ညီမည့် ထောပတ်မျိုးများပျိုး၍ ပျိုးပင် ၄၀၀၀၀ ကို အခမဲ့ဖြန့်ဝေခဲ့ရာ မြေလွတ်မြေရိုင်းများ၊ အိမ်ခြံဝင်းဘေး ပတ်လည်များ၊ ရုံးနဲ့ စာသင်ကျောင်း ဝန်းကျင်တို့မှာ အကြားအလပ်မရှိ စိုက်ပျိုးစေခဲ့ပါတယ်။ အချို့က သနပ်ဖက်စိုက်ပျိုးမှုကိုသာ မိရိုးဖလာလုပ်ကိုင်ပြီး စွန့်ဦးတီထွင်လိုသူ နည်းပါးပေမယ့် ပအိုဝ်းအမျိုးသား ဦးလွန်းဆိုသူကတော့ ကျေးရွာတွင် ဩဇာတိက္ကမလည်းရှိပြီးရိုးသားကြိုးစားလိုသူ၊ စွန့်ဦးတီထွင်လိုစိတ်ရှိသူ တစ်ဦးဖြစ်လို့ ထောပတ်ဧက အမြောက်အမြားကို စီးပွားဖြစ် စံပြစိုက်ပျိုးခဲ့တယ်"လို့ သိရှိရပါတယ်။ ထိုအချိန်က စိုက်ပျိုးခဲ့သော ၁၁ နှစ်သားရှိပြီဖြစ်တဲ့ ဦးလွန်း၏ ထောပတ်ခြံကိုလည်း သွားရောက်ကြည့်ရှုခဲ့ကြပါတယ်။

ယခုမူ ဦးလွန်း၏ ထောပတ်ခြံက အောင်မြင်လာ၍ အကျိုးအမြတ်များရကာ ချမ်းသာလာခဲ့ပါပြီ။ ဦးလွန်း၏ ထောပတ်မျိုးကို အသေအချာ မှာယူပြီး နှစ်စဉ် တိုးချဲ့စိုက်ပျိုးလျက်ရှိတယ်လို့ သိရပါတယ်။ ကျောက်တန်းထောပတ်က ထောပတ်သီးစျေးကွက်တွင်လည်း ထိပ်ဆုံးက နေရာယူလျက်ရှိတယ်လို့လည်း ဆိုပါတယ်။

ဒေသခံ တောင်သူတွေကလည်း သနပ်ဖက်စိုက်ပျိုးခြင်းနဲ့ ထောပတ်စိုက်ပျိုးခြင်းတို့ရဲ့ အားနည်းချက်/အားသာချက်များကို သိရှိလာကြပေပြီ။ သနပ်ဖက်ခူးခြင်းနဲ့ ပြုပြင်ထုပ်ပိုးရာတွင် ပေးရသည့် လုပ်သားခများက သနပ်ဖက် ရောင်းရငွေနှင့် တွက်ခြေမကိုက် ဖြစ်လာခြင်း၊ သနပ်ဖက်ကိုညအချိန် အိပ်ရေးပျက်ခံပြီး လှော်ရသဖြင့် အိပ်ရေးပျက်ကာကျန်းမာရေး ထိခိုက်မှုများရှိလာခြင်း၊ သနပ်ဖက်ရောင်းချရာတွင် အကြွေးကျလာခြင်းများ ရှိတယ်လို့ ဆိုပါတယ်။ ထောပတ်သီး စျေးကွက် အနေဖြင့် ရန်ကုန်၊ မန္တလေး မြို့ကြီးများသို့ တိုက်ရိုက် တင်ပို့ရောင်းချလျက်ရှိတယ်လို့ သိရပါတယ်။

ယခင်အိမ်ဝင်း၊ ခြံစည်းရိုးစိုက် အပင်များ၊ ထောပတ်ခြံများကို အပင်ပြတ် စနစ်ဖြင့်လည်း အသီးကင်းခိုနိတ်တွင် လိုက်လံဝယ်ယူနေစဉ် ပွဲစားနှိမ်တာခံရပြီး ယခုဧကအလိုက် စိုက်ပျိုးပြီး ကိုယ်တိုင် ခူးဆွတ်၍ အစုအဖွဲ့ဖြင့် ပြည်တွင်း/ပြည်ပ စျေးကွက်များသို့ ချိတ်ဆက်နိုင်၍ အကျိုးအမြတ် ပိုမိုရရှိနေတာကို တွေ့မြင်နေရပါတယ်။ အစုအဖွဲ့နဲ့ ဆောင်ရွက်ခြင်းရဲ့ အားသာချက်ကိုလည်း သိမြင်လာကြတယ်။ ထောပတ်သီး လှိုင်လှိုင်ထွက်ချိန်မှာတော့ စျေးကွက်အတွင်း ထောပတ်သီးတစ်လုံး ကျပ် ၂၀၀မှကျပ် ၅၀၀ အတွင်းရှိပြီး ထောပတ်သီးစပေါ်ချိန်နှင့် ထောပတ်သီးတုံးချိန်တွေမှာတော့ ထောပတ်သီးတစ်လုံး ကျပ် ၁၀၀၀ မှကျပ် ၁၅၀၀ အထိရှိတယ်လို့ထောပတ်စျေးကွက်က တစ်ဆင့်သိရပါတယ်။ တရုတ်စျေးကွက်ကဆိုလျှင် ခြံအရောက် လာဝယ်ခြင်း၊ ထိုင်းစျေးကွက်က စျေးပိုရနေခြင်း၊ ကမ္ဘောဒီးယားနှင့် စင်ကာပူ စျေးကွက်များသို့ပင် ထိုးဖောက် တင်ပို့နေပြီလို့ ထောပတ်အစု အဖွဲ့က ပြောပြပါတယ်။

သနပ်ဖက်ကို သနပ်ဖက် ဆေးလိပ်လိပ်ရန် စိုက်ပျိုးခြင်း ဖြစ်တယ်လို့သိရပါတယ်။ ထောပတ်သီး စားသုံးခြင်းဟာ ဆေးပညာ မှတ်တမ်းများအရ နှလုံးသွေးကြော ရောဂါနှင့်လေဖြတ်ခြင်းကိုလည်းကောင်း၊ ထောပတ်သီးမှာ ပါတဲ့ဓါတ်အချို့က ကင်ဆာကလပ်ဆဲလ်များကို လည်းကောင်း၊ ဆီးကျိတ်ကင်ဆာ၊ ခံတွင်း ကင်ဆာကိုလည်းကောင်း၊ ထောပတ်သီးက ထွက်တဲ့ အဆီက OLEIC ACID ပါဝင်မှုများလို့ ရင်သားကင်ဆာ မဖြစ်အောင် ကာကွယ်နိုင်တယ်လို့သိရပါတယ်။ ထောပတ်သီး အစေ့မှာပါဝင်တဲ့ အမျှင်ဓါတ်က အစာအိမ်အနာဖြစ်ခြင်း၊ အဆစ်ရောင် ရောဂါအမျိုးမျိုးနှင့် အစာမကြေဖြစ်ခြင်းကို ကာကွယ်နိုင်လို့မကောင်းတဲ့cholestrol ကိုကျဆင်းနိုင်တဲ့အတွက် ထောပတ်သီးကတော့ အသားသာမက အစေ့ပါဆေးဖက်ဝင်တယ်လို့ဆိုပါတယ်။ ထောပတ်သီးကနေ Value Added ဖြစ်တဲ့ အလှကုန်ပစ္စည်း အမျိုးမျိုးနဲ့ ထောပတ်သီး ဆပ်ပြာများပင် ထုတ်လုပ်ပြီး စျေးကွက်မှာ ဖြန့်ဖြူးရောင်းချနေလို့ စားသုံးသူ၊ သုံးစွဲသူများကလည်း အကြိုက်တွေ့နေပေပြီ။

ထောပတ်မျိုးများ အလုံးညီပြီး ရောင်းတန်းလှစေဖို့ ကိုင်းကူးကိုင်းဆက် နည်းပညာများကို ပြည်တွင်းပြည်ပမှ ပညာရှင်များအား ဖိတ်ကြားပြီး အသင်းဝင်များကို ဖြန့်ဝေခြင်း၊ ရောင်းချပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံသစ်သီးဝလံအသင်းနဲ့ ချိတ်ဆက်ဆောင်ရွက်နေကြောင်း အစုအဖွဲ့၏ ရှင်းပြချက်အရ သိရပါတယ်။

ဒါကြောင့် ယနေ့ဆိုလျှင် ဟိုပုံးမြို့နယ်မှာ ထောပတ်စိုက်ဧက ၅၀၀၀ ခန့်ထိရှိပြီး ဟိုပုံးထောပတ် အစုအဖွဲ့က ပြည်တွင်းပြည်ပ ကုန်စည်ပြပွဲများသို့လည်း လိုက်ပါပြသလျက် စျေးကွက်ချဲ့ထွင်နိုင်ရေး ခြေလှမ်းသစ်တွေနဲ့ ပြင်ဆင်နေတာကို တွေ့မြင်ခဲ့ရလို့ အရင်ကနှင့်မတူ တစ်မူထူးပြီး ထောပတ်သီး ရောင်းဝယ်မှုတွေနဲ့ စည်ကားနေတဲ့ကမ္ဘောဇဋ္ဌာနေ ထောပတ်မြို့တော် ဟိုပုံးဆီသို့ ဒေသန္တရ ဗဟုသုတရှာမှီးရန် တစ်ခေါက်လောက်တော့ အရောက်လာခဲ့စေချင်ပါတယ်။

5th China-South Asia Expo & 25th China Kunming Import and Export Fair

ကုန်စည်ပြပွဲနှင့် မြန်မာနိုင်ငံ (ကုန်သွယ်မှုမြှင့်တင်ရန် ကုန်စည်ပြပွဲအခြေခံ)

ဝင်းသန်းကျော်(ကုန်သွယ်မြှင့်)

(ယခင်တစ်ပတ်မှအဆက်

ကူမင်းကုန်စည်ပြပွဲဆိုင်ရာ အကြိုညှိနှိုင်းအစည်းအဝေး

5th China-South Asia Expo & 25th China Kunming Import and Export ကုန်စည်ပြပွဲဆိုင်ရာ အကြိုညှိနှိုင်းအစည်းအဝေး ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းအစည်းအဝေးတွင် Yunnan International Exposition Bureau မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Yu Shu Kun အား နန်နင်းမြို့၊ မြန်မာကုန်သွယ်ရေးကိုယ်စားလှယ် ဒေါက်တာသက်လွင်ဦးက တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးချက်များမှာ ယခုပြပွဲတွင် မြန်မာနိုင်ငံအနေနှင့် ဂုဏ်ထူးဆောင်နိုင်ငံ (Country of Honor)အဖြစ် ပါဝင်ပြသရမည်ဖြစ်သဖြင့် ပြပွဲခန်းမဆောင်အမှတ် (၇) တွင် ၂၀ မီတာ x ၃၀ မီတာ စုစုပေါင်း ၆၀၀ စတုရန်းမီတာ အကျယ်အဝန်းကို အခမဲ့အသုံးပြုခွင့်ပေးမည်ဖြစ်ကြောင်း၊ ပြခန်းဆောင်ဒီဇိုင်းရေးဆွဲရေး၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်များကိုလည်း တရုတ်ပြပွဲကျင်းပရေးကော်မတီဘက်မှ ကျခံပေးမည်ဖြစ်ကြောင်း၊ မြန်မာအမျိုးသားပြခန်းဆောင်တွင် မြန်မာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေ နိုင်ပါက ပိုမိုကောင်းမွန်ပါကြောင်း၊ ယဉ်ကျေးမှုအကအဖွဲ့အတွက် ကုန်ကျစရိတ်ကို မြန်မာနိုင်ငံဘက်မှ ကျခံရမည်ဖြစ်ကြောင်း ဂုဏ်ထူးဆောင်နိုင်ငံအဖြစ်ပါဝင်မှုသည် ယခုနှစ်သည် နောက်ဆုံးအကြိမ်ဖြစ်ကြောင်း၊ လာမည့်နှစ်မှစ၍ အာဆီယံဥက္ကဋ္ဌတာဝန်ယူထားသော နိုင်ငံကိုသာ ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် ပါဝင်ခွင့်ပေးမည်ဖြစ်ကြောင်း၊ ဂုဏ်ထူးဆောင်နိုင်ငံ၏ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အနေဖြင့် ကုန်စည်ပြပွဲ ဖွင့်ပွဲတွင် မိန့်ခွန်းပြောရန်ရှိကြောင်း ဖော်ပြပါရှိ ပါသည်။

ယခုနှစ်ပြပွဲတွင် မြန်မာနိုင်ငံမှ မြန်မာအမျိုးသား ပြခန်းဆောင် တည်ဆောက်ခြင်း၊ လုပ်ငန်းရှင်များ ခင်းကျင်းပြသမည့် ကုန်စည်ပြခန်းများနှင့် ပြပွဲကာလအတွင်း ကျင်းပပြုလုပ်မည့် ဆက်စပ်အခမ်းအနားများနှင့် အစည်းအဝေးပွဲတွင် ပါဝင်တက်ရောက်ရေး အတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ UMFCCI မြန်မာနိုင်ငံမှ မြန်မာအမျိုးသားပြခန်းဆောင် တည်ဆောက်ခြင်း၊ လုပ်ငန်းရှင်များ ခင်းကျင်းပြသမည့် ကုန်စည်ပြခန်းများနှင့် ပြပွဲကာလအတွင်း ကျင်းပပြုလုပ်မည့် ဆက်စပ်အခမ်းအနားများနှင့် အစည်းအဝေးပွဲတွင် ပါဝင်တက်ရောက်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာနများ၊ UMFCCI အသင်းချုပ်၊ အသင်းအဖွဲ့များနှင့် ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ်လ ၂၀ ရက်ကကျင်းပခဲ့ပြီး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်း အဝေးကိုဧပြီလ ၂၆ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(၂၅) ကြိမ်မြောက် ကူမင်း ပို့ကုန်သွင်းကုန် ကုန်စည်ပြပွဲ ကြီးကြပ်ရေး ဗဟိုကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း

ပြပွဲကြိုးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာနများ၊ UMFCCI၊ အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ ပါဝင်လျက် အောက်ဖော်ပြပါ ကော်မတီအသီးသီးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့တင်ပြ၍ ဝန်ကြီးရုံးခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ပြပွဲကျင်းပရေးဗဟိုကော်မတီ
(ခ) လုပ်ငန်းကြီးကြပ်ရေးကော်မတီ
(ဂ) ပြခန်းဆောင် ဒီဇိုင်းများ ရွေးချယ်ရေးနှင့် ခင်းကျင်းပြသရေး ဆပ်ကော်မတီ
(ဃ) ဆက်သွယ်ရေးနှင့် စာရွက်စာတမ်းများ ပြုလုပ်ရေး ဆပ်ကော်မတီ
(င) ဆွေးနွေးပွဲများ ဆောင်ရွက်ရေး ဆပ်ကော်မတီ
(စ) ဘဏ္ဍာရေးဆပ်ကော်မတီ

မြန်မာအမျိုးသားပြခန်းဆောင် တည်ဆောက်ရန် ကြိုတင်ပြင်ဆင်ခြင်း /ဌာနရမ်းဆောက်လုပ်ခြင်းဝန်ဆောင်စရိတ်/ကုန်ကျစရိတ်များ တွက်ချက်တင်ပြခြင်း

ယခုနှစ်တွင် မြန်မာနိုင်ငံမှ ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် ပါဝင်ပြသမည်ဖြစ်ရာ မြန်မာအမျိုးသားပြခန်းဆောင် တည်ဆောက်ခြင်းကို ၆၀၀ စတုရန်းမီတာ ကျယ်ဝန်းသော ပြခန်းဆောင် ၇ တွင် လည်းကောင်း မြန်မာနိုင်ငံမှ သွားရောက်ပြသမည့် ကုန်စည်များကို ပြခန်းအမှတ် ၆ တွင်ပြခန်းများရယူ၍လည်းကောင်း ခင်းကျင်းပြသသွားမည်ဖြစ်ပြီး အရှေ့တောင်အာရှ၏စီးပွားရေးကဏ္ဍ၌ မြန်မာနိုင်ငံ၏အရေးပါမှုကို သိသာစေရန်အတွက် ပြသသွားမည် ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

Perfect Way

Perfect Way Trading Co., Ltd.



Address : No.(50), First Floor, 39th , Kyauktada Township, Yangon, Myanmar.

Phone : 01-245445,09 421025126, 09 43074688,

Email : perfectwayny@gmail.com

THIRI SANDAR

GARMENT & GENERAL TRADING CO-OP, SOCIETY LTD.

Established Year : 1994

Telephone No : +95 1 6457 30, +95 9 2504 985 56

Email : info@thirisandargarment.com

mahtaywin243@gmail.com

High quality garments with on time delivery services.

OUR SERVICES

(1) Various Types of Knitwear

(2) Kids Wear

(3) Ladies Casual Wear

(4) Pants

(5) Uniforms

(6) Sports Wear

Lower Mingalardon Road, Aung San Ward, Insein Township, Yangon, Myanmar.

+95 1 6457 30, +95 9 5148 761

htayhtayaye@thirisandargarment.com

ရွှေမဲခေါင် ကားဝန်ဆောင်မှုလုပ်ငန်း

ဖြစ်ဆုတ်(၀၃၄/က)၊ကျိုက္ကဆံလမ်းပျားရည်ကုန်းရပ်ကွက်၊ဇေယျာက်ခြောင်းနာရီစင်ဗလီဝန်း,
ကာမွေဖြိုနယ်၊ရန်ကုန်မြို့
ဖုန်း - ၀၁၈၆၉၅၅၈၊ ၀၉ ၅၄၂ ၇၀၀၂၊ ၀၉ ၇၉၆ ၀၀၉၅၄

ဗုဒ္ဓဟူး ခရမ်း သဘ

ဘုန်းရောင်ခြည်ကုမ္ပဏီလီမိတက်

BHOME YAUNG CHI TRADING CO.,LTD

ကြေးမုံစိမ်းတိုက်တန်း၊ အခန်း(၅)(ရုံးခွဲ)၊ (၁၀၅)မိုင်၊ မူဆယ်မြို့၊ ရှမ်းပြည်မြောက်ပိုင်း။

Ph: 09-5232379, 09-73222618, 09-403709680, 092028135, 15388824935

Samsung Glaxy S9 Plus
(၁၀)လုံး

CHERRY OO

CHERRY OO TRIPLE WIN
WORLD CUP 2018

ကျပ် ၂၀၀၀၀ ဖိုးနှင့်အထက် ဝယ်ယူသူတိုင်း
ကံထူးနိုင်မည့် အခွင့်အရေး

ဒဲခြစ်ကံစမ်းမဲ

ချန်ပီယံခန်ဖွန်း

10% Discount Coupon

No.103,105,107, 32nd street, Middle Block, Pabedan Tsp, Yangon, Myanmar.
Phone : +95(1)377 367, 376 088, 376 089
Fax : +95(1)373 996
Website : www.cherryoo.com www.facebook.com/cherryoowatchgallery

GOLDEN-5 GARMENT MANUFACTURING CO.,LTD

အမှတ် (၁၂-၁၄)၊ကံကော်လမ်း၊ ရွှေပေါက်ကံစက်မှုဇုန်။

TEL : 01695362,01695363,Fax : 01 695362

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ တဲဟုန်ပြည်နယ်ခွဲ ပါတီအတွင်းရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းများ လာရောက်လေ့လာဆွေးနွေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ တဲဟုန်ပြည်နယ်ခွဲ ပါတီအတွင်းရေးမှူး၊ ပြည်ပချစ်ကြည်ရေးအသင်း တာဝန်ခံ (အဆင့်မြင့်ညွှန်ကြားရေးမှူးချုပ်) Mr. Wang Jun Quing ဦးဆောင်သည့်အဖွဲ့ဝင် ၁၁ ဦးပါ ဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၈ ရက်က ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားသော ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံးသို့ရောက်ရှိ၍ စီမံခန့်ခွဲမှု ကော်မတီနှင့် တွေ့ဆုံပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာ ကိစ္စရပ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ဆောင်ရွက်လျက် ရှိသော ရွှေလီတံခါးဖွင့် စီးပွားရေးစမ်းသပ်ဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်တို့အား ချစ်ကြည်ရေးမြို့တော်အဖြစ် တည်ဆောက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် လေ့လာဆွေးနွေးခဲ့ပါသည်။

ထိုသို့ဆွေးနွေးရာတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ဒေါက်တာစိုးဝင်းက ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထားရှိသည့် အခြေခံမူများ၊ အထူးစီးပွားရေးဇုန် နယ်နိမိတ် သတ်မှတ်ချက်၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများကို ရှင်းလင်းပြောကြားခဲ့ပြီး တဲဟုန်ပြည်နယ်ခွဲပါတီအတွင်းရေးမှူးမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်တွင် ဆောင်ရွက်လျက်ရှိသည့် ရွှေလီတံခါးဖွင့်စီးပွားရေးစမ်းသပ်ဇုန်၏ လက်ရှိဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် တရုတ်-မြန်မာ စီးပွားရေးစကြံတစ်ရပ် တည်ဆောက်ရာတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရွှေလီတံခါးဖွင့် စီးပွားရေးစမ်းသပ်ဇုန်တို့၏ အရေးပါမှုကို ဆွေးနွေးခဲ့ပြီး ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး၊ ကုန်သွယ်ရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တူညီစွာ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နိုင်ရေးအတွက် အကြံပြုဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ

အလှကုန်နှင့် လူသုံးကုန်ပစ္စည်းပြပွဲမန္တလေးမြို့တွင်ကျင်းပ

SMART BUSINESS GROUP မှစုစည်းကျင်းပသည့် MANDALAY BEAUTY&LIFE STYLE EXPO အလှကုန်နှင့်လူသုံးကုန်ပစ္စည်းပြပွဲကို မန္တလေးမြို့ မြို့တော်ခန်းမတွင် မေ ၁၁ ရက်မှ ၁၄ ရက်အထိ၊ နံနက်၉နာရီမှည၈ နာရီအထိကျင်းပခဲ့သည်။

အရည်အသွေးမြင့် ထုတ်ကုန်များကို အထက်မြန်မာပြည်မှ ပြည်သူများ တစ်နေရာတည်းတွင် စုံစုံလင်လင်တွေ့မြင်၍ အရည်အသွေးသိရှိပြီး အကျိုးရှိစွာသုံးစွဲနိုင်ရန်ရည်ရွယ် ကျင်းပခြင်းဖြစ်သည်။ မန္တလေး အလှကုန်နှင့် လူသုံးကုန်ပစ္စည်းပြပွဲဖွင့်ပွဲကို မေ ၁၁ ရက် နံနက် ၉ နာရီကမြို့တော်ခန်းမရှေ့ ဈေးပွဲတော်မုခ်ဦးတွင်ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်ကျော်ထွန်း နှင့် ပြပွဲကျင်းပရေးအဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်အား ပေးကြပြီး ပြခန်းများအား ကြည့်ရှုလေ့လာခဲ့ကြသည်။

မန္တလေးအလှကုန်နှင့် လူသုံးကုန်ပစ္စည်းပြပွဲတွင် ပြည်တွင်းပြည်ပကုမ္ပဏီများမှ လူသုံးကုန်များ၊ အလှကုန်များ၊ ဖန်စီပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အဝတ်အထည်များ၊ အိမ်အလှဆင်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းများ၊ ပြည်တွင်းပြည်ပကုမ္ပဏီများမှ ဆေးဝါးများ၊ စက်ပစ္စည်းများ၊ ကင်မရာများ၊ နာရီများ၊ ယာဉ်အလှဆင်ပစ္စည်းများပါဝင်ပြသထားသည်။ အထက်မြန်မာပြည်မှ စီးပွားရေးလုပ်ငန်းရှင်များကိုလည်း လာရောက်လေ့လာရန် ဖိတ်ခေါ်ထားပြီး မော်ဒယ်များ၏ ကုန်ပစ္စည်းမိတ်ဆက်အစီအစဉ်များ၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် ကံစမ်းမဲအစီအစဉ်များ ထည့်သွင်းထားကြောင်းသိရသည်။

သီဟကိုကို(မန္တလေး)

ပဲပုပ်စေ့နှင့် ဈေးကွက် အလားအလာများ

(ယခင်တစ်ပတ်မှအဆက်)

ပုံ (၅) တရုတ်နိုင်ငံ၏ ပဲပုပ်စေ့တင်သွင်းမှုအခြေအနေ



၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပဲပုပ်စေ့တင်သွင်းမှုသည် တန်ချိန် ၉၅ ဒသမ ၅၃၇ သန်းရှိကာ ၂၀၁၆ ခုနှစ်ထက် ၁၄ ရာခိုင်နှုန်း ပိုမိုတင်သွင်းခဲ့ပါသည်။ ဘရာဇီး၊ အမေရိကန်နှင့် အာဂျင်တီးနားနိုင်ငံတို့မှ အဓိကတင်သွင်းခဲ့ပြီး စုစုပေါင်းတင်သွင်းမှု၏ ၅၃ ဒသမ ၃ ရာခိုင်နှုန်း၊ ၃၄ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၆ ဒသမ ၉ ရာခိုင်နှုန်း အသီးသီး စာရင်းဝင်ခဲ့ပါသည်။ သို့ရာတွင် ၂၀၁၇ ခုနှစ် တရုတ်နိုင်ငံ၏ ပဲပုပ်စေ့တင်ပို့မှုသည် တန်ချိန် ၁၁၃၉၀၀ တန်သာတင်ပို့နိုင်ခဲ့သောကြောင့် ယခင်နှစ်ထက် ၁၁ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

မူဝါဒပိုင်းဆိုင်ရာ ပြောင်းလဲမှုများနှင့် တင်သွင်းမှုအတွက် သိုလှောင်ထိန်းသိမ်းရန် လိုအပ်သည့် အခြေအနေများကြောင့် ၂၀၁၈ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ပဲပုပ်စေ့တင်သွင်းမှုသည် ၄ဒသမ၇ ရာခိုင်နှုန်းခန့်သာ ဆက်လက်တိုးတက်မည်ဖြစ်ကြောင်းနှင့် ပဲပုပ်စေ့တင်ပို့မှုသည် ၃ ဒသမ ၃ ရာခိုင်နှုန်း ဆက်လက်ကျဆင်းမည်ဖြစ်ကြောင်း ခန့်မှန်းဖော်ပြထားပါသည်။

တရုတ်နိုင်ငံသည် ဂျပန်၊ ဗီယက်နမ်နှင့် တောင်ကိုရီးယား နိုင်ငံများသို့ ပဲပုပ်စေ့ ဆက်စပ် ထွက်ကုန်များကို အသားတင်တင်ပို့သူအဖြစ်တင်ပို့လျက် ရှိကြောင်းနှင့် ပဲပုပ်ဆီကို အသားတင် တင်သွင်းသည့် နိုင်ငံဖြစ်ကြောင်းသိရှိရပါသည်။

ပဲပုပ်စေ့ နံပါတ်(၁) ထုတ်လုပ်သူမှ နံပါတ်(၁) ဝယ်ယူတင်သွင်းသူ အဖြစ်သို့ ပြောင်းလဲခဲ့မှု အခြေအနေ

တရုတ်နိုင်ငံတွင် ပဲပုပ်စေ့ကို ပြည်ပမှ အဓိကတင်သွင်းစားသုံးနေခြင်းသည် မကြာသေးမီနှစ်များမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ တရုတ်နိုင်ငံသည် ၂၀ ရာစုနှောင်းပိုင်းထိ ပဲပုပ်စေ့အများဆုံး ထုတ်လုပ်သူအဖြစ် ရပ်တည်ခဲ့ပြီး ပြည်တွင်းဖူလုံမှုရှိခဲ့သည့်အပြင် ၎င်းပို့ကုန်သည် ၁၉၆၁ ခုနှစ်ထိ အရေးပါသည့် ပို့ကုန်ဖြစ်ခဲ့ပါသည်။ ၁၉၈၀ ခုနှစ်တွင် ပဲပုပ်စေ့ တန်ချိန် ၉ သန်းသာ ထုတ်လုပ်နိုင်ခဲ့ခြင်းမှ ၁၉၉၄ ခုနှစ်တွင် တန်ချိန် ၁၆ သန်းထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့သဖြင့် ထုတ်လုပ်မှုအမြင့်ဆုံးနှစ်အဖြစ် မှတ်တမ်း၀င်ခဲ့ပါသည်။ တရုတ်နိုင်ငံသည် ၁၉၉၀ ခုနှစ်ထိ ပဲပုပ်စေ့အသားတင်တင်ပို့သူအဖြစ်ရပ်တည်ခဲ့ပါသည်။ သို့ရာတွင် တရုတ်နိုင်ငံ၏ ကမ္ဘာ့စျေးကွက်သို့ ပိုမိုဝင်ရောက်လာခြင်းနှင့် ဝယ်လိုအားများလာခြင်းတို့ကြောင့် ကမ္ဘာတွင်ပဲပုပ်စေ့အများဆုံး ထုတ်လုပ်သည့် အမေရိကန်၊ ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံများနှင့် တရုတ်နိုင်ငံသည် ယခင်က ပြိုင်ဘက်ဖြစ်ခဲ့ရာမှ ယခုအခါ ၎င်းနိုင်ငံများမှ အများဆုံးဝယ်ယူတင်သွင်းသည့်နိုင်ငံ ဖြစ်လာခဲ့ပါသည်။

ပဲပုပ်စေ့စျေးကွက်ကို ဖြေလျှော့ခြင်းကြောင့် ပြည်တွင်း၌ အဓိက သက်ရောက်မှုနှစ်ခုမှာ ပဲပုပ်စေ့တင်သွင်းမှု မြင့်တက်လာခြင်းနှင့် ပြည်တွင်းထုတ်လုပ်မှု ကျဆင်းခြင်းတို့ဖြစ်ပေါ်ခဲ့ပါသည်။ ပဲပုပ်စေ့တင်သွင်းမှုသည် ၁၉၉၀ ခုနှစ်ကုန်ပိုင်းမှစ၍ လွန်စွာမြင့်မားခဲ့ပြီး ၂၀၀၀ ခုနှစ်တွင် တန်ချိန်လေးသန်းသာတင်သွင်းခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် တန်ချိန် သန်း ၈၀ ကျော်ထိ တင်သွင်းခဲ့ပါသည်။ စိုက်ပျိုးမြေအကန့်အသတ်ရှိမှု၊ အထွက်နှုန်း ကျဆင်းမှုနှင့် ထုတ်လုပ်မှုစရိတ်ကြီးမှုများကြောင့် ပဲပုပ်စေ့ စိုက်ပျိုးထုတ်လုပ်မှုပမာဏများသည့် အမေရိကန်၊ ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်မှု ကျဆင်းခဲ့ပါသည်။ တရုတ်နိုင်ငံ၏ ပဲပုပ်စေ့ အဓိကစိုက်ပျိုးသည့် Helongjiang စီရင်စု၌ပင် ပဲပုပ်စေ့ထုတ်လုပ်သည့်ဧကလုပ်ငန်းများသည် လုပ်ငန်းတစ်ခုလျှင် ၁၀ ဟက်တာထက် ပိုမိုစိုက်ပျိုးနိုင်မှုမရှိကြောင်း သိရှိရပါသည်။

ပြည်တွင်းထုတ်လုပ်မှုသည် ပြည်ပမှတင်သွင်းသည့် ပဲပုပ်စေ့များနှင့် ယှဉ်ပြိုင်နိုင်မှုမရှိ၍ ၂၀၀၄ ခုနှစ်မှစ၍ တရုတ်နိုင်ငံ၏ ပဲပုပ်စေ့ထုတ်လုပ်မှုသည် တဖြည်းဖြည်း ကျဆင်းခဲ့သည်။ သို့ရာတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့နံပါတ် (၄) ပဲပုပ်စေ့ စိုက်ပျိုးထုတ်လုပ်သူအဖြစ် ရပ်တည်နေဆဲဖြစ်ပြီး အထွက်နှုန်းသည် တစ်ဟက်တာလျှင် ၁ ဒသမ

မြတ်နိုး

၈ တန်ခန့်ထွက်ရှိကြောင်း၊ ပဲပုပ်စေ့စိုက်ပျိုးမှုသည် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု စုစုပေါင်း၏ ၂၃ ရာခိုင်နှုန်းရှိပြီး မြေပဲနှင့်မုန်ညှင်းတို့သည် ထိပ်ဆုံးမှရပ်တည်နေကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံတွင် ပဲပုပ်စေ့စားသုံးမှု၏ ၈၀ ရာခိုင်နှုန်းသည် ပြည်ပစျေးကွက်ကိုမှီခို၍ တင်သွင်းပါသည်။ တရုတ်နိုင်ငံ၏ ပဲပုပ်စေ့ကုန်သွယ်မှုသည် ကမ္ဘာ့ပဲပုပ်စေ့ကုန်သွယ်မှုတွင် ၆၀ ရာခိုင်နှုန်းကျော်ထိပါဝင်နေပြီး ပဲပုပ်စေ့တင်သွင်းမှုသည် တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ တင်သွင်းမှုစုစုပေါင်း၏ သုံးပုံတစ်ပုံရှိပါသည်။ တရုတ်နိုင်ငံသည် အမေရိကန်၊ ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံသုံးနိုင်ငံကိုသာ အဓိကမှီခိုတင်သွင်းနေပြီး အဆိုပါနိုင်ငံများသည်လည်း တရုတ်စျေးကွက်ကို အဓိကမှီခိုတင်ပို့နေပြီး ဘရာဇီးသည် ပဲပုပ်စေ့ပို့ကုန်စုစုပေါင်း၏ သုံးပုံတစ်ပုံကို တရုတ်သို့တင်ပို့ကြောင်း၊ အမေရိကန်သည် ပဲပုပ်စေ့ပို့ကုန်စုစုပေါင်း၏တစ်ဝက်ကို တရုတ်သို့တင်ပို့ကြောင်းနှင့် အာဂျင်တီးနားသည် ပဲပုပ်စေ့ပို့ကုန် စုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းကို တရုတ်သို့တင်ပို့နေကြောင်းသိရှိရပါသည်။

တရုတ်နိုင်ငံ၏ ပဲပုပ်စေ့စိုက်ပျိုးထုတ်လုပ်မှုသည် ပြောင်းထုတ်လုပ်မှုတိုးတက်လာသည့်အတွက် စိန်ခေါ်မှုရှိခဲ့ပါသည်။ ပြောင်းထုတ်လုပ်မှုသည် ၁၅ နှစ်အတွင်းနှစ်ဆတိုးတက်လာပြီး ယခင်က ပဲပုပ်စေ့အများဆုံးထုတ်လုပ်စိုက်ပျိုးသည့် Heilongjiang စီရင်စုသည် ပြောင်းအများဆုံးစိုက်ပျိုးသည့်ဒေသဖြစ်လာပြီး တစ်နိုင်ငံလုံးပြောင်းထုတ်လုပ်မှု၏ ၁၅ ရာခိုင်နှုန်း ရှိလာပါသည်။ ပြောင်းသီးနှံ အထွက်နှုန်းသည် ပဲပုပ်စေ့အထွက်နှုန်းထက် သုံးဆပိုမိုသည့်အပြင် ပြောင်းသီးနှံအတွက် အနည်းဆုံး ဈေးနှုန်းသတ်မှတ်ချက်ကို ၅၀ ရာခိုင်နှုန်းမြှင့်တင်ခဲ့ခြင်းနှင့် ပဲပုပ်စေ့အတွက် အနည်းဆုံးဈေးနှုန်းသတ်မှတ်ချက်ကို ၃၀ ရာခိုင်နှုန်းသာမြှင့်တင်ခဲ့သည့်အတွက် စားနပ်ရိက္ခာဖူလုံမှုရှိရန်ရည်ရွယ်ချက်ဖြင့် ပြောင်းစိုက်ဧရိယာများပြားလာစေရန် ဦးတည်ခဲ့သည့် အစိုးရ၏ရည်ရွယ်ချက်သည် ပဲပုပ်စေ့မှပြောင်းသို့ ပြောင်းလဲစိုက်ပျိုးရန် ဆွဲဆောင်ခဲ့ကြောင်း သိရှိနိုင်ပါသည်။

အကောက်ခွန်

၁၉၉၀ ခုနှစ်မှစ၍ ပဲပုပ်စေ့တင်သွင်းမှု မြင့်တင်ရန်နှင့် WTO သို့ ဝင်ရောက်ရန်အတွက် အကောက်ခွန်ကိုသုံးရာခိုင်နှုန်းထိ လျှော့ချသတ်မှတ်ခဲ့ပြီး အရေအတွက်ပေါ် ကန့်သတ်ကောက်ခံသည့် အကောက်ခွန်နှုန်းသတ်မှတ်ထားခြင်းမရှိပါ။ ပဲပုပ်ဆီတင်သွင်းမှုအပေါ် ကောက်ခံသည့်နှုန်းသည် ၂၀၀၁ ခုနှစ်တွင် ၆၃ ရာခိုင်နှုန်းရှိရာမှ ၂၀၀၆ ခုနှစ်တွင် ၉ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ခဲ့ပြီး အခြားပဲပုပ်စေ့ ဆက်စပ်ထွက်ကုန်များအပေါ် ငါးရာခိုင်နှုန်းကောက်ခံလျက်ရှိပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မြစ်ကြီးနားစီးပွားဖွံ့ဖြိုးရေးဇုန် တရုတ်နိုင်ငံနဲ့ အကျိုးတူပူးပေါင်းတည်ထောင်ကြတော့မည်

မောင်လွင်ပြင်

ကချင်ပြည်နယ်တွင် မြစ်ကြီးနားစီးပွားဖွံ့ဖြိုးရေးဇုန်တည်ထောင်မည်ဟူသော သတင်းကြားသိရသည်။ မြစ်ကြီးနားစီးပွားဖွံ့ဖြိုးရေးဇုန် စီမံကိန်းအကောင်အထည်ဖော်ရန် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံပေါက်စန်းပြည်နယ်ခွဲ ဒုတိယအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့တို့သည် မေ ၈ ရက်က နားလည်မှုစာချွန်လွှာ (MoU) လက်မှတ် ရေးထိုးခြင်းကို ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြုလုပ်ခဲ့ကြသည်။ ယင်းနားလည်မှုစာချွန်လွှာကို ပါဝင်လက်မှတ်ရေးထိုးကြသူများမှာ ကချင်ပြည်နယ် အစိုးရအဖွဲ့ ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးဝေလင်း၊ ပေါက်စန်းပြည်နယ်ခွဲ ဒုတိယမြို့တော်ဝန် ဒူးချွမ်ချန်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးဇော်မျိုးညွှန့်၊ ဟိန်ရုန်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ တွမ်ကြည်ဝွေ့တို့ဖြစ်သည်။ ယင်းနားလည်မှုစာချွန်လွှာ ရေးထိုးခြင်းနှင့်ပတ်သက်၍ ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက ယခုလိုပြောကြားထားသည်။

"ကချင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေါက်စန်းပြည်နယ်ခွဲ အစိုးရကို ကြိုဆိုပါတယ်။ MoU လက်မှတ်ရေးထိုးနိုင်အောင် ကြိုးစားကြတဲ့ နှစ်ဖက်သောအဖွဲ့များကိုလည်း ကျေးဇူးတင်ပါတယ်။ နှစ်နိုင်ငံနဲ့ နှစ်ဖက်သော ပြည်သူများအတွက်အကျိုးရှိမယ်လို့ယုံကြည်ပါတယ်။ ဆက်လက်ပြီးတော့ လုပ်ငန်းဆောင်ရွက်မှုသဘောတူစာချွန်လွှာ (MoA)၊ ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် (JVA) ရေးထိုးနိုင်ဖို့အတွက်လည်း ဆက်လက်အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ အသေးစိတ်တော့ ညှိနှိုင်းရဦးမှာပါ။ တည်ဆောက်ရေးကာလက JVA စာချုပ်ချုပ်ပြီးမှပါ၊ အဲဒီမတိုင်ခင် ပြည်သူလူထုကိုလည်း ချပြမယ်။ တိုင်းလွှတ်တော်မှာလည်း ဆွေးနွေးအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ယခုလာမယ့်လွှတ်တော်မှာ တင်ပြမှာပါ။ အကျိုးအမြတ်ရာခိုင်နှုန်းကိစ္စ ဆက်ညှိနှိုင်းရဦးမှာပါ။ အကောင်းဆုံးဖြစ်အောင်တော့ ပူးပေါင်းလုပ်ဆောင်သွားကြ မှာပါ" ဟုပြောကြားခဲ့သည်။ ဆက်လက်ပြီး ပေါက်စန်းပြည်နယ်ခွဲ ဒုတိယအုပ်ချုပ်ရေးမှူး (ဒုတိယမြို့တော်ဝန်) ဖြစ်သည့် ဒူးချွမ်ချန်ကလည်း မြစ်ကြီးနားစီးပွားဖွံ့ဖြိုးရေးဇုန် တည်ဆောက်ရေးကို ယခုလိုပြောကြားထားပါသေးသည်။

"လက်မှတ်ရေးထိုးနိုင်တာကိုကြိုဆိုပါတယ်။ ပေါက်စန်းပြည်နယ်နဲ့ ကချင်ပြည်နယ်ဟာ နယ်မြေချင်းထိစပ်နေပြီး ယဉ်ကျေးမှုကအစ ကူးလူးဆက်ဆံမှုက အထူးအရေးကြီးပါတယ်။ တရုတ်နိုင်ငံရဲ့တစ်ဇုန်တစ်လမ်း (One Belt and One Road) ဦးဆောင်မှုဗျူဟာရဲ့အောက်မှာ နှစ်ဦးနှစ်ဖက်တည်ဆောက်ရေးကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေ အများကြီးရှိနေပါတယ်။ ထိန်ချုန်း-မြစ်ကြီးနားလမ်းတည်ဆောက်ရေး၊ လယ်ယာစိုက်ပျိုးရေးစတဲ့ကဏ္ဍတွေမှာ အင်တိုက်အားတိုက်လုပ်ဆောင်နေပါတယ်။ နိုင်ငံတကာက လုပ်ဆောင်ချက်များအတိုင်းဆောင်ရွက်သွားမှာဖြစ်ပြီး မြန်မာနိုင်ငံရဲ့ဥပဒေသတ်မှတ်ချက်များကို လိုက်နာသွားမှာဖြစ်ပါတယ်။ စာချုပ်ပါအချက်များကို လိုက်နာကျင့်သုံးပြီး ကုန်ထုတ်လုပ်မှုလုပ်ထုံး လုပ်နည်းတွေကိုလည်း လိုက်နာရမှာဖြစ်ပါတယ်။ ဒေသခံတို့ရဲ့ဓလေ့ထုံးစံများကိုလည်း လိုက်နာကြရမှာဖြစ်ပါတယ်။ ရင်းနှီးစွာဆက်ဆံရမှာလည်း ဖြစ်ပါတယ်။ အပြုသဘောဆောင်တဲ့ ဆွေးနွေးညှိနှိုင်းမှုတွေလည်း အချိန်နဲ့တစ်ပြေးညီ လုပ်ရမှာဖြစ်ပါတယ်။ ဒီစီမံကိန်းကတစ်ဆင့် နှစ်ဦးနှစ်ဖက် ဆက်ဆံရေးတွေလည်း မြှင့်တင်ကြိုးစားသွားရမှာလည်း ဖြစ်တယ်။ ငွေကြေးဆက်သွယ်ရေး၊ စီးပွားကူးသန်းမှုမြင့်မားရေးတွေလည်း ဒီဇုန်ကိုအခြေခံပြီး မြင့်တက်လာမယ်လို့ မျှော်လင့်ပါတယ်"ဟု ဆို သည်။

ယင်းမြစ်ကြီးနားစီးပွားဖွံ့ဖြိုးရေးဇုန် စီမံကိန်းသည် မြစ်ကြီးနားမြို့နယ် နန်ကျင်ကျေးရွာ အုပ်စု၊ ပလန်ကျေးရွာအုပ်စုများတွင် တည်ရှိပြီး ဧရိယာ ၄၇၅၁ ဧကကျော် ကျယ်ဝန်းသည်ဟုသိရ သည်။ ဇုန်စီမံကိန်းခန့်မှန်းကုန်ကျစရိတ်တန်ဖိုး တရုတ်ယွမ်ငွေ သိန်းပေါင်း ၁၈၀၀၀ (မြန်မာကျပ် ၃၇၂ ဘီလီယံ၊ အမေရိကန်ဒေါ်လာ ၂၇၃ ဒသမ ၄၄ သန်းခန့်) ရှိလိမ့်မည်ဟု ခန့်မှန်းတွက်ချက်ထားသည်။ ယင်းစီးပွားဖွံ့ဖြိုးရေးဇုန်ကြီးပေါ် ပေါက်လာလျှင် မြန်မာနိုင်ငံမြောက်ပိုင်း ဒေသတွင် အကြီးဆုံးအထူးစီးပွားရေးဇုန်ကြီးတစ်ခု ဖြစ်လာလိမ့်မည်ဟုလည်း ခန့်မှန်းနေကြသည်။

မြန်မာနိုင်ငံတွင် ယခုအခါစက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်ကြီးများ ထူထောင်ရန်စီစဉ်စိုင်းပြင်းနေသည်။ အားယူရှင်သန်စပြုလာသည့် အထူးစီးပွားရေးဇုန်ကြီးကို ပြပါဆိုလျှင် ရန်ကုန်မြို့ တောင်ပိုင်း သန်လျင်မြို့နယ်ထဲတွင် တည်ရှိသော သီလဝါအထူးစီးပွားရေးဇုန်ကြီးကို ပြသနိုင်ပြီဖြစ်သည်။ ယင်းဇုန်ကြီးတွင် ဂျပန်နှင့်စင်ကာပူနိုင်ငံတို့က အများဆုံးရင်းနှီးမြှုပ်နှံထားပြီး ဂျပန်ကုမ္ပဏီနှင့် စင်ကာပူကုမ္ပဏီများ စက်ရုံ၊ အလုပ်ရုံများတည်ထောင်ကြကာ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ စတင်လည်ပတ်ထုတ်လုပ်နေပြီဖြစ်သည်။ ဂျပန်နိုင်ငံသည် သီလဝါအထူးစီးပွားရေးဇုန်နှင့် ရန်ကုန်မြို့လယ်ဆက်သွယ်ရာတွင် အချက်အချာကျသည့် ဒေါပုံမြို့နယ်ထဲရှိ ပုဇွန်တောင်ချောင်းကူးသာကေတတံတားကိုလည်း ထောက်ပံ့လျှါဒါန်းအသစ်တည်ဆောက်ပေးနေခဲ့သည်မှာ ယခုဆိုလျှင် ပြီးစီးလုနီးပါးရှိနေသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် နောက်ထပ်အသစ်ပေါ်ထွက်စရာ အထူးစီးပွားရေးဇုန်ကြီးနှစ်ခုရှိပါသေးသည်။ ရခိုင်ပြည်နယ်ကျောက်ဖြူအထူးစီးပွားရေးဇုန်ကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်အထူးစီးပွားရေးဇုန်ကြီးတို့ဖြစ်သည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကြီးပေါ် ပေါက်ရေးအတွက် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းနှင့်အတူ တရုတ်နိုင်ငံအစိုးရက ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသည်။ ထားဝယ်အထူးစီးပွားရေးဇုန် ပေါ် ပေါက်ရေးအတွက်ကတော့ ထိုင်းနိုင်ငံအစိုးရနှင့် မြန်မာအစိုးရတို့ ညှိနှိုင်းနေကြဆဲဖြစ်ပြီး ဂျပန်နိုင်ငံကိုလည်း ပါဝင်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ထားသည်ဟုသိရသည်။ စက်မှုဇုန်များ အသစ်ထူထောင်ရေးကိစ္စကိုတော့ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့အား မိမိအစီအစဉ်ဖြင့် မိမိဆောင်ရွက်ကြရန် ပြည်ထောင်စုအစိုးရကလမ်းညွှန်ထားသည်ဟု ထင်မြင်သည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရကတော့ တိုင်းအတွင်းစက်မှုဇုန်အသစ်များ ထူထောင်ရေး၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ရေး စီစဉ်နေသံများကြားနေရသည်။ တိုင်းအတွင်းစက်မှုဇုန်အသစ်များ ထူထောင်ရာတွင် ပြည်ပရင်းနှီးမြှုပ်နှံသူများကိုလည်း ဖိတ်ခေါ်ထားသည်။ သက်ဆိုင်ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ကလည်း ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ပြုမည်ဟုဆိုထားသည်။

မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်ပဲတည်ထောင်တည်ထောင်၊ စက်မှုဇုန်ပဲဖော်ထုတ်ဖော်ထုတ် နိုင်ငံတော်၏ ဘတ်ဂျက်အရင်းအနှီးဖြင့် တစ်သီးတသန့် လုပ်ဆောင်၍ မရနိုင်သေးသဖြင့် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံငွေများဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုရမည့်အနေအထားရှိသည်။ မည်သို့ရှိသည်ဖြစ်စေ မိမိတို့မြေပေါ်တွင် အထူးစီးပွားရေးဇုန်၊ စက်မှုဇုန်များပေါ် ထွန်းလာရေးသည်သာ အဓိကကျသည်။ မိမိတို့နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများစားဝတ်နေရေး ချောင်လည်စေရေးမှာ အထူးစီးပွားရေးဇုန်နှင့်စက်မှုဇုန်များ မရှိမဖြစ်ပေါ် ပေါက်ဖို့ကလည်း အထူးလိုအပ်သည်။ ထို့ကြောင့် အထူးစီးပွားရေးဇုန်ပေါ် ပေါက်ရေး အိမ်နီးချင်းနှစ်နိုင်ငံရင်းနှီးမြှုပ်နှံ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် ကြိုဆိုရမည်သာဖြစ်သည်။

မြစ်ကြီးနားစီးပွားဖွံ့ဖြိုးရေးဇုန် စီမံကိန်းကို တရုတ်နိုင်ငံဘက်က ဟိန်ရုန်ရင်းနှီး မြှုပ်နှံမှုကုမ္ပဏီလီမိတက်နှင့် ကချင်ပြည်နယ်စီးပွားဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းပြီး စုပေါင်းရင်းနှီးမြှုပ်နှံရေးကုမ္ပဏီတစ်ခု ဖွဲ့စည်းပြီး ဆောင်ရွက်မည်ဖြစ်သည်။ ရှယ်ယာခွဲဝေမှုက မြန်မာဘက်က ၅၁ ရာခိုင်နှုန်း၊ တရုတ်ဘက်က ၄၉ ရာခိုင်နှုန်းဖြစ်မည်။ တည်ဆောက်ရေးကာလ ၁၀ နှစ်လျာထားသည်။ ကျပ် ၃၇၂ ဘီလီယံတန်ဖိုးရှိသည့် ယင်းစီမံကိန်းကိစ္စအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် စီးပွားရေးလုပ်ငန်းရှင်များသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြပြီးဖြစ်သည်ဟုလည်း သိရသည်။ မြစ်ကြီးနားစီးပွားဖွံ့ဖြိုးရေးဇုန် ပေါ် ပေါက်လာလျှင် တရုတ်နိုင်ငံဘက်က ရင်းနှီးမြှုပ်နှံကြမည့် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ စိုက်ပျိုးရေးလုပ်ကိုင်ကြသူများ ဝင်ရောက်လာမည်ဖြစ်သည်။ ထိုအခါ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိမည်။

ပြည်နယ်အစိုးရအခွန်အခရရှိမည်။ တရားမဝင်ကုန်ကူးသန်းရောင်းဝယ်ခြင်း၊ တရားမဝင်ငှက်ပျောစိုက်ပျိုးခြင်း၊ တရားမဝင်မြေယာငှားရမ်း၊ ရောင်းဝယ်ပိုင်ဆိုင်ခြင်း အရှုပ်အရှင်းများလည်း ကင်းရှင်းသွားမည်ဖြစ်သည်။ တစ်ခုတော့သတိထားရမည်။ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရတို့အနေဖြင့် နှစ်နိုင်ငံလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းတို့အကြား အဆက်အဆံပြုကြရာတွင် လာဘ်ပေးလာဘ်ယူကင်းရှင်းစေဖို့ကိုတော့ ကြိုတင်ပြင်ဆင်ထားဖို့လိုမည်ဖြစ်ပါကြောင်း။ ။

(စာရေးသူ၏အာဘော်သာဖြစ်ပါသည်။)

အခြေခံ ရေနှင့်ဆိုင်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ထိခိုက်မှုဆန်းစစ်ချက် စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းပြီးမြောက်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်း၍ ၂၀၁၅ ခုနှစ် မေလတွင်စတင်ခဲ့ပြီး ရေနှင့်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ကို စီမံခန့်ခွဲလျက်ရှိသော သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အခြားဆက်စပ်လျက်ရှိသော အဖွဲ့အစည်းများ၏ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်၍ အခြေခံရေနှင့်ဆိုင်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၈ ခုနှစ် မေလတွင် စီမံကိန်းပြီးစီးမည်ဖြစ်သည်။ သုံးနှစ်တာ စီမံကိန်းကာလအတွင်း ရရှိခဲ့သည့် ရလဒ်များနှင့် စီမံကိန်း ပြီးမြောက်ခြင်းဆိုင်ရာ ဆန်းစစ်ချက် အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ (၆)ထပ် ဆောင် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးဦးမျိုးသစ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်မင်းမောင်က စီမံကိန်းနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ချက်များအား တင်ပြခဲ့သည်။ ဆက်လက်၍ ဂျပန်ကျွမ်းကျင်ပညာရှင်အဖွဲ့ JICA ExpectTeam မှ အဖွဲ့ခေါင်းဆောင် Dr.Itaru OKUDA က စီမံကိန်းဆောင်ရွက်ချက်များအား လည်းကောင်း၊ Mr.Tomoe Takeda က မန္တလေးမြို့၏ ရေအရည်အသွေး စောင့်ကြည့်စစ်ဆေးမှုများအား လည်းကောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် Mr.Shunsuke Hieda က မြစ်ရေနှင့်ပတ်ဝန်းကျင် အခြေအနေများ၊ စီမံကိန်းဆိုင်ရာ တွေ့ရှိချက်များအား တင်ပြခဲ့သည်။ မွန်းလွဲပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာ ရေနှင့် သန့်ရှင်းမှုဌာနမှဌာနခွဲမှူး ဦးခင်မောင်သင်းနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးသန့်စင်ထွန်းတို့က ရေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ဆောင်ချက်များအားလည်းကောင်း၊ ရတနာပုံတက္ကသိုလ် ဓာတုဗေဒဌာန ပါမောက္ခ ဒေါက်တာရင်ရင်မြတ်က မန္တလေးမြို့၏ ရေနှင့်ဆိုင်ရာ ပတ်ဝန်းကျင် အခြေအနေများအား လည်းကောင်း၊ Natural Green Mandalay မှ တောင်သမန်အင်းအခြေအနေများအား တင်ပြကြရာ တက်ရောက်လာသူများက အကြံပြုဆွေးနွေးခဲ့ကြသည်။

စီမံကိန်းတွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန် ရေဆိုးစွန့်ပစ်မှုအခြေအနေ၊ စွန့်ပစ်ရေများကြောင့် မန္တလေးမြို့ ဝန်းကျင်နှင့် တောင်သမန်အင်းနှင့် ဒဋ္ဌဝတီမြစ်များ ရေအရည်အသွေး အခြေအနေများအား လေ့လာဆန်းစစ် ခဲ့ကြကြောင်း သိရသည်။

မောင်မြည့်သူ(မန္တလေး)

"How to export to the EU" နှင့် "Market Analysis Tools" သင်တန်းများ ကျင်းပပြုလုပ်

မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် GIZ ကုန်သွယ်မှု ဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် "How to export to the EU" နှင့် "Market Analysis Tools" သင်တန်းများကို ၂၀၁၈ ခုနှစ် မေ ၇ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အဆောက်အအုံ၊ ဒုတိယထပ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ "How to export to the EU" သင်တန်းတွင် နိုင်ငံရပ်ခြား တိုင်းပြည်များသို့ ထုတ်ကုန်ပစ္စည်းများ တင်ပို့ရောင်းချခြင်း မပြုမီ အထူးသဖြင့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့ရောင်းချရန် ရည်ရွယ်ထားသော ပို့ကုန်လုပ်ငန်းများ အနေဖြင့် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အတွက် သိသင့်သိထိုက်သော အချက်များနှင့် ဆောင်ရန်/ရှောင်ရန် အချက်များကို အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူမှ သင်ကြားပြသပေးခဲ့ပါသည်။ ပြည့်စုံမှုကန်သော Export Plan တစ်ခုရေးဆွဲဆောင်ရွက်ခြင်းဖြင့် မှုန်ကန်သော ထုတ်ကုန်ရွေးချယ်နိုင်ခြင်း၊ မှုန်ကန်သော ဝယ်ယူသူ ရွေးချယ်နိုင်ခြင်း၊ မိမိတင်ပို့လိုသည့် တိုင်းပြည်နှင့် စျေးကွက်တို့ကို မှုန်ကန်စွာရွေးချယ်နိုင်ခြင်း၊ ဆောင်ရွက်ရမည့် အဆင့်များအလိုက် အချိန်များ သတ်မှတ် ဆောင်ရွက်နိုင်ခြင်း၊ မှုန်ကန်သော စျေးနှုန်းကို တွက်ချက် သတ်မှတ်နိုင်ခြင်း စသည်တို့ကို သဘောပေါက် နားလည်ကာ မိမိလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုစေမည့် အချက်များကို သင်ကြားပြသပေးခဲ့ကြောင်းနှင့် အဆိုပါ သင်တန်းသို့ သင်တန်း သား ၁၈ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ မြန်မာနိုင်ငံမှ ဥရောပစျေးကွက်သို့ တင်ပို့ရန် အလားအလာရှိသော ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ စျေးကွက် သုတေသနဆိုင်ရာ ထုတ်ကုန်များ (Market Intelligent Products) များကို အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူများ၏ နည်းပညာ အကူအညီဖြင့် ရေးသားပြုစုလျက် ရှိသည့် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ အမှုထမ်း/အရာထမ်းများ၏ စွမ်းဆောင်ရည်မြှင့် သင်တန်းဖြစ်သော "Market Analysis Tools" သင်တန်းကို မေ ၁၅ ရက်နှင့် ၁၆ ရက်များတွင် သင်ကြားပို့ချပေးခဲ့ပါသည်။ သင်တန်းတွင် အပြည်ပြည်ဆိုင်ရာ စျေးကွက် သုတေသနဆိုင်ရာ သဘောတရားများကို ရှင်းလင်း ပြောကြားခြင်း၊ online tools များနှင့် resources များကို ကျွမ်းကျင်စွာ အသုံးပြုတတ်ရန် ရွေးချယ်ထားသော ထုတ်ကုန်များအလိုက် အုပ်စုများဖွဲ့ကာ လက်တွေ့လေ့လာ သင်ယူခဲ့ကြကြောင်းနှင့် သင်တန်းသို့ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ အမှုထမ်း/အရာထမ်းအပါအဝင် စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရပါသည်။

ကောင်းထွဋ်အောင်

ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

စဉ်	အမျိုးအစား/MDL	အကွာရာ	ဈေးနှုန်း	မှတ်ချက်
၁။	အေဒီဝင် (၂၀၁၁)	ယာယီ	၂၃၀ သိန်း	1.5 ဓာတ်ဆီ၊ နယ်
၂။	ဗီလ်ဒါ (၂၀၁၁)	ယာယီ	၃၅၅ သိန်း	1.5 ဓာတ်ဆီ၊ ရန်ကုန်
၃။	ရက်တစ် (၂၀၀၉)	H	၁၅၀ သိန်း	1.3 ဓာတ်ဆီ၊ ရန်ကုန်
၄။	ဗစ်ဇ် (၂၀၁၁)	ယာယီ	၁၇၅ သိန်း	1.3 ဓာတ်ဆီ၊ နယ်လိုင်စင်
၅။	ဟွန်ဒါဗစ် (၂၀၁၁)	ယာယီ	၂၁၀ သိန်း	1.3 ဓာတ်ဆီ၊ နယ်လိုင်စင်
၆။	ဘယ်လ်တာ (၂၀၁၁)	ယာယီ	၂၀၀ သိန်း	1.3 ဓာတ်ဆီ၊ နယ်လိုင်စင်
၇။	ပရိုဘောက် (၂၀၁၀)	F	၁၆၅ သိန်း	1.5 ဓာတ်ဆီ၊ ရန်ကုန်
၈။	ကလူဂ္ဂာ (၂၀၀၃)	G	၃၅၀ သိန်း	2.4 ဓာတ်ဆီ၊ ရန်ကုန်
၉။	အပ်ကား (နှစ် ၂၀)		၁၁၅ သိန်း	

အရောင်းအဝယ်အနည်းငယ်ရှိသော်လည်း ဈေးကွက်ကောင်းမလာသေးသည့် ရန်ကုန်ကားဈေးကွက်

မေလတတိယပတ် ရန်ကုန်ကားဈေးကွက်၏ အခြေအနေမှာ အင်ဂျင်ပါဝါသေးကားလေးများ အရောင်းအဝယ် အနည်းငယ်ရှိလာသော်လည်း ကားဈေးကွက်တစ်ခုလုံး ကောင်းလာခြင်းမျိုးမဟုတ်ဘဲ ကားလောက၏ဗဟိုဖြစ်သည့် ရန်ကုန် ကားဈေးကွက်တွင်သာ အဆိုပါအခြေအနေဖြစ်ပေါ်နေကြောင်း သိရသည်။

သင်္ကြန်ပွဲတော်အပြီး မေလဆန်းပိုင်းမှစတင်၍ ရန်ကုန် လိုင်စင်ကားလေးများ အရောင်းအဝယ်အနည်းငယ်ပြန်ဖြစ်လာခဲ့ပြီး လက်ရှိအချိန်တွင် ကားလေးများနှင့်စလစ်ကပ်ကားများထဲမှ ရောင်းတန်းဝင်ကား(အာလ်ဖတ်၊ ကလူဂ္ဂ၊ ဝှ၍) အနည်းငယ်၊ နယ်လိုင်စင်ဖြင့် ဝင်ရောက်သည့် မော်ဒယ်မြင့်ကားလေးများမှအစ ပါဝင်လာကြောင်း၊ ယခင်က ရန်ကုန် လိုင်စင်သာဦးစားပေးရွေးချယ်ကြသော်လည်း လတ်တလော နယ်လိုင်စင်ကားသစ်ကားလေးများပြန်လည်၍ အဝယ်လိုက်လာကြောင်း၊ နယ်ဝယ်လက်များပြန်ဆင်းလာသည့်အတွက်လည်း ယခုလို အရောင်းအဝယ် လိုက်လာရခြင်းဖြစ်ကြောင်း လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းမှ အကျိုးဆောင်ကိုမြင့်ကျော်က ပြောသည်။

မော်တော်ယာဉ်နှင့်ပတ်သက်သည့် မူဝါဒများ စတင်ကျင့်သုံးရာတွင်လည်း စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့မှစတင်သည့်အတွက် ယခုနှစ်ကျောင်းဖွင့်ရာသီတွင် ကျောင်းကားများပြေးဆွဲရန် သတ်မှတ်စည်းကမ်းချက်များ ထုတ်ပြန်လာပြီး ကျောင်းကားအဆင့်သတ်မှတ်ချက်မှာ ပြည်ပမှတင်သွင်းသည့် School Bus များဖြစ်ရမည်ဖြစ်ပြီး ဘယ်မောင်းဖြစ်ရန် လိုသလို ယခင်ပြေးဆွဲနေသည့် လိုက်ထရပ်အုပ်စု တောင်းအေ့စ်၊ ဟိုက်ဂျက်စသည့် အမိုးဖွင့်ပစ်ကပ်ကားလေးများ လုံးဝခွင့်မပြုတော့ကြောင်း သိရှိရသည့်အတွက် ယခုနှစ်ကျောင်းဖွင့်ရာသီတွင် တောင်းအေ့စ်ကားများဈေးငြိမ်သွား သော်လည်း ဟိုက်ဂျက်များမှာမူ ကျပ်သိန်း ၁၀၀ လောက်တန်ဖိုးဖြင့် ကုန်တိုက်အသုံးပြုသူ၊ ဝယ်ယူသူများ ဝယ်လက်များရှိဆဲဖြစ်ကြောင်း သိရသည်။

ကားလေးများအဝယ်ပြန်ရှိလာရခြင်းမှာ ကလေးများ ပညာသင်နှစ်အစကျောင်းဖွင့်ရာသီမတိုင်မီအချိန်များတွင် ဖြစ်လေ့ဖြစ်ထရှိသော်လည်း ယခုအခါတွင်မူ ဧပြီလဆန်းမှ စတင်၍ ရန်ကုန်လိုင်စင်အား အင်ဂျင်ပါဝါသတ်မှတ်ချက်ဖြင့် ငွေပေးသွင်းပြီး ခွင့်ပြု/မပြုဆိုသည့် မူဝါဒတစ်ရပ်ချမှတ်လာနိုးနိုး မျှော်လင့်နေကြသော ကာလဖြစ်သည့်အပြင် ယခုနှစ်လ ပြည့်လုနီးပါး အချိန်ထိ ဘာသံမှမကြားရသေးသဖြင့် ပုံမှန်အတိုင်းပင် ယခင်ရှိရင်း နံပါတ်အက္ခရာနိမ့်များ၊ နယ်လိုင်စင်အသစ်များဘက် ပြန်လည်ဦးလှည့်သွားသဖြင့် ဖြစ်နိုင်ကြောင်း ဦးမြင့်ကျော်နှင့်ဝါရင့်အကျိုးတော်ဆောင်များကပြောသည်။ **SN**

BEST PRACTICES FOR INTERNATIONAL BUSINESS အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော် Park Royal Hotel တွင် ကျင်းပ

ထိုင်းနိုင်ငံ ဘန်ကောက်မြို့အခြေစိုက် အီတလီသံရုံး၏ ကုန်သွယ်မှု မြှင့်တင်ရေးဌာနခွဲဖြစ်သည့် Italian Trade Commission နှင့်မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့တို့ပူးပေါင်း၍ ကုန်သွယ်မှုမြှင့်တင်ရေး ဆိုင်ရာ Best Practices for International Business အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက် နံနက်ပိုင်းတွင် နေပြည်တော် Park Royal Hotel ၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် How to Internationalize SMEs ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Negotiating across cultures: the art of giving and taking in international ခေါင်းစဉ်ဖြင့် လည်းကောင်း၊ About Body Language ၊ Communication Basic Principles နှင့် Italy ဆိုင်ရာ အီတလီ သံအမတ်ကြီး H.E. Mr. Pier Giorgio Aliberti၊ Italian Trade Commissioner Mr. Fabio De Cillis နှင့် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်း၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင် ဦးညီညီအောင်နှင့် သင်တန်းသား၊ သင်တန်းသူ ၃၈ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

Cultures များ ဆွေးနွေးခြင်းစသည့် ခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

Best Practices for International Business အလုပ်ရုံဆွေးနွေးပွဲသို့ Italian Trade Agency မှ Technical နည်းပြဆရာ ၂ ဦးနှင့် အဖွဲ့ဝင် ၁ ဦး၊ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်း၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင် ဦးညီညီအောင်နှင့် သင်တန်းသား၊ သင်တန်းသူ ၃၈ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

ဥမ္မာကြူ (ကုန်သွယ်ဖွံ့ဖြိုး)

မြန်မာ-အမေရိကန်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆွေးနွေး

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် American Chamber of Commerce in Myanmar(AMCHAM)တို့ ပူးပေါင်း၍ မြန်မာ- အမေရိကန်ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး ဆွေးနွေးပွဲကို မေ ၁၇ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့

ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၆၆ လမ်းရှိ Hilton ဟိုတယ်ခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားသို့မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်မင်းနှင့်အမှုဆောင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ဒုတိယသံအမတ်ကြီးနှင့်အမေရိကန်ကုန်သည်ကြီးများအသင်း အမှုဆောင်နှင့်စီးပွားရေးလုပ်ငန်းရှင်များတက်ရောက်ကြသည်။

အခမ်းအနားတွင်မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်မင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ဒုတိယသံအမတ်ကြီး Georgen.Sibley ကအမေရိကန်စီးပွားရေးလုပ်ငန်းရှင်များနှင့်မိတ်ဆက်ပေးခဲ့သည်။ ထို့နောက် မန္တလေး တိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးထွက်ကုန်များအရည်အသွေးမြှင့်တင်ပို့ရောင်းချရေး၊ စက်မှုလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများဆွေးနွေးကြပြီးအပြန်အလှန်လက်ဆောင်ပစ္စည်းများပေးအပ်ကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

MJC One-Day Regional Seminar on Leadership & Organizational Management အထူးဟောပြောပွဲ ကျင်းပ

မြန်မာ-ဂျပန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ဗဟိုဌာန (MJC) နှင့် မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော MJC One-Day Regional Seminar on Leadership & Organizational Management အထူးဟောပြောပွဲကိုမော်လမြိုင်မြို့ ကုန်စည်ဒိုင်ခန်းမ၌ မေ ၁၅ ရက်က ကျင်းပ ပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးစိုးသန်းအေးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာ-ဂျပန် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ဗဟိုဌာန (MJC) မှ ဒေါက်တာမြင့်ဆန်းက Leadership and Organizational Management ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ရာ Leadership ၏ အဓိပ္ပာယ်၊ ခေါင်းဆောင် လက္ခဏာရပ်များ၊ အဖွဲ့အစည်း စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှု၊ ခေါင်းဆောင်မှုစွမ်းရည်၊ ခေါင်းဆောင်မှုအခြေအနေနှင့် လိုက်ဖက် သီအိုရီစသည့် အကြောင်းအရာများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ မြန်မာ-ဂျပန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ဗဟိုဌာန (MJC) မှ ဒေါက်တာသန်းသန်းအောင်က Practical Japanese Style Management ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာသူများမှ မေးမြန်းခြင်းအပေါ် တာဝန်ရှိသူများမှ အသီးသီး ပြန်လည်ရှင်းလင်းဖြေဆိုခဲ့ပြီး ဆွေးနွေးပွဲသို့တက်ရောက်လာသူများအား MJC One-Day Regional Seminar on Leadership & Organizational Management တက်ရောက်ပြီးစီးမှု လက်မှတ်များကို ချီးမြှင့်ခဲ့သည်။ အဆိုပါ အခမ်းအနားသို့ မွန်ပြည်နယ်အတွင်းမှ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

မိုးမိုး(စားသုံးသူ-မွန်)

နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး အစိုးရရုပ်ကွက်၊အင်္ဂနေ့ရထားလမ်းမကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) အရှေ့မြို့ပတ်လမ်း၊ ရေဒေးကွင်းရုပ်ကွက်၊ အမှတ်(၅)စျေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရုပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတာပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် (၈/၉)လမ်းကြား၊ ကန္တာရတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်ရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး သာစည်လမ်း၊ ဒေါ်နဲ၌ရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

(၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

၂၁-၅-၂၀၁၈ မှ ၂၇-၅-၂၀၁၈ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)

တနင်္လာသားသမီးများအတွက် တည်ငြိမ်အေးချမ်းနေတတ်သည်။ တောတောင်အရပ်များသို့လှည့်လည်သွားလာသော လုပ်ငန်းများတွင် စိတ်ပါဝင်စားမှုရှိပြီး လုပ်ကိုင်ဆောင်ရွက်ပါက အောင်မြင်ဖြစ်ထွန်းပါလိမ့်မည်။ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်နေမည်။ အချစ်ရေးတွင် ရွေးချယ်ရခက်နေပြီး စိတ်တိုင်းမကျဖြစ်နေမည်။ ကျန်းမာရေးအနေဖြင့် အပူကြီးသောရောဂါ၊ မျက်စိနှင့်ပတ်သက်သောဝေဒနာတို့ဖြစ်တတ်ပါသည်။

ယတြာ။ ။ကုံကော်ညွှန့်ဘုရားလှူပါ။

တနလ်္ဂာသားသမီးများအတွက် လယ်ယာကိုင်းကျွန်းနှင့်မွေးမြူရေးလုပ်ငန်းများ၊ ရေထွက်ပစ္စည်းများထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း အကျိုးဖြစ်ထွန်းမှုရှိတတ်ပါသည်။ ပညာရေးကောင်းသည်။ အချစ်ရေးတွင်ဘာသာရေးလိုက်စားသူနှင့်ကြုံဆုံရလိမ့်မည်။ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ရန်ခက်လိမ့်မည်။ ကျန်းမာရေးအနေဖြင့် လေ၊ သလိပ်နှင့်ပတ်သက်သောရောဂါ၊ ရေဘေးအန္တရာယ်သတိပြုသင့်ပါသည်။

ယတြာ။ ။ဇွန်ပန်းလှူပါ။

အင်္ဂါသားသမီးများအတွက် အတွေ့အကြုံများတွင် ခက်ခဲမှုနှင့် ရန်သူအနည်းငယ်ပေါ်ပေါက်တတ်သည်။ စစ်မှုထမ်းလုပ်ငန်း၊ အချက်အပြုတ်အကြော်အလှော်လုပ်ငန်း၊ ဟိုတယ်၊ စားသောက်ဆိုင်လုပ်ငန်းတို့ အကျိုးပေးပါသည်။ ပညာရေးကောင်းပါသည်။ အချစ်ရေးတွင် ယှဉ်ပြိုင်မှုရှိသော်လည်း မိမိကအနိုင်ရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အဆုတ်ရောင်ရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွား၊ လျှာတို့နှင့်ပတ်သက်သောဝေဒနာခံစားရတတ်ပါသည်။ **ယတြာ။ ။ဝါးညွှန့်လှူပါ။**



ဗုဒ္ဓဟူးသားသမီးများအတွက် စာပေလုပ်ငန်းများတွင် ဝါသနာပါရှိတတ်ပါသည်။ အထူးသဖြင့် ဆေးရေးပန်းချီ၊ စာအုပ်ထုတ်ဝေခြင်း၊ အယ်ဒီတာလုပ်ငန်း၊ ပုံနှိပ်တိုက်လုပ်ငန်းတို့အကျိုးပေး အားကောင်းနေတတ်ပါသည်။ ပညာရေးထူးချွန်နိုင်သည့်ကာလ ဖြစ်မည်။ အချစ်ရေးတွင် စိတ်ကူးယဉ်နေတတ်သည်။ အိမ်ထောင်ရှိပြီးသူဆိုလျှင် အိမ်ထောင်ရေးအတွက် စားဝတ်နေရေး ကြိုးစားနေရမည်။ ကျန်းမာရေးတွင် မြေဓာတ်လွန်ကဲခြင်း အားကုန်ခန်းသောရောဂါတို့ ဖြစ်တတ်ပါသည်။

ယတြာ။ ။ပေါက်ပေါက်ဆွမ်းကပ်ပါ။

ကြာသပတေးသားသမီးများအတွက် ဩဇာဘုန်းတန်ခိုးနှင့်ပြည့်စုံနေမည်။ အများ၏အားကိုးချစ်ခင်မှုကိုခံရလိမ့်မည်။ ပစ္စည်းဥစ္စာကိုအစဉ်မပြတ်ရှာဖွေနေတတ်မည်။ မင်းစိုးရာဇာတို့၏ ချစ်ခင်မြောက်စားမှုကိုခံရမည်။ ပညာသင်ကြားခြင်း၊ ဆရာလုပ်ငန်းအကျိုးပေးကောင်းနေမည်။ အချစ်ရေးတွင်သာယာဖြောင့်ဖြူးမှုရှိနေမည်။ အိမ်ထောင်ရေး သာယာနေမည်။ ကျန်းမာရေးအနေဖြင့် အစိုးရိမ်လွန်သောရောဂါ၊ အစာအိမ်ရောဂါ၊ အူကျခြင်း၊ အူထုံးခြင်းရောဂါတို့ဖြစ်တတ်ပါသည်။

ယတြာ။ ။သက်ကြီးရွယ်အိုတို့ကို အာဟာရလှူဒါန်းပါ။

သောကြာသားသမီးများအတွက် ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝစွာရှိနေမည်။ လက်ထပ်မင်္ဂလာအခမ်းအနား၊ ရေမွှေး၊ နှံ့သာ၊ ပန်းမန်လာတို့နှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းအောင်မြင်တိုးတက်မှုရှိနေမည်ဖြစ်ပါသည်။ အချစ်ရေးကံကောင်းနေမည်။ ချစ်သူခင်သူဝန်းရံနေမည်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းရောဂါ၊ ထုံကျင်သောရောဂါ၊ ဆီး၊ အင်္ဂါစပ်တွင်ဖြစ်သောရောဂါတို့ဖြစ်တတ်ပါသည်။

ယတြာ။ ။နို့၊ ဒိန်ခဲလှူဒါန်းပါ။

စနေသားသမီးများအတွက် ဒေါသလွန်ကဲတတ်သောကြောင့် မိမိလုပ်ဆောင်ရမည့် အလုပ်ကိစ္စများတွင်အခက်အခဲများနှင့်ရင်ဆိုင်ရတတ်သည်။ သစ်မြစ်၊ သစ်သီး၊ ဘယဆေးပစ္စည်းထုတ်လုပ်ရောင်းဝယ်ခြင်းလုပ်ငန်း၊ အလုပ်သမားများစွာကို အုပ်ချုပ်ရသောလုပ်ငန်း၊ ကန်ထရိုက်လုပ်ငန်းများ အကျိုးပေးကောင်းနေတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်တိုင်းကျမှုအားနည်းနေတတ်သည်။ ကျန်းမာရေးအနေဖြင့် လေ၊ သလိပ်ရောဂါ၊ စိုးရိမ်ပူပန်ခြင်းကြောင့် နှလုံးရောဂါတို့ဖြစ်တတ်ပါသည်။

ယတြာ။ ။အုန်းထမင်းလှူဒါန်းပါ။

စစ်ကိုင်းတိုင်းဒေသကြီး မေလတတိယပတ်စပါး/ဆန်ဈေးအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး မေလတတိယပတ်စပါး/ဆန်ဈေး အရောင်းအဝယ်ဖြစ်မှု အေးနေပြီး ဒေသတွင်း အသုံးရှိသောကြောင့်သာ အရောင်းအဝယ်ဖြစ်နေသည်ဟု သိရှိရပါတယ်။ ယခုတစ်ပတ် ရွှေဘိုပေါ်ဆန်းစပါးဈေးမှာတင်း ၁၀၀ လျှင် ကျပ် ၁၄၅၀၀၀၀ မှ ၁၅၀၀၀၀၀ ရှိနေပြီး ရွှေဘိုပေါ်ဆန်းဆန်ဈေးမှာ ထိပ်စတစ်အိတ် လျှင်ကျပ် ၅၀၀၀၀ အထက်နှင့် အလတ်စတစ်အိတ်လျှင် ကျပ် ၄၇၀၀၀ မှ ၄၉၀၀၀ ခန့် ရှိပါတယ်။ ယခင်နှစ်ဈေးများမှာ ရွှေဘိုပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ကျပ် ၁၀၂၅၀၀၀ မှ ၁၀၃၀၀၀၀ နှင့် ဆန်တစ်အိတ်လျှင် ကျပ် ၃၃၀၀၀ မှ ၃၄၀၀၀ တို့ဖြစ်ပါတယ်။ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ယခုနှစ်စပါး/ဆန်ဈေးကောင်းသဖြင့် ပေါ်ဆန်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရပါတယ်။ ရွှေဘိုဧရာမင်းစပါးဈေးနှင့်ရွှေဦးရောမင်းစပါးဈေးများမှာ ယခုတစ်ပတ်တွင် ဈေးတူနေပြီး စပါးတင်း ၁၀၀ လျှင် ကျပ် ၈၀၀၀၀၀ သာရှိနေပြီး ဆန်ဈေးမှာ ရွှေဘိုဧရာမင်း တစ်အိတ်လျှင် ကျပ် ၃၂၀၀၀ နှင့် ရေဦးဧရာမင်းတစ်အိတ် ကျပ် ၃၀၀၀၀ သာရှိနေပါတယ်။ ယခင်နှစ်ကာလတူဈေးများမှာ ရွှေဘိုဧရာမင်းစပါးတင်း ၁၀၀ လျှင် ကျပ် ၉၀၀၀၀၀ နှင့် ဆန်တစ်အိတ်လျှင် ကျပ် ၃၇၀၀၀ ဖြစ်ပြီး ရေဦးဧရာမင်းစပါး တင်း ၁၀၀ လျှင်ကျပ် ၉၅၀၀၀၀ နှင့် ဆန်တစ်အိတ်လျှင် ကျပ် ၃၅၅၀၀ ထိရှိပါတယ်။ ကာလတူနှင့်နှိုင်းယှဉ်ပါက ယခုနှစ် ဧရာမင်းစပါး/ဆန်ဈေးသည် ယခင်နှစ်အောက်လျော့နည်းနေကြောင်း တွေ့ရှိရပါတယ်။ ထိုသို့ဈေး လျော့နည်းရခြင်းမှာ မိုးကောင်းလွန်းသဖြင့် ဆန်အထွက်နည်းခြင်း၊ ဆန်လုံးမလှခြင်း၊ ဆန်လုံးကြေခြင်းတို့ကြောင့်ဈေးနည်းနေကြောင်း စက်ပိုင်၊ ပွဲစားများထံမှ သိရှိရပါတယ်။

ကလေးခရိုင်ရှိစပါး/ဆန်အရောင်းအဝယ်ဖြစ်မှုမှာလည်း အောက်ပိုင်းဝယ်လက်မရှိဘဲ ချင်းပြည်နယ်သို့တင်ပို့မှုသာရှိနေပါတယ်။ ယခုတစ်ပတ် ကလေးခရိုင်ရှိစပါး/ဆန်ဈေးမှာ နှစ့် မထ တင်း ၁၀၀ လျှင် ကျပ် ၆၅၀၀၀၀ နှင့် နည့်မထဆန် တစ်အိတ်လျှင် ကျပ် ၂၁၅၀၀ ရှိပါတယ်။ ယခုတစ်ပတ် ငစိန်စပါး/ဆန်ဈေးမှာ နည့်မထစပါး/ဆန်ဈေးနှင့် တူညီနေကြောင်းကို တွေ့ရှိရပါတယ်။ ယခင်ကာလတူဈေးမှာ နည့်မထစပါးတင်း ၁၀၀ လျှင်ကျပ် ၆၂၀၀၀၊ ဆန်တစ်အိတ်ကျပ် ၂၁၀၀၀ နှင့် ငစိန်စပါးတင်း ၁၀၀ လျှင် ကျပ် ၆၀၀၀၀၀၊ ဆန်တစ်အိတ် ကျပ် ၁၉၀၀၀ ရှိပါတယ်။ ကာလတူနှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ်သာကွာခြားမှုရှိသည်ဟုသိရှိရပါတယ်။

ကသာခရိုင်ရှိစပါး/ဆန်ဈေးကွက်မှာ တရုတ်ဝယ်လက်ရှိသဖြင့် ဈေးကောင်းရနေပြီး အရောင်းအဝယ်အနည်းငယ်ဖြစ်နေကြောင်း ပွဲစားများထံမှ သိရှိရပါတယ်။ ကသာခရိုင်တွင် ယခုတစ်ပတ် မှော်ဘီစပါးတင်း ၁၀၀ လျှင် ကျပ် ၈၆၀၀၀၀၊ မှော်ဘီဆန် တစ်အိတ် ကျပ် ၃၀၀၀၀ နှင့် ဆင်း-၃ စပါးတင်း ၁၀၀ လျှင်ကျပ် ၇၄၀၀၀၀၊ ဆန်တစ်အိတ် ကျပ် ၂၈၀၀၀ တို့ဖြစ်ပါတယ်။

ကျော်ဇင်ဝင်း(ဇေယျာ)

ရောဝတီတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၈ ခုနှစ် မိုးစပါးချေးငွေ ထုတ်ချေးရန် အစည်းအဝေးပြုလုပ်

ရောဝတီတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၈ ခုနှစ် မိုးစပါးရာသီအတွက် ရောဝတီတိုင်းအတွင်းရှိ တောင်သူများအား စိုက်ပျိုးစရိတ် ဘဏ်ချေးငွေထုတ်ပေးရန် တိုင်းဒေသကြီး ချေးငွေအကြံပေးအဖွဲ့အစည်းအဝေးကို မေ ၁၄ ရက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တိုင်းမန်နေဂျာရုံးတွင် ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ဧရာဝတီတိုင်းဒေသကြီး) ဘဏ်ခွဲမန်နေဂျာ ဦးသန်းဌေးအောင်၊ တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီး ဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ စားသုံးသူရေးရာဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အဖွဲ့ဝင် တိုင်းအဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီး ဦးဌေးဝင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နှစ်စဉ် ထုတ်ချေးလျက်ရှိသော မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူခွင့်ပြုထားပြီး ၂၀၁၈ ခုနှစ်အတွက် မိုးစပါးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ၂၀၁၈ ခုနှစ် မေလနှင့်ဇွန်လအတွင်း အပြီးထုတ်ချေးရန် နိုင်ငံတော်မှ ခွင့်ပြုပေးခဲ့သဖြင့် မိမိလက်အောက်ရှိ မြို့နယ်ဘဏ်ခွဲများကိုလည်း အချိန်မီထုတ်ချေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် ရည်ညွှန်းစာဖြင့် အကြောင်းကြားထားရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ရောဝတီတိုင်းဒေသကြီး ချေးငွေအကြံပေး အဖွဲ့ဥက္ကဋ္ဌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီး မန်နေဂျာ ဦးသန်းဌေးအောင်က ၂၀၁၈ ခုနှစ် မိုးဘဏ်ချေးငွေထုတ်ပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ထုတ်ချေးမည့်မူ စနစ်များ၊ တောင်သူတစ်ဦးချင်းစီအတွက် ချေးငွေစည်းကမ်း သတ်မှတ်ချက်များ၊ လိုအပ်သော ထောက်ခံချက်များ၊ ကျေးရွာအုပ်စုအလိုက် ဖွဲ့စည်းရမည့် ချေးငွေစီစစ်ရေးအဖွဲ့ ၏ လုပ်ငန်း တာဝန်များ၊ ချေးငွေလုပ်ငန်း အစီအစဉ်နှင့် မြို့နယ်ဘဏ်ခွဲများမှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ကို အာမခံယူထားရန်နှင့် နိုင်ငံတော်အတွင်း လယ်ယာထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ပြီး စားနပ်ရိက္ခာဖူလုံစေရေး၊ နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေး၊ တောင်သူလယ်သမားများ ဝင်ငွေတိုးပွားရေး လူမှုစီးပွားဘဝဖွံ့ဖြိုးစေရေးရည်ရွယ်လျက် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် သုံးစွဲရန်မိုးစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဖက်တစ်လမ်းမှ ထုတ်ချေးပံ့ပိုး ကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော အဖွဲ့ဝင်များက ၂၀၁၈ ခုနှစ် မိုးစပါးရာသီ ချေးငွေထုတ်ပေးမည့် အစီအစဉ်တွင် ဖြစ်လာနိုင်သည့် အခက်အခဲများ၊ အားသာချက်/အားနည်းချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

ဧရာမြေ(ပုသိမ်)

မုံရွာမြို့၊ အောင်ချမ်းသာဈေးသို့ ကွင်းဆင်းစစ်ဆေး အသိပညာပေး

စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းတင်နှင့် ဝန်ထမ်းတစ်ဦးသည် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့နှင့် အတူ မေ ၈ ရက်တွင် မုံရွာမြို့ အောင်ချမ်းသာဈေးသို့ ကွင်းဆင်း၍ စားသုံးရန်မသင့်သည့် အစားအသောက်များ ရောင်းချခြင်း ရှိ/မရှိစစ်ဆေးပြီး ဈေးသူဈေးသား ၃၀ ဦးခန့်အား အသိပညာပေးဟောပြောဆွေးနွေးခဲ့ပါသည်။

တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) တိုင်းတာဝန်ခံ ဒေါက်တာ လဝန်းရွှေဦးဆောင်သောအဖွဲ့က ဂရုတစိုက်မှုန့်အကြမ်း/အနုများတွင် အရောင်ဆိုးဆေး ပါ/မပါ ဓာတ်ခွဲစမ်းသပ်ရန် နမူနာ ဝယ်ယူခြင်းနှင့် FDA မှ စားသုံးရန်မသင့်ကြောင်း ထုတ်ပြန်ကြေညာထားသည့် စားသောက်ကုန်များ ရောင်းချခြင်း ရှိ/မရှိ အဓိကထား၍ စစ်ဆေးခဲ့ပါသည်။ အမှတ်တံဆိပ်မပါသော ဂရုတစိုက်မှုန့်ဆိုင်အား မှတ်တမ်းတင်သတိပေးခြင်း လက်မှတ် ရေးထိုးခိုင်းပြီး နောက်တစ်ကြိမ်စစ်လျှင် ရောင်းချနေပါက ပစ္စည်းသိမ်းခြင်း/ အရေးယူခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

သန်းသန်းတင် (မုံရွာ)

နိုင်ငံတကာအဆင့်မီ ဈေးဝယ်စင်တာနှင့် ဟိုတယ်တွဲထားသည့် Spring Line ဟိုတယ်စီမံကိန်း စတင်ဖွင့်လှစ်

နိုင်ငံတကာအဆင့်မီ ဈေးဝယ်စင်တာနှင့် ဟိုတယ်တွဲထားသည့် Spring Line ဟိုတယ်ကို အောင်ဇေယျတံတားအနီးတွင် စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

အဆိုပါဟိုတယ်စီမံကိန်းတွင် စားသောက်ဆိုင်၊ ရေကူးကန်၊ အားကစား လေ့ကျင့်ရေးခန်းမ၊ ဈေးဝယ်စင်တာ၊ ကားပါကင်၊ အဆင့်မြင့်ဟိုတယ်နှင့် အိမ်ရာများပါဝင်ပြီး ကွန်ဒိုအခန်းပေါင်း ၃၀၀ ကျော်ပါဝင်ကြောင်း သိရသည်။

"ဒီစီမံကိန်းမှာပါတဲ့ အိမ်ရာခန်းတွေကို သုံးနှစ်အရစ်ကျနဲ့ အတိုးမဲ့ ရောင်းချပေးသွားမှာပါ။ ၉၀ ရာခိုင်နှုန်းက တည်ဆောက်မှုပြီးစီးသွားပါပြီ။ အရောင်းအတွက်ကိုလည်း 1sqf ကို ဒေါ်လာ ၁၈၀ ကနေ ၂၄၆ ဒေါ်လာ အထိရှိပြီး အဌားကတော့ 1sqf ကို ၁ ဒေါ်လာဈေးနှုန်းရှိပါတယ်"ဟု ရွှေအုတ်ခဲကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုဖွင့်လှစ်ခဲ့သည့် Spring Line စီမံကိန်းမှာ ဧရိယာစတုရန်းပတ်လည် ၈၀၀၀ ကျော်ရှိပြီး ရွှေအုတ်ခဲကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံတည်ဆောက်မှုအား စင်ကာပူနိုင်ငံ KTP ဒီဇိုင်းကုမ္ပဏီမှ ဒီဇိုင်းရေးဆွဲဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Spring Line စီမံကိန်း၏ ဟိုတယ်နှင့် ဈေးဝယ်စင်တာကို မေလ ၁၇ ရက်တွင် တရားဝင်စတင်ဖွင့်လှစ်ခြင်းဖြစ်ပြီး ရောင်းချငှားရမ်းသည့် ကွန်ဒိုအခန်းများအား ၂၀၁၈ ခုနှစ် ကိုးလပိုင်းတွင် အခန်းသော့ အပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

Johnson's ၏ ၁၂၅ နှစ်ပြည့် ကမ္ဘာလုံးဆိုင်ရာ နှစ်ပတ်လည် အခမ်းအနားကျင်းပ

Johnson's ၏ ၁၂၅ နှစ်ပြည့် ကမ္ဘာလုံးဆိုင်ရာ နှစ်ပတ်လည်အခမ်းအနားကို မေ ၁၂ ရက်တွင် ရန်ကုန်မြို့ ရှိ Sule Square Center တွင် ကျင်းပခဲ့သည်။

အဆိုပါပွဲကိုကျင်းပရခြင်းမှာ မြန်မာနိုင်ငံရှိ ကလေးငယ်များနှင့် မိသားစုဝင်များကို စိတ်ချလုံခြုံမှုဖန်တီးပေးနိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"Johnson and Johnson တည်ရှိခြင်းရဲ့ ရည်ရွယ်ချက်က အသုံးပြုသူတွေကို ကျန်းမာခြင်းနဲ့ ပိုမိုကောင်းမွန်တဲ့ဘဝကိုရရှိစေဖို့ ရည်ရွယ်ထုတ်လုပ်ထားတဲ့ထုတ်ကုန်ဖြစ်ပါတယ်။ ဒီပွဲကိုကျင်းပရတာကလည်း မိခင်တွေနဲ့ ရင်သွေးငယ်လေးတွေ Johnson အပေါ် ယုံကြည်အားပေးတဲ့ အထောက်အပံ့ တွေနဲ့ မြန်မာနိုင်ငံက မိခင်တွေကို ဂုဏ်ပြုရင်းကျင်းပပေးတာပါ"ဟု Johnson ၏ Business Director Mr. Lee Yeong Sheng က ပြောသည်။

အဆိုပါပွဲတွင် တေးသံရှင်ချမ်းချမ်းမှလည်း ကလေးများနှင့်ပတ်သက်သည့် စောင့်ရှောက်မှုအကြောင်း သိကောင်းစရာများကို ပြောကြားခဲ့ကြောင်း သိရသည်။

ပထမဆုံးအကြိမ် China-Myanmar Trade Fair 2018 ပြပွဲ ကျင်းပ

ပထမဆုံးအကြိမ်ကျင်းပမည့် အရည်အသွေးမြင့် ထုတ်ကုန်များရှာဖွေနိုင်မည့် China-Myanmar Trade Fair ပြပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MEP တွင် မေလ ၁၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါပွဲတွင် ဘဏ်နှင့် ချိတ်ဆက်ဝယ်ယူနိုင်မည့်စနစ်ကိုပါ ထည့်သွင်းထားပြီး ပြည်တွင်းလုပ်ငန်းရှင်များလိုအပ်သည့် ပစ္စည်းများဝယ်ယူရာတွင် အဆင်ပြေလွယ်ကူစေရန်နှင့် ငွေကြေးအခက်အခဲရှိသူများအတွက် အဆင်ပြေစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပွဲမှာ ပြည်ပက လာရောက်ပြသဖို့အတွက် ကုမ္ပဏီတိုက်ရိုက်ချိတ်ဆက်ပေးထားပြီး ကြားခံကိုယ်စားလှယ်မရှိတဲ့အတွက် ငွေကြေးပိုင်းမှာ အားသာချက် ရှိနိုင်တယ်။ နောက်ပြီး ဘဏ်နဲ့ ချိတ်ဆက်ဝယ်ယူနိုင်ဖို့အတွက် ပြခန်းထဲမှာ MCB ဘဏ်ကိုပါ ထည့်ထားတယ်။ အဲဒီလို ဘဏ်နဲ့ ချိတ်ဆက်ဝယ်ယူနိုင်တဲ့ စနစ်အဆင်ပြေရင် နောက်ပိုင်းမှာ တခြားဘဏ်တွေလည်း ပါလာနိုင်တယ်။ သူတို့ရဲ့ လိုအပ်ချက်ပေါ် မူတည်ပြီး စမ်းသပ်လုပ်ဆောင်တာဖြစ်လို့ ဘယ်လိုဖြစ်မလဲဆိုတာတော့ စောင့်ကြည့်ရမှာပဲ"ဟု မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ စီးပွားရေးကိုယ်စားလှယ် ဒေါက်တာ သက်လွင်ဦးက ပြောသည်။

ယခုကျင်းပသည့် China-Myanmar(Yangon) Trade Fair 2018 သည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် လာရောက်ပြသခြင်းဖြစ်ပြီး မြန်မာနိုင်ငံဘက်မှထောက်ခံမှု အပြည့်အဝ ရရှိထားသလို တရုတ်ကုန်သည်များဘက်မှလည်း စိတ်အားထက်သန်မှုရှိကြကြောင်း၊ ပြပွဲတွင် လုပ်ငန်းပေါင်း ၃၀၀ ကျော်မှ ပြခန်းပေါင်း ၂၀၀ ကျော်ပါဝင် ပြသထားပြီး ပြပွဲကျင်းပနေစဉ်အတွင်းမှာလည်း ဗဟုသုတရရှိစေမည့် ဆွေးနွေးပွဲများ ထည့်သွင်းပေးထားကြောင်း သိရသည်။

Dual Camera ပါဝင်သည့် Galaxy J7 Duo ကို ပြည်တွင်း၌ မိတ်ဆက်

နောက်ဆုံးပေါ် နည်းပညာများဖြင့် Dual Camera ပါဝင်သော Galaxy J7 Duo ကို ပြည်တွင်းဈေးကွက်၌ စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။

Galaxy J Series ထဲမှ Galaxy J7 Duo တွင် 13 MP နှင့် 5 MP ကင်မရာနှစ်လုံးပါရှိပြီး အနောက်ကင်မရာနှင့်အတူ 8 MP အရှေ့ကင်မရာလည်း ပါဝင်သည်။ အနောက်ကင်မရာ ၂ ခုလုံး တွင် 1.9 aperture နှင့် LED flash တို့ ပါဝင်သောကြောင့် အလင်းရောင်အားနည်းချိန်တွင်ပါ ဓာတ်ပုံရိုက်ကူးနိုင်မည့် စမတ်ဖုန်းတစ်လုံးဖြစ်သည်။

"ဆမ်ဆောင်းက မြန်မာနိုင်ငံမှာ ဦးဆောင်နေတဲ့ စမတ်ဖုန်းအမှတ်တံဆိပ်တစ်ခုအနေနဲ့ သုံးစွဲသူတွေရဲ့ စိတ်ကို ဖမ်းစားနိုင်တဲ့ Galaxy J Series ကို နောက်ထပ်တစ်ဆင့် ဆန်းသစ်ပြောင်းလဲဖို့ ကြိုးပမ်းနေပါတယ်။ သက်သာတဲ့ ဈေးနှုန်းနဲ့ Galaxy J7 Duo မှာ Dual Camera ကို မိတ်ဆက်ပေးပြီး သုံးစွဲသူတွေရဲ့ အသံကို အမြဲနားထောင်ပြီးတော့ သူတို့ရဲ့နေ့စဉ်ဘဝတွေကို ကူညီပံ့ပိုးနိုင်တဲ့ ဆန်းသစ်ပြောင်းလဲမှုတွေကို ယူဆောင်လာပေးတယ်ဆိုတာကို ပြသလိုက်တာပဲ ဖြစ်ပါတယ်" ဟု SSamsung Myanmar ၏ Head Of IT and Mobile ဖြစ်သူ ကိုဇာနည်ဝင်းထက်က ပြောသည်။

Hardware နှင့် Software ပိုင်း တွင်လည်း Exynos 7 Series Processor, Ram 3 GB နှင့် သိုလှောင်နိုင်စွမ်း 32 GB အထိပါဝင်ကာ 256 GB အထိ Micro SD Card ကို ထည့်သွင်း အသုံးပြုနိုင်မည် ဖြစ်သည်။

၅.၅ လက်မ အရွယ်အစားရှိ HD Super AMOLED မျက်နှာပြင်သည် ဖုန်းအသုံးပြုသူများကို အကောင်းဆုံးမြင်ကွင်းအတွေ့အကြုံကို ပေးစွမ်းနိုင်မည်ဖြစ်ပြီး 3000 mAh ဘက်ထရီသည် လုပ်ဆောင်မှုများ ပိုမိုလုပ်ဆောင်နိုင်စေမည် ဖြစ်သည်။ Galaxy J7 Duo စမတ်ဖုန်းသစ်အား အပြာရောင်၊ အနက်ရောင်နှင့် ရွှေရောင် အစရှိသဖြင့် အရောင်သုံးရောင် ရွေးချယ်နိုင်မည်ဖြစ်ပြီး ဈေးနှုန်းမှာ ကျပ် ၃၄၇၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်မည် ဖြစ်သည်။

ချောစု-စုစည်းသည်

ပထမဆုံးအကြိမ် သံဓာတ်အသိပညာပေးမှု ရက်သတ္တပတ်ကို Nestle Bear Brand မှ စတင်

ပထမဆုံးအကြိမ် သံဓာတ်အသိပညာပေးမှု ရက်သတ္တပတ်ကို မေလ ၁၁ ရက်တွင် ရန်ကုန်မြို့ရှိ မဟာဗန္ဓုလပန်းခြံတွင် ကျင်းပခဲ့သည်။

အဆိုပါပွဲကျင်းပရခြင်းမှာ သံဓာတ်နှင့်ပတ်သက်သော အကြောင်း အရာများနှင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသော သံဓာတ်ချို့တဲ့မှုအခြေအနေများအား အသိပညာပေးရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်တွေမှာလည်း သံဓာတ် အသိပညာပေးမှု ပရဟိတပွဲတွေလုပ်ခဲ့ပါတယ်။ အခု ဒီပွဲလုပ်ရတာလည်း သံဓာတ်နဲ့ပတ်သက်တဲ့ အသိပညာဗဟုသုတတွေ၊ ပျော်ရွှင်ဖွယ်ရာ ဂိမ်းအစီအစဉ်တွေကို ပြည်သူလူထုဆီပေးနိုင်ဖို့ ရည်ရွယ်ပြီးလုပ်တာပါ။ အဓိကကတော့ သံဓာတ်ချို့တဲ့မှုကို ကြိုတင်ကာကွယ်တဲ့နည်းလမ်းတွေ သိရှိစေဖို့ပါ"ဟု Nestle Myanmar Co., Ltd မှ Senior Marketing Manager Ms. Ivy Tan က ပြောသည်။

သံဓာတ်ချို့တဲ့မှုသည် မြန်မာနိုင်ငံ တစ်ခုတည်းမဟုတ်ဘဲ ကမ္ဘာနှင့်တစ်ဝန်း ဖြစ်ပွားနေသော်လည်း မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုများနေကြောင်း၊ သံဓါတ်ချို့တဲ့မှု၏ ထူးခြားချက်များမှာ မကြာခဏဖျားနာလွယ်ခြင်း၊ မူးဝေ မောပန်းခြင်းတို့ဖြစ်ပေါ်နိုင်ပြီး သံဓာတ်ကြွယ်ဝစေရန်အတွက် အနီရောင်ရှိသော အသား၊ အစိမ်းရောင်ရှိသော အရွက်နှင့် ပဲအမျိုးမျိုးတို့ကို စားသုံးသင့်ကြောင်း အာဟာရဆိုင်ရာဆရာဝန် ဒေါက်တာဆုနွယ်ဇော်က အကြံပြုပြောခဲ့သည်။

စာရင်းဝင်ကုမ္ပဏီများတိုးပွားလာရေးအတွက် Special Task Force မှ ကွင်းဆင်းဆောင်ရွက်နေ

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင် အများပိုင်ကုမ္ပဏီများတိုးပွားလာစေရေးအတွက် Special Task Force (အထူးအဖွဲ့) ဖွဲ့စည်းကာ ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ သတင်းရရှိသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်အများပိုင်ကုမ္ပဏီများ တိုးပွားလာရေးနှင့် ကုန်ကျစရိတ်သက်သာစွာဖြင့် အများပိုင်ကုမ္ပဏီများ ရန်ကုန်စတော့အိတ်ချိန်းသို့ ဝင်ရောက်လာနိုင်ရေးအတွက် လိုအပ်သော အကြံဉာဏ်များပေးခြင်း၊ အနီးကပ်လမ်းညွှန်မှုများပေးနိုင်ရေး အထူးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းရန် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၏ လမ်းညွှန်မှုအရ ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA) ၏ အကူအညီဖြင့် ဧပြီ ၂ ရက်က ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အထူးလုပ်ငန်းအဖွဲ့အနေနဲ့ အများပိုင်ကုမ္ပဏီတွေဆီ ကွင်းဆင်းပြီးတော့ ရန်ကုန်စတော့အိတ်ချိန်းဝင်ရောက်နိုင်ရေးအတွက် ထိတွေ့ဆောင်ရွက်နေပါတယ်။ နောက်ပြီး ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွေ၊ ဥပဒေအကျိုးဆောင်အဖွဲ့ (LAW FARM) တွေ၊ စာရင်းစစ်ကုမ္ပဏီတွေနဲ့ အနီးကပ်ထိတွေ့ပြီးတော့ စာရင်းဝင်ကုမ္ပဏီတွေလိုအပ်နေတဲ့အကူအညီတွေကို ပေးသွားမှာပါ။ အဓိကကတော့ စာရင်းဝင်ချင်တဲ့ အများပိုင်ကုမ္ပဏီတွေအနေနဲ့ သူတို့ရဲ့ကုန်ကျစရိတ်တွေကို ရှင်းပေးလျှော့ချပေးနိုင်ဖို့ပါ" ဟု Special Task Force အဖွဲ့ခေါင်းဆောင် Mr. Neville Daw က ပြောသည်။

အထူးလုပ်ငန်းအဖွဲ့၏ သက်တမ်းအနေဖြင့် တစ်နှစ်သတ်မှတ်ထားပြီး နိုင်ငံတကာ အတွေ့အကြုံရင့်ကျက်သော ကျွမ်းကျင်ပညာရှင်တစ်ဦးကဦးဆောင်ကာ အခြားအဖွဲ့ဝင်သုံးဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

"ဒီအထူးလုပ်ငန်းအဖွဲ့သက်တမ်းက တစ်နှစ်ဆိုတော့ သက်တမ်းကုန်တဲ့အချိန်ကျရင် အခုပါဝင်လုပ်ကိုင်နေတဲ့ ဝန်ထမ်းတွေက အထူးလုပ်ငန်းအဖွဲ့မှာ လုပ်ကိုင်ခဲ့တဲ့ အတွေ့အကြုံတွေနဲ့အတူ အထူးလုပ်ငန်းအဖွဲ့ရဲ့ လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်စတော့ အိတ်ချိန်းမှာလည်း စာရင်းဝင်ခြင်းဆိုင်ရာ အကြံပေးဌာန (Listing Consulting Division) ကို တည်ထောင်ထားပြီး အများပိုင်ကုမ္ပဏီတွေအနေနဲ့ လိုအပ်တဲ့အကြံဉာဏ်တွေကို ပေးနိုင်အောင် ဆောင်ရွက်ထားပါတယ်" ဟု ရန်ကုန်စတော့အိတ်ချိန်း၏ Executive Senior Manager ဦးသက်ထွန်းဦးက ပြောသည်။

■

MPT နှင့် မြန်မာနိုင်ငံ၏ လက်လီဈေးကွက်မှ မိတ်ဖက်လုပ်ငန်းများ ပူးပေါင်း၍ MPT CLUB စတင်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) နှင့် ပြည်တွင်းထိပ်တန်းလက်လီ အရောင်းဆိုင်များပူးပေါင်း၍ MPT Club အမည်ရှိ ဆန်းသစ်တီထွင်ထားသည့် အစီအစဉ်အသစ်ကို မေ ၁၅ ရက်တွင် စတင်မိတ်ဆက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

MPT Club အစီအစဉ်မှာ MPT သုံးစွဲသူအနေဖြင့် ငွေဖြည့်သည့် အခါတိုင်းနှင့် မိတ်ဖက်လုပ်ငန်းများ၏ ဆိုင်များတွင် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အသုံးပြုခြင်းတို့အတွက် ပွိုင့်များရရှိမည်ဖြစ်ပြီး ပွိုင့်များကို MPT ၏ငွေဖြည့်လက်ဆောင်များ၊ ဒေတာများဖြင့် လဲလှယ်နိုင်မည့်အပြင် မိတ်ဖက်ဆိုင်များတွင် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများဖြင့် လည်းလဲလှယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"စားသောက်ကုန်တွေ၊ ၂၄ နာရီဖွင့်တဲ့စတိုးဆိုင်တွေ၊ ရှော့ပင်းစင်တာနဲ့ လက်လီအရောင်းဆိုင်တွေ၊ နေ့စဉ်အသုံးအဆောင်ပစ္စည်းတွေ၊ ကျန်းမာရေးနဲ့ အီလက်ထရွန်းနစ်ပစ္စည်းတွေ အပါအဝင်များပြားလှတဲ့ကုန်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုတွေကို မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး MPT Club အနေနဲ့ မိတ်ဆက်ပေးခွင့်ရလို့ အရမ်းပဲ ဝမ်းမြောက်မိပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှုက မြန်မာနိုင်ငံမှာ အကြီးမားဆုံးဖြစ်တဲ့အပြင် သုံးစွဲသူ ၂၅ သန်း ကျော်က MPT Club အဖွဲ့ဝင်အဖြစ် မှတ်ပုံတင်ပြီး ငွေဖြည့်ဆုတွေရယူရုံးနဲ့ ပျော်ရွှင်မှုရရှိဖို့ ရည်ရွယ်ထားပါတယ်။ အခုအစီအစဉ်က MPT တစ်ဦးတည်းဆောင်ရွက်တာမဟုတ်ဘဲ အားလုံးသော မိတ်ဖက်အဖွဲ့အစည်းတွေ ပူးပေါင်းထားတာဖြစ်လို့ ကြီးမားတဲ့ အောင်မြင်မှုတစ်ခုဖြစ်သလို့ သုံးစွဲသူတွေအတွက် ကျေးဇူးတုံ့ပြန်တဲ့ အစီအစဉ်တစ်ခုလည်း ဖြစ်ပါတယ်" ဟု MPT-KSGM Joint Operations ၏ CEO Mr. Toshitake Amamiya ကပြောသည်။

လက်ရှိတွင် MPT အနေဖြင့် abc Convenience Stores၊ ခိုင်ခိုင်ကျော်မြန်မာထမင်းဆိုင်၊ Marrybrown၊ Pro1 Home Center၊ SHWE LAR SHABU SHABU ဟော့ပေါ့၊ Shwe Taung Real Estate နှင့် Wai Yan Electronic ဆိုင်များနှင့် ပူးပေါင်းဆောင်ရွက်နေပြီး မကြာမီ ထပ်မံပူးပေါင်းမည့် မိတ်ဖက်ဆိုင်များလည်း ရှိနေကြောင်း သိရသည်။

သုံးစွဲသူများအနေဖြင့် *345# ကို ခေါ်ဆို၍ MPT Club သို့ အခမဲ့ဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာလှုံ့ဆော်သော ပဏာမကျန်းမာရေးစောင့်ရှောက်မှုကွန်ရက်ကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

အူရီဒူးမြန်မာ၏ ငွေကြေးပံ့ပိုးမှုဖြင့် ဆောက်လုပ်ပြီးစီးသွားသော ပဏာမကျန်းမာရေးစောင့်ရှောက်မှုကွန်ရက်ကို ကျန်းမာရေးဝန်ကြီးဌာနသို့လွှဲပြောင်းပေးအပ်ခြင်းနှင့် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၊ စစ်ပင်ကွင်းကျေးရွာတွင် ၂၀၁၈ ခုနှစ် မေလ ၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အူရီဒူးအနေဖြင့် ပြည်သူလူထုလိုအပ်လျက်ရှိသော ကိုယ်ဝန်ဆောင်မိခင်၊ မွေးကင်းစ ကလေးငယ်နှင့် ကလေးသူငယ်များအတွက် ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိရန်ရည်ရွယ်ထားပြီး ပဏာမကျန်းမာရေး စောင့်ရှောက်မှုကွန်ရက်များတွင် ဆေးစစ်ခန်း၊ ကုသခန်း၊ သားဖွားခန်း၊ ကျန်းမာရေး စောင့်ရှောက်ကုသခန်း၊ လူနာနားနေခန်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်၊ ရေအရင်းအမြစ်ရရှိရေးနှင့် သိုလှောင်ရေးစနစ်၊ ဧည့်ဆောင်တို့ပါရှိပါသည်။

"မြန်မာနိုင်ငံတစ်ဝန်းမှာ အခြေခံကျန်းမာရေးကွန်ရက် ၁၇ ခုကို ဆောက်လုပ်ပေးဖို့ အူရီဒူးမြန်မာက ပံ့ပိုးပေးထားတဲ့အတွက် မြန်မာပြည်သူလူထုအနေနဲ့ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေး စောင့်ရှောက်မှုကို ရရှိနိုင်တော့မှာပါ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ကိုယ်ဝန်ဆောင်မိခင်သေဆုံးနှုန်း၊ မွေးကင်းစကလေးအပါအဝင် ငါးနှစ်အောက် ကလေးသူငယ်များ သေဆုံးနှုန်းတွေ လျော့ကျလာနိုင်ဖို့အတွက် ကာကွယ်နိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ အဲဒီကနေတစ်ဆင့် ကျန်းမာပျော်ရွှင်တဲ့ဘဝတွေ ပိုင်ဆိုင်မယ်လို့လည်း ယုံကြည်ပါတယ်" ဟု အူရီဒူးမြန်မာ၏ CEO Mr. Vikram Sinha က ပြောသည်။

မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီး ၈ခုအတွင်းရှိမြို့ပြဒေသများနှင့် ဝေးကွာသောပြည်သူလူထုအတွက် အူရီဒူးမြန်မာမှ အမေရိကန်ဒေါ်လာ ၃ဒသမ ၁သန်းကို မတည်မြှုပ်နှံပြီး အခြေခံကျန်းမာရေးစောင့်ရှောက်မှုကွန်ရက် ၁၇ ခုကို ဆောက်လုပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

Volvo XC 40 Premium Small Suv မော်တော်ကားသစ်ကို ပြည်တွင်းဈေးကွက်တွင်မိတ်ဆက်

ကမ္ဘာ့အသိအမှတ်ပြု အဆင့်မြင့်ကားကုမ္ပဏီ Volvo မှ ခေတ်မီဆန်းသစ်သည့် ဒီဇိုင်းနှင့် Volvo XC 40 Premium Small Suv မော်တော်ကား မော်ဒယ်လ်သစ်ကို ပြည်တွင်းဈေးကွက်အတွင်း စတင်မိတ်ဆက်ခြင်းအခမ်းအနားကို ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်တွင် မေ ၁၁ ရက်က ကျင်းပပြုလုပ်ခဲ့သည်။

"Volvo XC 40 Premium Small Suv ကို ပြည်တွင်း ဈေးကွက်မှာ မိတ်ဆက်ပြသဖို့အတွက် ကျွန်မတို့ စိတ်လှုပ်ရှားမိပါတယ်။ ရှုပ်ထွေးတဲ့ မြို့ပြပတ်ဝန်းကျင်မှာ အဆင်ပြေချောမွေ့စွာ မောင်းနှင်နိုင်ဖို့ လမ်းညွှန်ပါဝင်သလို XC 40 မော်ဒယ်လ် Volvo ကားကမြို့ကြီးတွေမှာ မောင်းနှင်ဖို့အတွက် အသင့်တော်ဆုံး ဖြစ်ပါတယ်။ Volvo ဟာ မောင်းသူရော စီးနင်းသူအတွက်ပါ ဘေးကင်းလုံခြုံမှုအတွက် အဓိကထားသော ကုမ္ပဏီဖြစ်ပါတယ်။ New Volvo XC 40 မော်တော်ကားက မြန်မာနိုင်ငံ ဈေးကွက်အတွက် အကောင်းဆုံးကား အမျိုးအစားဖြစ်ပြီး ကားအရောင်းဈေးကွက်တိုးမြှင့်ပေးမယ့်ကားဖြစ်ပါတယ်" ဟု Volvo Cars Myanmar ၏ Director and CFO ဒေါ်နွေးနွေးလှိုင်က ပြောသည်။

Volvo ကုမ္ပဏီသည် ယခုအချိန်တွင် Premium SUV မော်တော်ကား အမျိုးအစားကို သုံးမျိုးခွဲထုတ်လုပ်လျက်ရှိပြီး နောက်ဆုံးပေါ် ဒီဇိုင်း၊ နောက်ဆုံးပေါ် နည်းပညာများ ဘေးကင်းလုံခြုံမှုလုပ်ဆောင်ချက်များကြောင့် ၂၀၁၈ ခုနှစ်တွင် "European Car of The Year" ဆုကို Volvo XC 40 မော်ဒယ်က ရရှိခဲ့သည်။

Volvo ကားကုမ္ပဏီသည် မြန်မာနိုင်ငံ၌ ဖေဖော်ဝါရီလ ၂၀၁၇ တွင် လုပ်ငန်းစတင်ခဲ့ပြီး ပြည်တွင်းအဆင့်မြင့် ဇိမ်ခံကားဈေးကွက်တွင် ကားအစီးရေ ၇၀ ကျော်ကို တင်သွင်းရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

အွန်လိုင်းမှတစ်ဆင့် အစုရှယ်ယာများရောင်းဝယ်ခြင်းကို KTzRH ကုမ္ပဏီ လုပ်ကိုင်ခွင့်ရရှိ

အွန်လိုင်းမှတစ်ဆင့် အစုရှယ်ယာများ ရောင်းဝယ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ကို KTzRH ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ လုပ်ကိုင်ခွင့်ရရှိခဲ့ပြီဖြစ်ကြောင်း မေ ၁၆ ရက်က ရန်ကုန်စတော့ အိတ်ချိန်း၌ပြုလုပ်သော KTzRH ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ အွန်လိုင်းဝန်ဆောင်မှု အခမ်းအနားမှ သိရသည်။

အစုရှယ်ယာရောင်းဝယ်မှု ပိုမိုလျင်မြန်လာစေရန် အတွက် ရည်ရွယ်ပြီး အွန်လိုင်းမှတစ်ဆင့် အစုရှယ်ယာရောင်းဝယ်ခြင်း (Online Trading) ကို မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) က ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ စတင်ကာ ခွင့်ပြုပေးခဲ့ပြီး Myanmar Securities Exchange Center Co.,Ltd၊ KBZSC Securities Co.,Ltd၊ CB Securities Ltd နှင့် AYA Trust Securities Co.,Ltd တို့အား အစုရှယ်ယာများအွန်လိုင်းမှတစ်ဆင့် ရောင်းဝယ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း၊ ယခုအခါ ငါးခုမြောက် ကုမ္ပဏီအဖြစ် KTzRH ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KTzRH ကုမ္ပဏီသည် ထိုင်းနိုင်ငံမှ KT-ZMICO ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီနှင့် မြန်မာနိုင်ငံမှ Loi Hein Group တို့ ပူးပေါင်းထားသော ဖက်စပ်လုပ်ငန်းကုမ္ပဏီဖြစ်သည်။

■

သန်းထိုက်အောင်-စုစည်းတင်ပြသည်

မြို့ကြီးများ၏ ၂၁-၅-၂၀၁၈ မှ ၂၅-၅-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

မြို့	၂၁-၅ -၂၀၁၈ (တနလ်ာ)	၂၂-၅-၂၀၁၈(အင်္ဂါ)	၂၃-၅-၂၀၁၈(ဗုဒ္ဓဟူး)	၂၄ -၅-၂၀၁၈(ကြာသပတေး)	၂၅-၅-၂၀၁၈(သောကြာ)
နေပြည်တော်	၅၀% ၃၃˚C/၉၉˚F	၃၀% ၃၃˚C/၉၀˚F	၆၀% ၃၅˚C/၉၅˚F	တိမ်အသင့်အတင့် ၃၄˚C/၉၃˚F	တိမ်အသင့်အတင့် ၃၄˚C/၉၃˚F
ရန်ကုန်မြို့	တိမ်အသင့်အတင့် ၃၅˚C/၉၅˚F	၄၀% ၃၄˚C/၉၄˚F	၄၀% ၃၃˚C/၉၂˚F	တိမ်အသင့်အတင့် ၃၃˚C/၉၁˚F	တိမ်အသင့်အတင့် ၃၃˚C/၉၁˚F
မန္တလေးမြို့	နေသာ ၃၅˚C/၉၅˚F	၄၀% ၃၆˚C/၉၆˚F	၈၀% ၃၅˚C/၉၅˚F	တိမ်အသင့်အတင့် ၃၄˚C/၉၄˚F	တိမ်အသင့်အတင့် ၃၅˚C/၉၅˚F
မြစ်ကြီးနား	နေသာ ၃၂˚C/၉၀˚F	နေသာ ၃၄˚C/၉၄˚F	၈၀% ၃၂˚C/၉၀˚F	တိမ်အသင့်အတင့် ၃၀˚C/၈၆˚F	တိမ်အသင့်အတင့် ၂၉˚C/၈၅˚F
လားရှိုး	နေသာ ၃၂˚C/၈၉˚F	နေသာ ၃၃˚C/၉၁˚F	၈၀% ၃၀˚C/၈၆˚F	တိမ်အသင့်အတင့် ၂၈˚C/၈၂˚F	တိမ်အသင့်အတင့် ၂၉˚C/၈၄˚F
ကျိုင်းတုံ	နေသာ ၃၂˚C/၉၀˚F	၆၀% ၃၂˚C/၉၀˚F	၈၀% ၂၈˚C/၈၂˚F	တိမ်အသင့်အတင့် ၂၈˚C/၈၃˚F	တိမ်အသင့်အတင့် ၃၁˚C/၈၈˚F
လွိုင်ကော်	၄၀% ၃၂˚C/၈၉˚F	၈၀% ၃၂˚C/၈၉˚F	၉၀% ၂၉˚C/၈၅˚F	တိမ်အသင့်အတင့် ၂၈˚C/၈၃˚F	တိမ်အသင့်အတင့် ၂၉˚C/၈၅˚F
တောင်ကြီး	၈၀% ၂၆˚C/၇၈˚F	၅၀% ၁၈˚C/၆၄˚F	၅၀% ၂၂˚C/၇၂˚F	နေသာ ၂၂˚C/၇၂˚F	တိမ်အသင့်အတင့် ၂၃˚C/၇၃˚F
မော်လမြိုင်	၄၀% ၃၁˚C/၉၀˚F	၅၀% ၃၁˚C/၉၀˚F	၈၀% ၃၁˚C/၈၃˚F	တိမ်အသင့်အတင့် ၃၀˚C/၈၆˚F	တိမ်အသင့်အတင့် ၃၀˚C/၈၆˚F
ဘားအံ	၅၀% ၃၃˚C/၉၂˚F	၈၀% ၃၃˚C/၉၁˚F	၈၀% ၃၂˚C/၉၀˚F	တိမ်အသင့်အတင့် ၃၂˚C/၈၉˚F	တိမ်အသင့်အတင့် ၃၁˚C/၈၈˚F
တောင်ငူ	၄၀% ၃၀˚C/၈၈˚F	၂၀% ၃၆˚C/၉၇˚F	၈၀% ၃၄˚C/၉၃˚F	တိမ်အသင့်အတင့် ၃၃˚C/၉၂˚F	တိမ်အသင့်အတင့် ၃၃˚C/၉၂˚F
မုံရွာ	နေသာ ၃၆˚C/၉၇˚F	တိမ်အသင့်အတင့် ၃၆˚C/၉၇˚F	၅၀% ၃၆˚C/၉၆˚F	၄၀% ၃၆˚C/၉၆˚F	တိမ်အသင့်အတင့် ၃၆˚C/၉၆˚F
ပုသိမ်	၅၀% ၃၅˚C/၉၅˚F	၆၀% ၃၄˚C/၉၄˚F	၈၀% ၃၃˚C/၉၂˚F	တိမ်အသင့်အတင့် ၃၃˚C/၉၂˚F	တိမ်အသင့်အတင့် ၃၂˚C/၉၀˚F
မြိတ်	၈၀% ၃၀˚C/၈၈˚F	၈၀% ၃၁˚C/၈၈˚F	၈၀% ၃၀˚C/၈၈˚F	၅၀% ၃၀˚C/၈၃˚F	တိမ်အသင့်အတင့် ၃၀˚C/၈၃˚F
စစ်ကွေ့	၄၀% ၃၀˚C/၈၈˚F	၅၀% ၃၀˚C/၈၈˚F	၂၀% ၃၀˚C/၈၃˚F	တိမ်အသင့်အတင့် ၃၀˚C/၈၃˚F	တိမ်အသင့်အတင့် ၃၀˚C/၈၃˚F
မကွေး	နေသာ ၃၈˚C/၁၀၀˚F	နေသာ ၃၉˚C/၁၀၃˚F	၂၈˚C/၁၀၀˚F	တိမ်အသင့်အတင့် ၃၃˚C/၉၉˚F	တိမ်အသင့်အတင့် ၃၃˚C/၉၉˚F
ဖလမ်း	၇၀% ၂၅˚C/၇၇˚F	၆၀% ၂၆˚C/၇၈˚F	၅၀% ၂၆˚C/၇၈˚F	တိမ်အသင့်အတင့် ၂၆˚C/၇၉˚F	တိမ်အသင့်အတင့် ၂၄˚C/၇၆˚F

မုန်တိုင်းဒဏ်ကြောင့် ထိုင်းနိုင်ငံ မဲရင်တိရစ္ဆာန် ဘေးမဲ့ဥယျာဉ် ပျက်စီး

ထိုင်းနိုင်ငံ မဲရင်ခရိုင်တွင် မေ ၁၄ ရက်က တိုက်ခတ်ခဲ့သော ပြင်းထန်သည့် လေမုန်တိုင်း တိုက်ခတ်မှုကြောင့် တိရစ္ဆာန်ဘေးမဲ့ဥယျာဉ် Love Animal House တွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း goget funding ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြသည်။

ဤဘေးမဲ့တောတွင် လွန်ခဲ့သော ၂၁ နှစ်မှ စ၍ သားသတ်သမားများထံမှ ကယ်တင်ထားသော ကျွဲငါးကောင်နှင့် နွားအထီးအမ ၂၅ ကောင်တို့ကို ထားရှိသည်။ သစ်ပင်ကြီးများ ပြိုလဲရာတွင် ဝန်ထမ်းများနှင့် ကျွဲများမှာ သစ်ပင် ပိမည့်ဘေးမှ အနည်းငယ်မျှသာ ကပ်၍လွတ်ကင်းခဲ့သည်။ အမိုးများနှင့်ခြံများမှာ ပျက်စီးလျက်ရှိသည်။ လေများ ဆက်လက်တိုက်ခတ်ပြီး မိုးများဆက်လက်ရွာသွန်းနေသဖြင့် သစ်ပင်များ ထပ်မံပြိုလဲမည့် အန္တရာယ်ရှိနေသည်။ စောစောပိုင်းက ပြိုလဲထားသော သစ်ပင်များက တိရစ္ဆာန်များ ထားရှိသော နေရာများကို ပိလျက်ရှိသည်။ အခြေအနေမှာ အန္တရာယ်ရှိသော အခြေအနေဖြစ်သည်။ ကျွန်း သစ်ပင်များကို ခုတ်လှဲ၍ တိရစ္ဆာန်ထားမည့်နေရာများကို ပြန်လည်တည်ဆောက်ရမည် ဖြစ်သည်။

သို့သော်လည်း ဘေးမဲ့ဥယျာဉ်ပိုင်ရှင်မှာ ထိုင်းနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀ကတည်းက တိရစ္ဆာန် ကယ်တင်သူအဖြစ် ထင်ရှားခဲ့သူ အငြိမ်းစားဝန်ထမ်းဖြစ်သည်။ နေ့စဉ် ထိန်သိမ်းစရိတ်အတွက်ပင် သူမ၏ပင်စင်လစာမှာ ကုန်သလောက် ဖြစ်နေ သည်။

ဝန်ထမ်းသုံးဦး အပါအဝင် တိရစ္ဆာန် ကျွေးမွေးစရိတ်မှာ များပြားသဖြင့် ပြန်လည်တည်ဆောက်ရေးနှင့် ရှင်းလင်းရေး စသည့် ဖွံ့ဖြိုးရေး ကိစ္စအတွက် လက်ကျန်မရှိလောက်အောင် ဖြစ်နေသည်။ Love Animal House သည် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တွင် ယူကေနိုင်ငံ Body Shop Foundation မှပေးသော အကောင်းဆုံးဘေးမဲ့ဥယျာဉ်ဆုနှင့် ၂၀၁၅ ခုနှစ်တွင် နယ်စည်းမခြားသော ဓာတ်ပုံဆရာများ အသင်းကပေးသော တိရစ္ဆာန် ကယ်ဆယ်ရေးဆုကို ရရှိခဲ့သည်။

စံမီအောင်

အိန္ဒိယနိုင်ငံတွင် ရုတ်တရက်ရွာချသောမိုးကြောင့် မဲဟမ်နှင့် ကီလိုင်းစျေးကွက်တွင် ဂျုံများပျက်စီး

အိန္ဒိယနိုင်ငံ ဟာယာနာပြည်နယ် သမဝါယမအသင်းနှင့် ပြည်နယ်သိုလှောင်ရုံ ကော်ပိုရေးရှင်းတို့က ဝယ်ယူထားသောဂျုံများမှာ ရော့တက်ရှိ မဲဟမ်နှင့် ကီလိုင်းသီးနှံစျေးကွက်တို့တွင် လဟာပြင်၌စုပုံထားသည့် အခြေအနေရှိနေသည်။ မေ ၁၆ ရက်နေ့နံနက်ပိုင်းက ရိုတက်ခရိုင်တွင် မိုးများသည်းထန်စွာရွာချလိုက်သဖြင့် ဂျုံသီးနှံများမှာ မိုးရေများစိုရွှဲနေသည်ကို တွေ့ရသည်။ မဲဟမ်စျေးကွက်တွင် မိုးရေထဲ၌စိုရွှဲကုန်သော ဂျုံသီးနှံပမာဏမှာတန်ချိန်၄၀၀၀ အထိရှိခဲ့သည်။

လောလောဆယ်တွင် သီးနှံစျေးကွက်အတွက် ဂျုံသီးနှံများမရောက်ရှိသေးပါ။ ပြည်နယ်အေဂျင်စီနှစ်ခုမှ ဝယ်ယူသောသီးနှံတန်ချိန် ၄၅၀၀၀ အနက် တန်ချိန် ၄၀၀၀၀ နီးပါးမှာသိုလှောင်ရုံအတွင်းသို့ထည့်သွင်းထားပြီးဖြစ်သည်။

ကျန်တန်ချိန် ၅၀၀၀ မှာ ဂုန်နီအိတ်များအတွင်းသို့ မထည့်သွင်းနိုင်သေးဘဲ အဆောက်အအုံပြင်ပရှိ ခုံများပေါ်ထားရှိသည်။ အေဂျင်စီများတွင် ဂုန်နီအိတ်ပြတ်လပ်နေပြီး သိုလှောင်ပစ္စည်းများကို ပျက်စီးမှုမှကာကွယ်ရန် အတွက် အိတ်များအချိန်မီမရသဲ့ ဖြစ်နေကြောင်း မဲဟမ်သီးနှံစျေးကွက်ရှိ ကော်မရှင်အေးဂျင့်များကပြောသည်။ ဝယ်ယူရေး အေဂျင်စီများက ဝယ်ယူထားသောဂျုံများထည့်ရန် ဂုန်နီအိတ်များမပေးကြောင်းနှင့် လယ်ယာထွက်ကုန်များကို လဟာပြင်တွင်ထားရသည့် အတွက် ရာသီဥတုဖောက်ပြန်ချိန်တွင် သီးနှံများပျက်စီးရကြောင်း မဲဟမ်စျေးကွက်ကော်မတီအတွင်းရေးမှူး ရာဂျာဘီယာအာလာဝပ်ကပြောသည်။

မိုးမိသွားသော ဂျုံများကိုပထမဆုံးအခြောက်ပြန်ခံပြီးမှ ဂိုဒေါင်တွင် ထည့်သွင်းသိုလှောင်နိုင်မည်ဖြစ်သည်။ ဟာယာနာပြည်နယ်တွင် နောက် ၇၂ နာရီအတွင်း လေပြင်းများနှင့်အတူ လျှပ်စစ်မိုးကြိုးမုန်တိုင်းများ ကျရောက်မည်ဟု အိန္ဒိယမိုးလေဝသဌာနက ခန့်မှန်းထားသည်။

စံမီအောင်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ (၅/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၅/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ မေ ၇ ရက်က ကျင်းပခဲ့ရာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် လေ့လာသူများစုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးက ယခင်လကကျင်းပခဲ့သည့် (၄/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံများမှ မိတ်ဖက်ဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကွင်းဆင်း စစ်ဆေးပညာပေးခြင်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ စားသုံးရန် မသင့်ကြောင်း ကြော်ငြာထားသည့် စားသောက်ကုန်ပစ္စည်းများတွေ့ရှိပါက ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို ခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ဆုံးဖြတ်ပေးရန်၊ စားသုံးသူ ပြည်သူများ နစ်နာမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ချက်ချင်း တိုင်ကြားနိုင်စေရန်နှင့် စားသုံးသူ အခွင့်အရေးများ၊ လိုက်နာရမည့် အချက်အလက်များကို သိရှိနားလည်စေရန်၊ စားသုံးသူများ ဗဟုသုတရရှိစေရန် ရည်ရွယ်ပြီး ရေးဆွဲထားသော စားသုံးသူရေးရာဦးစီးဌာန Website အကြောင်းအရာများ၊ သစ္စာရှင်အဆစ်အမြစ်နာနှင့် အကိုက်အခဲပျောက် တိုင်းရင်းဆေးနှင့် ပတ်သက်ပြီး သိရှိလိုသည်များကို ညှိနှိုင်းချိတ်ဆက်ထားမှု အခြေအနေများ၊ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ (၁/၂၀၁၈)၏ အစည်းအဝေး ဆုံးဖြတ်ချက်များကို ဆွေးနွေးခဲ့ပါတယ်။ ထို့နောက် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ စားသုံးရန် မသင့်ကြောင်း ကြော်ငြာထားသော စားသောက်ကုန်ပစ္စည်းများအား ရောင်းချသူများအား သိရှိစေရန် ကြိုတင်၍ အသိပေးကြောင်းကြားရန်လိုကြောင်းနှင့် အသိပေးအကြောင်းကြားထားပြီးသော်လည်း ဆက်လက်ရောင်းချသည်ကို ကွင်းဆင်းစစ်ဆေးတွေ့ရှိပါက ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ကိုယ်စားသိမ်းဆည်းခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

နှင်းနှင်းခိုင်(ရွှေဘို)

ပန်းမောက်မြို့နယ်တွင် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် မှိုသတ်ဆေးများမှန်ကန်စွာ သုံးစွဲတတ်ရေး အသိပညာပေးဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန ကသာခရိုင် ပန်းမောက်မြို့နယ်တာဝန်ခံ ဦးမင်းဇော်ဦးသည် ပန်းမောက်မြို့နယ်တောင်သူများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ပြုလုပ်ခဲ့သောကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှု၊ စိုက်ပျိုးရေးသုံးဓာတ် မြေဩဇာ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများ အကြောင်း၊ အသိပညာပေး ဆင့်ပွားဆွေးနွေးပွဲကို မေ ၅ ရက်တွင် ပန်းမောက်မြို့နယ် လယ်နက်ကြီးကျေးရွာနှင့် ပေကုန်းကျေးရွာတွင် ပြုလုပ်ခဲ့ပါသည်။

အဆိုပါဆင့်ပွားဆွေးနွေးပွဲတွင် သီးနှံစိုက်ပျိုးတောင်သူများအား ပိုးသတ်ဆေးဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ပိုးသတ်ဆေးမှတ်ပုံတင်နှုန်းထားများနှင့် သင်္ကေတများ အကြောင်း၊ ပိုးသတ်ဆေးဈေးကွက်တွင် ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း၊ ပိုးသတ်ဆေး လက်လီလက်ကားရောင်းချခွင့် လိုင်စင် စည်းကမ်းချက်များအကြောင်း၊ ပိုးသတ်ဆေးဥပဒေတွင် ပိုးသတ်ဆေးသုံးစွဲသူသည် ပိုးသတ်ဆေးအညွှန်းစာပါ အတိုင်း လိုက်နာသုံးစွဲရန် မှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ပိုးသတ်ဆေး (သို့) အဆိပ်ရှိပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း၊ တင်ပို့ခြင်းမပြုကြောင်း၊ ပိုးသတ်ဆေးကို ပိုးကျသည့် အန္တရာယ်ကာကွယ်နှိမ်နင်းသည့်ကိစ္စမှအပ လူအများ စားသုံးသည့်သီးနှံ၊ အစားအစာအဖျော်ယမကာ၊ အစားအသောက်များတွင် ထည့်သွင်းသုံးစွဲခြင်း၊ မည်သည့်သတ္တဝါကိုမျှ အဆိပ်ရှိပစ္စည်းသုံးစွဲ လျက်ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်းမပြုကြောင်း၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိန်းမ၊ နို့တိုက်မိခင်များအား ပိုးသတ်ဆေးကိုင်တွယ်ရာ၊ သုံးစွဲရာတွင် စေခိုင်းခြင်း မပြုရပါကြောင်း၊ ပိုးသတ်ဆေးဗူးခွံ၊ ထုပ်ပိုးပစ္စည်းပေါ်တွင် ပိုးသတ်ဆေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ ပိုးသတ်ဆေးကြွင်းပါဝင်မှု မြင့်မားလာရသည့် အကြောင်းအရင်းများ၊ ပိုးသတ်ဆေးအန္တရာယ်ကင်းစွာ ကိုင်တွယ်သုံးစွဲနည်းများနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် မြေဩဇာနှင့် မြေဩဇာဆိုင်ရာ သုံးစွဲရန် အညွှန်းစာနှင့် သတိပြုရန် အချက်အလက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ အဆိုပါ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲသို့ ကျေးရွာများမှ တောင်သူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

လှလှခိုင် (ကသာ)

မအူပင်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ မအူပင်မြို့ပေါ်ရှိ စားသောက်ဆိုင် ၇ ဆိုင်အား ရောင်တခင် ကွင်းဆင်းစစ်ဆေး

မအူပင်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ ဖြစ်ကြသည့် မအူပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝင်များ၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သောအဖွဲ့သည် မအူပင် မြို့ပေါ်ရှိ စားသောက်ဆိုင် ၇ ဆိုင်ကို မေ ၈ ရက်က ကွင်းဆင်းလေ့လာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ စားသောက်ဆိုင်များဖြစ်ကြသည့် ပန်းဝတီ၊ မူဆယ်၊ AMK၊ဖူးမောက်၊ ဆင်ရေတွင်း၊ Sweet Heart နှင့် တောင်ထိပ် ပန်းပွင့် စားသောက်ဆိုင်များတွင် မီးဘေးလုံခြုံ စိတ်ချရမှုရှိ စေရေး၊ အစားအသောက်များ သန့်ရှင်းလတ်ဆတ်ကောင်းမွန်ရေး၊ ဝန်ဆောင်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ စားဖိုဆောင်များတွင် သား၊ ငါး၊ အသီးအရွက်နှင့် မီးဖိုချောင်သုံး ပစ္စည်းများ သန့်ရှင်းသပ်ရပ်စွာ ထားရှိရေးနှင့် ဆိုင်ဝန်ထမ်းများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန် ခြောက်လတစ်ကြိမ် စစ်ဆေးပေးနိုင်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ပေးရုံသာမက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအကြောင်းများနှင့် လိုအပ်သော အချက်အလက်များကို ရှောင်တခင်ကွင်းဆင်း စစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

CONSUMER- MT

ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန၏ ၅/၂၀၁၈ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၅/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယင်းမာပင်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၀ ရက်က ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား ဒုတိယခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၆ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား ဒုတိယ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တွဲဖက် အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင် ဦးစီးမှူး ဒေါ်ခိုင်မို့မို့က ဧပြီလ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ (၄/၂၀၁၈) အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ရှေ့ဆက်၍ မေလအတွင်း လျာထားချက်အရ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ခုနစ်ကြိမ်၊ ယင်းမာပင်ခရိုင်ကနီမြို့နယ် ချောင်းမကျေးရွာတွင် ဈေးဆိုင်ခန်းများအား ဈေးကွက်စောင့်ကြည့်ကွင်းဆင်း ဆောင်ရွက်၍ ပျားလုပ်ငန်းရှင်နှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာအောင်ကြည်ဦးက ဈေးကွက်စောင့်ကြည့်ကွင်းဆင်းစစ်ဆေးမှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ပညာပေး ဆောင်ရွက်နေသော်လည်း စားသုံးသူရေးရာ ဦးစီးဌာန၏ မူပိုင်ဥပဒေဖြင့် ဆောင်ရွက်နိုင်ပါက၊ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် လုပ်ဆောင်နိုင်ပါက ပိုမို ထိရောက်နိုင်ပါကြောင်း၊ ခရိုင်ဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်အေးက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေစာအုပ်အနေဖြင့် ထွက်ရှိပြီး သက်ဝင်မှုနည်းဥပဒေ ထွက်ရှိမှု မရှိသေးကြောင်း၊ သို့သော် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါအတိုင်း အဖွဲ့အစည်းဖြင့် ပူးပေါင်း ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ ခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး ဦးသိန်းကျော်ကလည်း မိမိတို့ဌာနအနေဖြင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် လိုအပ်သလို ပါဝင်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြကြပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်း ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်က အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့အနေဖြင့် စားသုံးသူရေးရာ ဦးစီးဌာန၏ ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေးပညာပေးလုပ်ငန်း ဆောင်ရွက်မှု ဆောင်ရွက်ရာတွင် စားသုံးသူ၏ နစ်နာမှုများအား အကာအကွယ်ပေး၍ ပညာပေးခြင်း၊ အငြင်းပွားမှုအတွက် တိုင်ကြားမှုအား ဖြေရှင်း ဆောင်ရွက်နိုင်ပြီး ကွင်းဆင်းဆောင်ရွက်ရာမှ စားသုံးရန် မသင့်ကြော်ငြာထားသော သိမ်းဆည်းပစ္စည်းများအား အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ထံ တင်ပြပြီးဖြစ်၍ စည်ပင်သာယာ ကော်မတီမှ သင့်တော်သည့် နေရာသတ်မှတ်ပြီး လွှတ်တော်အမတ်များ၊ NGO အဖွဲ့များ၊ စားသုံးသူ ပြည်သူလူထု အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တို့ဖြင့် ရက်သတ်မှတ် ဖျက်ဆီးသွားရန် အစည်းအဝေးဆုံးဖြတ်ချက်ချခဲ့ကြောင်း သတင်းရရှိပါသည်။

ခိုင်မိုမို(မြင်းမူ)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

Visit

Myanmar's Largest Food & Hospitality Trade Exhibition

FHmm FOOD & HOTEL MYANMAR

Including:

MCAC 2018 Myanmar Culinary Arts Competition

Coffee & Tea Myanmar 2018

MNBC 2018 Myanmar National Barista Championship

6-8 June 2018

MEP at Mindama, Yangon 10.00-18.00 Hrs.

...the world on your plate in Myanmar

Register at **www.foodandhotelmyanmar.com**

Info Hotline : +951 378 975 Ext. 103

Officially Supported by:
ထောက်ခံပံ့ပေးသည်

Organised by:
စီစဉ်သည်

Admission • Open to trade visitors only • Minor aged below 18 will not be allowed admission • All visitors must be in proper attire

အင်္ဂလန်အသင်း လူစာရင်းအပေါ် ဝေဖန်မှုမြင့်တက်ရင်မောရသည်ဟု နည်းပြဟောင်း အဲရစ်ဆင်ဆို

၂၀၁၈ ရုရှား ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် အင်္ဂလန်အသင်း လူစာရင်းကို ထုတ်ပြန်လိုက်ပြီဖြစ်ရာ ကစားသမားကောင်းတချို့ ချန်လှပ်ခံရခြင်းကြောင့် ဝေဖန်မှုများ မြင့်တက်လာခဲ့ရသည်။

ထို့ပြင် အင်္ဂလန်အသင်း နည်းပြဟောင်း အဲရစ်ဆင် ကလည်း အင်္ဂလန်အသင်းအတွက် ရင်လေးရသည်ဟု ပြောကြားလိုက်သည်။

လက်ရှိ အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်း လူစာရင်းကို ရွေးချယ်ရာတွင် လူငယ်ကစားသမားများကိုသာ အဓိထားရွေးချယ်ထားသည်ကို တွေ့ရသည်။

ဂိုးသမားနေရာအတွက် ဂျက်ဘတ်လန်း (စတုတ်စီးတီး)၊ ပက်ဖို့ဒ်(အဲဗာတန်)၊ ပိုဝီ(ဘန်လေ)တို့လိုအတွေ့အကြုံနည်းသည့် ကစားသမားများကို ရွေးချယ်ထားသည်။ နောက်တန်းခံစစ်တွင် ကာဟေးလ်၊ ဝေါ်ကာ၊ အက်ရှ်လေယန်း၊ ဖီးဂျန်းစ်နှင့် ဂျွန်စတုန်းတို့ကဲ့သို့ ဝါရင့်ကစားသမားများကို ရွေးချယ်ထားသည်။

တိုက်စစ်ပိုင်းတွင် ဝဲလ်ဘက်၊ ဟယ်ရီကိန်း၊ ဗာဒီနှင့် ရက်ရှ်ဖို့တို့ ပါဝင်လာသော်လည်း ကွင်းလယ်တွင် အတွေ့အကြုံ နုနယ်သည့် ကစားသမားများသာ အဓိကပါဝင်နေခြင်းကြောင့် ဝေဖန်မှုများက မြင့်တက်လာခဲ့ရခြင်း ဖြစ်သည်။

အင်္ဂလန်အသင်း နည်းပြဟောင်း အဲရစ်ဆင်က 'ဒီလူစာရင်းကိုတော့ တော်တော်လေး ရင်လေးမိသလို ရင်လည်း မောရပါတယ်။ ကမ္ဘာ့ဖလားလို ပြိုင်ပွဲမျိုးမှာ အတွေ့အကြုံနုနယ်တဲ့လူငယ်တွေကို ဦးစားပေး ရွေးချယ်မယ်ဆိုရင်တော့ အဲဒီအသင်းဟာ ခက်ခဲစွာနဲ့ ရင်ဆိုင်ရတော့မှာပါ'ဟု ပြောကြားလိုက်သည်။

ဂွါဒီယိုလာ မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းတိုး ချုပ်ဆို

မန်စီးတီးအသင်းသည်နည်းပြ ဂွါဒီယိုလာနှင့် ၂၀၂၁ ခုနှစ်အထိ ရှိနေမည့် စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်သည်။ မန်စီးတီးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် စံချိန်သစ်များစွာဖြင့် ပရီးမီးယားလိဂ် ချန်ပီယံဆုဖလားကို ထိုက်ထိုက်တန်တန် ရရှိထားပြီး ကစားသမားကောင်းများကို ဆက်လက်ထိန်းထားနိုင်ရေး ကြိုးပမ်းနေသလို နောက်ထပ်ခြေစွမ်းထက် လူငယ်ကစားသမားများကိုလည်း ခေါ်ယူသွားရန် ပြင်ဆင်နေသည်။

လတ်တလောအချိန်တွင် မန်စီးတီးအသင်းသည် နည်းပြ ဂွါဒီယိုလာကို စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်နိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဂွါဒီယိုလာက 'အသင်းနဲ့ စာချုပ်သက်တမ်း ထပ်တိုးနိုင်ခဲ့တာကို အရမ်းပဲဝမ်းသာရပါတယ်။ စိတ်တွေလည်း လှုပ်ရှားနေပါတယ်။ နောက်နှစ် နောက်နှစ်တွေမှာ ဒီနှစ်လိုပဲ ထပ်မံစွမ်းဆောင်နိုင်ဦးမလားဆိုတာကို စဉ်းစားပြီးရင်ခုန်နေရပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ မန်စီးတီးအသင်းနဲ့အတူ အောင်မြင်မှုတွေ၊ ဆုဖလားတွေကို ဆက်လက်ရယူသွားဦးမှာပါ'ဟု ပြောကြားသည်။

ဂွါဒီယိုလာသည် ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ် အသင်းတို့ကို ကိုင်တွယ်ခဲ့ချိန်ကလည်း အောင်မြင်မှုများရရှိပြီး ချန်ပီယံဆုဖလားများကိုလည်း ရယူနိုင်ခဲ့သူဖြစ်သည်။

ဂွါဒီယိုလာက အသင်းအတွက် ကစားသမားကောင်းများကို ထပ်မံအားဖြည့်သွားမည်ဖြစ်ကြောင်း နှင့် အသင်းအနာဂတ်အတွက် အမြဲတမ်းစဉ်းစားတွေးတောလျက်ရှိကြောင်း ထပ်မံပြောကြားလိုက်သည်။

ဒါရင်မိုရီကို ယာယီနည်းပြအဖြစ် ဝက်စ်ဘရွန်းအသင်း ခန့်အပ်

ဝက်စ်ဘရွန်းအသင်းသည် ဂျမေကာနိုင်ငံသား ဒါရင်မိုရီကို ယာယီနည်းပြအဖြစ်ခန့်အပ်လိုက်ပြီဖြစ်ကြောင်း သောကြာနေ့က တရားဝင်သတင်းထုတ်ပြန်လိုက်ပြီဖြစ်သည်။ ဝက်စ်ဘရွန်းအသင်းသည် ယခုနှစ်ရာသီတွင် အမှတ်ပေးဇယား အောက်ဆုံးမှနေပြီး တန်းဆင်းသွားခဲ့ရသည်။ အသင်းဘုတ်အဖွဲ့က နည်းပြအလန်ပါဂျူးကို ဧပြီ ၂ရက်ကပင် ထုတ်ပယ်လိုက်ခြင်းဖြစ်ပြီး ယင်းအချိန်ကပင် ဒါရင်မိုရီကို ယာယီနည်းပြအဖြစ် ကိုင်တွယ်နေခြင်း ဖြစ်သည်။

အလန်ပါဂျူးသည် ဝက်စ်ဘရွန်းအသင်းကို ၂၁ ပွဲ ကိုင်တွယ်ခဲ့ရာတွင် သုံးပွဲနိုင်၊ ငါးပွဲသရေကျကာ ၁၃ပွဲအထိရှုံးနိမ့်ခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၁၄ ဒသမ ၃ ရာခိုင်နှုန်းသာ အောင်မြင်မှုရှိခဲ့ခြင်း ဖြစ်သည်။

အသင်းမှ အလန်ပါဂျူးကို ထုတ်ပယ်ပြီးနောက် လက်ကျန်ခြောက်ပွဲကို ဒါရင်မိုရီက ဆက်လက်ကိုင်တွယ်ခဲ့ရာတွင် ယင်းခြောက်ပွဲတွင် သုံးပွဲနိုင်၊ နှစ်ပွဲသရေကျကာ တစ်ပွဲသာ ရှုံးနိမ့်ခဲ့သည်။ ဝက်စ်ဘရွန်းအသင်း နည်းပြသစ်ဖြစ်လာသည့် အသက်(၄၄)နှစ်အရွယ် ဒါရင်မိုရီသည် ပို့စ်မောက်၊ ဝက်စ်ဘရွန်း၊ ဘန်စလေ၊ဘာတန်တို့အပါအဝင် အသင်းပေါင်းရှစ်သင်းတွင် ပါဝင်ကစားဖူးသူဖြစ်သည်။

စိရိုနယ်ဒိုဦးဆောင်မည့် ပေါ်တူဂီအသင်း လူစာရင်းထုတ်ပြန်

ရုရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် ပေါ်တူဂီအသင်း ကစားသမားစာရင်းကို ထုတ်ပြန်လိုက်ပြီဖြစ်သည်။

နည်းပြ ဖာနန်ဒိုဆန်းတို့စ်ကိုင်တွယ်နေသည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ပေါ်တူဂီအသင်း လူစာရင်းကို သောကြာနေ့က ထုတ်ပြန်လိုက်ရာ ရီးရဲလ်မက်ဒရစ်အသင်း တောင်ပံတိုက်စစ်ကစားသမား စီရိုနယ်ဒိုမှာ အသင်းခေါင်းဆောင်အဖြစ်ပါဝင်လာခဲ့သည်။ နည်းပြ ဖာနန်ဒိုဆန်းတို့စ်သည် အသင်းခေါင်းဆောင်နေရာကို စီရိုနယ်ဒိုအား ဆက်လက်တာဝန်ပေးအပ်ခဲ့ကာ တိုက်စစ်အားသန်သည့် ကစားသမားများကို အဓိကထား ရွေးချယ်လာခဲ့ခြင်းဖြစ်သည်။

စီရိုနယ်ဒိုသည် နိုင်ငံအသင်းအတွက် ၁၄၉ ပွဲ ကစားပေးထားပြီး ၈၁ ဂိုးအထိ သွင်းယူပေးထားနိုင်သူဖြစ်သည်။ ပေါ်တူဂီအသင်းနည်းပြ ဖာနန်ဒိုဆန်းတို့စ်က စီရိုနယ်ဒိုမှာ ယုံကြည်ထိုက်သည့် ကစားသမားဖြစ်ပြီး အသင်းကို အကောင်းဆုံး ဦးဆောင်ကစားနိုင်မည်ကို ယုံကြည်ထားကြောင်း ပြောကြားသည်။

နည်းပြ ဖာနန်ဒိုဆန်းတို့စ် ရွေးချယ်ထားသည့် အသင်းလူစာရင်းတွင် ဂိုးသမားနေရာတွင် လိုင်ယွန်အသင်းမှ လိုပက်စ်ပါဝင်လာပြီး နောက်တန်းတွင် ရိန်းဂျားစ်အသင်းမှ ဘရူနိုအဲလ်ဗစ်နှင့် နာပိုလီအသင်းမှ မာရီယိုရူအီတို့ ပါဝင်လာသည်။

ထို့ပြင် ကွင်းလယ်တွင် မိုနာကိုအသင်းမှ မော်တင်ဟိုနှင့် စပို့တင်းအသင်းမှ ကာဗယ်ဟိုတို့ပါဝင်လာကာ တိုက်စစ်ပိုင်းတွင် အင်ဒရီဆေးလ်ဗား(အေစီမီလန်)၊ ဘာနာဒိုဆေးလ်ဗား(မန်စီးတီး)၊ စီရိုနယ်ဒို(ရီးရဲလ်မက်ဒရစ်)၊ မာတင်(စပို့တင်း) စသည့် ကစားသမားများပါဝင်လာခဲ့သည်။ ပေါ်တူဂီအသင်းသည် အုပ်စု(B)တွင် စပိန်၊ မော်ရိုကို၊ အီရန်တို့နှင့်အတူတစ်အုပ်စုတည်းကျရောက်နေသည်။

ဟန်နေသစ် စုစည်းသည်

ဘောလုံးလောက သတင်းတိုများ

- အာဆင်နယ်အသင်းသည် အာတီတာကို နည်းပြအဖြစ်ခန့်အပ်ရန် သဘောတူလိုက်ပြီဖြစ်ကြောင်း သတင်းများပေါ်ထွက်လျက်ရှိသည်။
- အသက်(၄၀)ရှိပြီဖြစ်သည့် ဘတ်ဖွန်ကို ခေါ်ယူရန် မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ အပြိုင်ကြိုးပမ်းနေကြောင်း သိရသည်။
- ချယ်လ်ဆီးအသင်းသည် မန်ယူအသင်းမှ တောင်ပံကစားသမား မာရှယ်ကို ခေါ်ယူနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။
- ဒေါ့မွန်အသင်းသည် ချယ်လ်ဆီးတိုက်စစ်မှူး မိုရာတာကို ခေါ်ယူရန် ဆက်သွယ်ကမ်းလှမ်းမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။
- အာဆင်နယ်အသင်းသည် အသက်(၂၇)နှစ်ရှိ ၎င်းတို့ကွင်းလယ်ကစားသမား ရမ်ဆေးကို ရောင်းထုတ်တော့မည်ဖြစ်ကြောင်း သတင်းများ ပေါ်ထွက်လျက်ရှိသည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ပိုမိုပေါင်းစည်းပြီး အခြေခံအဆောက်အဦအတွက် ပိုမိုရင်းနှီးမြှုပ်နှံမည့် အာဆီယံ

| သိန်းမြင့်ဝေ |

အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟို ဘဏ်ဥက္ကဋ္ဌများသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ပထမပတ်တွင် စင်ကာပူနိုင်ငံ၌ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် စီးပွားရေးတိုးတက်မှု ခိုင်မာအားကောင်းရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေရေးကြေးရေးကဏ္ဍများတွင် ပိုမို ပေါင်းစည်းရေး၊ အခြေခံအဆောက်အဦ အတွက် ပိုမိုရင်းနှီးမြှုပ်နှံရေးတို့ကို အဓိကထား ဆွေးနွေးခဲ့သည်။

အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိသော စင်ကာပူနိုင်ငံသည် စီပွားရေးတိုးတက်မှု (Growth)၊ ခံနိုင်ရည်ရှိမှု (Resilience) နှင့် ဆန်းသစ်ပြောင်းလဲမှု (Innovation)တို့ကိုမဏ္ဍိုင်ကြီးသုံးရပ်အဖြစ် ထားရှိဆောင်ရွက် လျက်ရှိသည်။ ၁၉၆၇ ခုနှစ်တွင် တည်ထောင်ခဲ့သော အာဆီယံတွင် အဖွဲ့ဝင် ၁၀ နိုင်ငံရှိပြီး ပါပူနယူးဂီနီနိုင်ငံမှာ လေ့လာသူနိုင်ငံ (Observer) အဖြစ် ရပ်တည်နေပါသည်။ အာဆီယံ၏ အဓိကရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံများကြား စီးပွားရေးတိုးတက်မှု (Growth)၊ ပူးပေါင်းဆောင်ရွက်မှု (Collaboration) နှင့် ငြိမ်းချမ်းရေး (Peace) တို့ကို တိုးမြှင့်ဆောင်ရွက်ရန် ဖြစ်သည်။

အထက်ပါအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ အာရှအခြေခံအဆောက်အဦ ရင်းနှီးမြှုပ်နှံရေးဘဏ် (Asian Infrastructure Investment Bank-AIIB)၊ အာဆီယံအပေါင်း သုံးနိုင်ငံ မက်ခရိုစီးပွားရေးသုတေသနရုံး (ASEAN+3 Macroeconomic Research Office-AMRO)၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နှင့် ကမ္ဘာ့ဘဏ်အုပ်စု (World Bank Group) တို့မှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြပါသည်။

အခြေခံအဆောက်အဦနှင့် ဂရုပြုစီးပွားရေးတိုးတက်မှု

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က အာဆီယံ၏ ၂၀၁၇ ခုနှစ် စုပေါင်းစီးပွားရေးတိုးတက်မှု (Collective economic growth) သည် ၅ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ဟု ဖော်ပြထားသည်။ ဤနှုန်းကို ကြည့်ခြင်းအားဖြင့် အာဆီယံသည် စီးပွားရေး ရေရှည်ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်စရာများ ရှိနေသေးကြောင်း တွေ့ရသည်။

အထူးသဖြင့် အခြေခံအဆောက်အဦတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် လိုအပ်နေဆဲဖြစ်ကြောင်း၊ လိုအပ်သော ငွေကြေးကို အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (Public-Private Parnerships) အစီအစဉ်ဖြင့် တိုးမြှင့်သင့်ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၁၅ နှစ်အတွင်း အာဆီယံ၏ အခြေခံအဆောက်အဦ ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ထရီလီယံရှိကြောင်း ADB က ခန့်မှန်းထားသည်။ တစ်နည်းအားဖြင့် အာဆီယံ၏အခြေခံအဆောက်အဦ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်မှာ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၈၄ ဘီလီယံရှိပါသည်။ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ပုဂ္ဂလိကကဏ္ဍ၏ အရင်းအနှီးကို ပိုမိုစုစည်းရမည်ဖြစ်သည်။ အမှန်စင်စစ် အစိုးရတစ်ခုတည်း သို့မဟုတ် ပုဂ္ဂလိကတစ်ခုတည်းက အဆိုပါလိုအပ်ချက်အားလုံးကို ဖြည့်ဆည်းနိုင်မည်မဟုတ်ပေ။ သို့သော်လည်း အစိုးရနှင့် ပုဂ္ဂလိက စုပေါင်း အင်အားဖြင့် တိုးတက်မှုကို တည်ဆောက်နိုင်ကြောင်း တွေ့ရှိရပါသည်။

အထက်ဖော်ပြပါ သုံးသပ်ဖော်ပြချက်များသည် AIIB ၏ ပုဂ္ဂလိက အရင်းအနှီးစုစည်းရေးမဟာဗျူဟာ (Strategy on Private Capital Mobilization) အပေါ် အခြေခံ၍ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဤမဟာဗျူဟာအရ AIIB သည် ပုဂ္ဂလိကကဏ္ဍအတွက် မက်လုံးများနှင့် ဆက်လက်အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်များကို ရေးဆွဲထားပြီးဖြစ်သည်။ ထို့ကြောင့် အာဆီယံသည် အခြေခံအဆောက်အဦ ငွေကြေးလိုအပ်ချက်အတွက် AIIB နှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။ AIIB နှင့် ထိုသို့ ပူးပေါင်းဆောင်ရွက်သွားမည့်အကြောင်းကို အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွင် ပူးတွဲကြေညာချက် (Joint Statement) ထုတ်ပြန်ခဲ့ပါသည်။

AIIB ကို ၂၀၁၆ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ AIIB သည် ဒေသတွင်းနှင့် အာရှတိုက်တစ်ဝန်းရှိပြည်သူများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စျေးကွက်များကို ချိတ်ဆက်ပေးပါသည်။ အထူးသဖြင့် အခြေခံ အဆောက်အဦနှင့် စွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များဖြည့်ဆည်းပေးပါသည်။

အာဆီယံစီးပွားရေးတိုးတက်မှုကို ဖြစ်စေနိုင်သော နောက်ထပ်နယ်ပယ်တစ်ခုမှာ ASEAN Green Bond Standards (GBS) ဖြစ်သည်။ GBS သည် နိုင်ငံတကာက ကျယ်ကျယ်ပြန့်ပြန့်လက်ခံကျင့်သုံးလျက်ရှိသော အရင်းအနှီးစျေးကွက်ဆိုင်ရာ စံသတ်မှတ်ချက်များ သို့မဟုတ် လမ်းညွှန်ချက်များဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် ကျင်းပခဲ့သော အာဆီယံအရင်းအနှီးစျေးကွက်ဖိုရမ် (ASEAN Capital Markets Forum) က GBS ကို စတင်ခဲ့ခြင်းဖြစ်ပါသည်။ GBS အစီအစဉ်သည် ဒေသတွင်း ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှု (Green inverstment) ကို ပိုမိုရရှိအောင်ဆောင်ရွက်သည့် အစီအစဉ်ဖြစ်ပါသည်။ အထူးသဖြင့် အခြေခံအဆောက်အဦ ငွေကြေးလိုအပ်ချက်ကို ထောက်ပံ့ဖြည့်ဆည်းပေးသည့် အစီအစဉ်ဖြစ်သည်။ နိုင်ငံတကာက လက်ခံထားသော ကျင့်ထုံးများကို အသုံးပြုခြင်းအားဖြင့် GBS စံသတ်မှတ်ချက်များက မြင်သာထင်သာရှိခြင်း (Transparency)၊ ရှေ့နောက်ညီညွတ်မှုရှိခြင်း (Consistency) နှင့် တစ်ပြေးညီရှိခြင်း (Uniformity) တို့ကို ပိုမိုအားကောင်းစေမည်ဖြစ်ပါသည်။ **ဆက်လက်ဖော်ပြပါမည်။**

ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှမှတ်ပုံတင်၍ကိုယ်တိုင်သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ

| ဇွေစင်ဦး |

(ယခင်တစ်ပတ်မှအဆက်)

၃၊၅၊၃။ "စက်ရုံထုတ်ဈေးနှုန်း" အပေါ်အခြေခံသည့်တန်ဖိုးပါဝင်မှုသတ်မှတ်ချက်ဆိုသည်မှာအဘယ်နည်း။

အခြားဒေသတွင် ကုန်သွယ်မှု သဘောတူညီချက်များ (RTAs) သို့မဟုတ် လွတ်လပ်စွာ ကုန်သွယ်မှုသဘော တူညီချက်များ (FTAs) နှင့် မတူညီသည့်အချက်မှာ EU GSP ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများ (ROOs) သည် တင်သွင်းပစ္စည်းအပေါ် ထပ်ဖြည့်တန်ဖိုးကို သတ်မှတ်မထားဘဲ ရရှိသည့် ကုန်ပစ္စည်း၏ 'စက်ရုံထုတ်ဈေးနှုန်း' (Ex-works price) မှသာ စတင်သတ်မှတ်ခြင်းဖြစ်ပြီး အသုံးပြုထားသည့် ပင်ရင်းနိုင်ငံမဟုတ်သည့် ပစ္စည်းများ၏ တန်ဖိုးကို ရည်ညွှန်းသည်။ စက်ရုံထုတ်ဈေးနှုန်းဆိုသည်မှာ ကုန်ပစ္စည်း၏ နောက်ဆုံးလုပ်ကိုင်မှု သို့မဟုတ် ပြုပြင်မှုအဆင့်ကို ဆောင် ရွက်သော ထုတ်ကုန်ထုတ်လုပ်သူ၏ စက်ရုံထုတ်ပစ္စည်းပေါ်တွင် ပေးချေသော ဈေးနှုန်းဖြစ်သည်။ ထိုရောင်းချသည့် ဈေးနှုန်းမှ ပင်ရင်းနိုင်ငံမဟုတ်သည့် ပစ္စည်းများ၏ တန်ဖိုးကို နုတ်ယူခြင်းဖြစ်သည်။ ဤနည်းအားဖြင့် နောက်ဆုံးကုန် ချောပစ္စည်းတွင် ပါဝင်သည့် ပင်ရင်းနိုင်ငံမဟုတ်သည့် ပစ္စည်းများ၏ အမြင့်ဆုံးတန်ဖိုးကို သတ်မှတ်ပေးပြီး ကုန်ပစ္စည်းများကို အကျိုးခံစားရသည့် နိုင်ငံတွင် စတင်ခွင့်ပြုပေးသည်။

အီးယူ၏ ချဉ်းကပ်ပုံသည် ကုန်ပစ္စည်း၏ နောက်ဆုံးစက်ရုံထုတ်ဈေးနှုန်းနှင့် အသုံးပြုထားသည့် ကုန်ပစ္စည်းများ၏ တန်ဖိုးကိုသာ အာရုံစိုက်ထားခြင်းဖြင့် ထပ်ဆောင်းကုန်ကျစရိတ်များနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ တန်ဖိုးကိုပါ တွက်ချက်ရသည့် မှားယွင်းနိုင်သော အကဲဖြတ်မှုများကို ရှောင်ရှားနိုင်စေသည်။ ပင်ရင်းနိုင်ငံမဟုတ်သည့် အသုံးပြုထားသော ပစ္စည်းများကို တင်သွင်းသည့် အချိန်ကျမှ အကောက်ခွန်တန်ဖိုးအရ စဉ်းစားနိုင်သည်။ ကုန်ပစ္စည်း၏ ရည်ညွှန်းတန်ဖိုးမှာ ၎င်း၏ စက်ရုံထွက်ဈေးနှုန်းပင်ဖြစ်သည်။

တန်ဖိုးထပ်ဖြည့်စံနှုန်းဖြင့် သတ်မှတ်ခြင်း၏ အနုတ်သဘောလက္ခဏာမှာ ဥပမာ-ငွေလဲလှယ်မှု ဈေးနှုန်းများကြောင့် သို့မဟုတ် အခြားအကြောင်းတရားများကြောင့် ပြောင်းလဲရန် အလားအလာရှိသော တင်သွင်းပစ္စည်းဈေးနှုန်းများနှင့် ကုန်ပစ္စည်းများ၏ စက်ရုံထုတ်ဈေးနှုန်းများဖြစ်သည်။

တန်ဖိုးထပ်ဖြည့် စည်းမျဉ်းကို အသုံးပြုသည့်အခါ လုပ်ဆောင်သူများသည် ပင်ရင်းနိုင်ငံကို စိစစ်အတည်ပြုသည့် လုပ်ငန်း စဉ်တွင် (ကုန်သွယ်မှု လျှို့ဝှက်ချက်များဟု ရှုမြင်ကြသည့်) ၎င်းတို့၏ ဈေးနှုန်းတွက်ချက်ပုံကို အကောက်ခွန်ဌာနတွင် ဖွင့်လှစ်ပြသရန် လိုအပ်နိုင်ခြင်း ဖြစ်သည်။

ထပ်ဖြည့်တန်ဖိုးဆိုင်ရာ စည်းမျဉ်းများအတွက် နမူနာများ

* ကုန်ပစ္စည်းတစ်ခုအတွက် အသုံးပြုထားသည့် ပစ္စည်းများ၏ တန်ဖိုးစုစုပေါင်းသည် ၎င်းကုန်ပစ္စည်း၏ စက်ရုံထုတ်ဈေးနှုန်း၏ ၅၀ ရာခိုင်နှုန်းကို မကျော်လွန်သော ထုတ်လုပ်မှု (ဥပမာ - အခန်း ၅၀ မှ ၆၃ ပါ အထည်အလိပ်နှင့် အဝတ်အထည်များမှလွဲ၍ အခန်း ၂၅ မှ ၉၇ အတွင်း စက်မှုထုတ်ကုန်ပစ္စည်းများ)

* ကုန်ပစ္စည်းတစ်ခုအတွက် အသုံးပြုထားသည့် ပစ္စည်းများ၏ တန်ဖိုးစုစုပေါင်းသည် ၎င်းကုန်ပစ္စည်း၏ စက်ရုံထုတ်ဈေးနှုန်း၏ ၇၀ ရာခိုင်နှုန်းကို မကျော်လွန်သော ထုတ်လုပ်မှု (ဥပမာ - စက်ယန္တရားကဏ္ဍတွင် တပ်ဆင်မှုလုပ်ငန်းများအတွက် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက်သာ)

၃၊၅၊၄။ သတ်မှတ်ထားသည့်လုပ်ငန်းဆောင်ရွက်မှုများ

လုံလုံလောက်လောက် အသွင်ပြောင်းလဲမှုကို သတ်မှတ်ပေးသည့် ဤနည်းလမ်းသည် ကုန်ပစ္စည်းတစ်ခုတွင် ပါဝင်ပြီး ထိုကုန်ပစ္စည်းအတွက် အရေးပါသည့် လက္ခဏာတစ်ရပ်ဖြစ်ပေါ်စေသည့် ပစ္စည်းတစ်ခုကို သတ်မှတ်ပေးခြင်းဖြစ်ပြီး၊ ထို ပစ္စည်းကို အကျိုးခံစားရမည့် နိုင်ငံအတွင်း၌သာ ထုတ်လုပ်ရန် သတ်မှတ်ခြင်းဖြစ်သည်။ 'ပြဋ္ဌာန်းထားသည့် လုပ်ငန်း ဆောင်ရွက်မှုများ'သည် ကုန်ပစ္စည်းတစ်ခုချင်းအတွက် ပါဝင်ပစ္စည်းများပေါ်တွင် လုပ်ဆောင်ရန် ဖော်ပြထားသည့် လုပ်ဆောင်မှုအဆင့်များစာရင်း အသုံးပြုခြင်းကိုလည်း ရည်ညွှန်းခြင်းဖြစ်သည်။

(ကိုးကား။ ဥရောပသမဂ္ဂ၏ အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနိုင်ငံ ဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်) **ဆက်လက်ဖော်ပြပါမည်။**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

အာရှဖွံ့ ဖြိုးရေးဘဏ်(ADB)မှ ဒေသတွင်းရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်ကို ပြည့်မီစေရန်အတွက် အာရှအခြေခံအဆောက်အဦဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ် (AIIB)နှင့် ပူးပေါင်း ဆောင်ရွက်လိုကြောင်းပြောကြား

အာရှဖွံ့ဖြိုးရေးဘဏ် (Asian Deve-lopment Bank-ADB)အနေဖြင့် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်ကို ပြည့်မီစေရန်အတွက် အာရှအခြေခံအဆောက်အဦဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank–AIIB)နှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း ADB ဘဏ်ဥက္ကဋ္ဌ Mr.Takehiko Nakaoက မနီလာမြို့တွင် ကျင်းပသော ADB ဘဏ်၏ နှစ်စဉ်ပုံမှန် အစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတွင် နိုင်ငံတော်ပိုင်ဘဏ်များနှင့် AIIB ဘဏ်တို့၏ အထောက်အပံ့ဖြင့် ဒေသတွင်း အခြေခံအဆောက်အဦ စီမံကိန်းအား တွန်းအားပေး ဆောင်ရွက်နေသည့် တရုတ်နိုင်ငံကို ADB ဘဏ်မှအနီးကပ် စောင့်ကြည့်နေကြောင်းနှင့် လွတ်လပ်သောကုန်သွယ်မှု၊ သက်ကြီးရွယ်အိုများ မြင့်တက်လာမှု၊ Globalisation၊ သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှု၊ ကျား/မ အခွင့်အရေး တန်းတူညီမျှရေး၊ အလိုအလျောက်စက်ကိရိယာ အသုံးပြုမှုအလားအလာများ အစရှိသော ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှာ အရေးပါသည့် နိုင်ငံတကာ ငွေချေးငှားသူနှင့် ငွေချေးယူသူဖြစ်သော်လည်း AIIB ဘဏ်အနေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ အနာဂတ်မဟာဗျူဟာပြောင်းလဲမှုအပေါ် ထိခိုက်နိုင်ဖွယ်မရှိကြောင်း၊ အဖွဲ့အစည်း နှစ်ခုအနေဖြင့် မတူညီသည့်နည်းလမ်းများစွာရှိသည့်အတွက် ပို မို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ AIIB ဘဏ်မှာ ADB ဘဏ်အပေါ် ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်မည့် ဘဏ်အမျိုးအစားမျိုး မဟုတ်ကြောင်း၊ အာရှအတွင်း ပိုမိုကြီးမားသည့် ရင်းနှီးမြှုပ်နှံမှု လိုအပ်သည့်အတွက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ကြောင်း ပြောကြားခဲ့သည်။

AIIB ဘဏ်၏ အစီအစဉ်များမှာ စံချိန်စံညွှန်း အလွန်မြင့်မားသည်ကို တွေ့ရှိရကြောင်း၊ ယခုနှစ်တွင် ADB ဘဏ်နှင့် AIIB ဘဏ်တို့ပူးတွဲ၍ ရန်ပုံငွေထည့်ဝင် ဆောင်ရွက်နိုင်မည့် စီမံကိန်းများစွာရှိမည်ဟု မျှော်လင့်ကြောင်း၊ ယခုအချိန်ထိ အဖွဲ့အစည်း နှစ်ခုမှ အခြေခံအဆောက်အဦစီမံကိန်း ၄ ခုအတွက် အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော် တန်ဖိုးရှိ ချေးငွေအား ပူးတွဲချေးငှားခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းစီမံကိန်းများအနက် သုံးခုမှာ တောင်အာရှတွင် ရှိကြောင်း၊ အမေရိကန်နှင့် တရုတ်နိုင်ငံတို့ကြား တင်းမာမှုကြောင့် ကိုယ်ကျိုးစီးပွားကာကွယ်မှုနှင့်ကုန်သွယ်ရေးပြဿနာများ အာရှဒေသသို့ ကျရောက်လာမည်ကို စိုးရိမ်ကြောင်း၊ သို့သော်လည်း ယခုအချိန်ထိ စိုးရိမ်ရမည့် လက္ခဏာမရှိသေးကြောင်း ပြောကြားခဲ့သည်။

ဖြူဖြူလွင်၊ စီးပွားရေးသံမှူး
မြန်မာသံရုံး၊ ဟောင်ကောင်မြို့။

ရေနံပိုက်လိုင်းမြှုပ်နှံမှု လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် အာဆီယံဈေးကွက် ထိုးဖောက်မှုကျဆင်းခဲ့ခြင်းအား ဆွေးနွေးပွဲပြုလုပ်

မေလ ၈ ရက်အတွင်း မိန်းမြို့နယ်၊ ရပ်ချဆီမားခရိုင်၊ ဆီမထာနီဟိုတယ်၌ ပြုလုပ်သော ၎င်းဒေသတွင်း ဖြတ်သန်းမြှုပ်နှံထားသည့် ရေနံပိုက်လိုင်းများနှင့်ပတ်သက်၍ ဆွေးနွေးပွဲတစ်ခုအား 'ရေနံပိုက်လိုင်း မြှုပ်နှံထားမှုကြောင့် အကျိုးရလဒ်နှင့် သဘာဝပတ်ဝန်းကျင်၏ ဆုံးရှုံးမှုအတွက် ဒေသခံများ၏ သဘောထားအား သိရှိနိုင်ရန် ဆွေးနွေးခြင်း'ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့ကြောင်း သိရသည်။ ဆွေးနွေးပွဲတွင် ခရိုင်ဝန် 'နိုင်းဖန်ရာဝုန်းဆရီကျောက်'မှ ဦးဆောင်၍ ရေနံတင်ပို့မှု လုပ်ငန်း(မြောက်ပိုင်းခရိုင်)မှ ကိုယ်စားလှယ်များ၊ အစိုးရဆက်စပ်ဌာန ကိုယ်စားလှယ်များ၊ ကုမ္ပဏီကြီးများနှင့် ဤဒေသတွင်းမှီတင်းနေထိုင်သူ ဒေသခံများ အပါအဝင် တက်ရောက်ဆွေးနွေး သူ ၈၀ ခန့် ရှိခဲ့သည်။

ဆရပူရီခရိုင်၊ ဆောင်ဟိုက်မြို့နယ် 'ထောဆုံပီသရိုဆရင်(မ်)ထိုင်း' ကုမ္ပဏီလီမိတက်မှ အချင်း ၁၆ လက်မရှိသော သံပိုက်ပျော့များအား မြေအောက် ၂ မီတာခန့်တွင် မြှုပ်နှံ၍ ခွဲရန်ပရထန်ချောင်းမှ လမ်းမကြီး နံပါတ်(၁)သို့ လည်းကောင်း၊ ဖွန်ရိုးထင်း လမ်းမကြီး ၂၁ မှ ဆရပူရီ၊ လုံးဆပ်ဝမ်း၊ ထိုမှ ခွဲထွက်၍ နောင်ကျန်မှ လမ်းမကြီး အမှတ် ၂၂၅၆ နှင့် ၂၀၁ သို့လည်းကောင်း၊ ထိုမှ တစ်ဆင့် ၂၂၉ ခေါင် ကရင်ခရိုင် ဘန်ဖိုင်မြို့ နယ်၊ မိုင်းဖယ်ကျေးရွာရှိ ခေါင်းကင်ဆီ သိုလှောင်ရုံထိ ဆက်သွယ်မြှုပ်နှံထားပါသည်။ ၎င်းပိုက်လိုင်းမှာ စုစုပေါင်းအရှည် ၃၅၀ ကီလို မီတာရှိပြီး ခရိုင် ၅ ခု၊ မြို့နယ် ၂၂ ခု၊ ကျေးရွာပေါင်း ၇၀ အား ဖြတ်သန်းထားသော ပိုက်လိုင်းဖြစ်ပါသည်။ ဤပိုက်လိုင်းမှ ရေနံစိမ်းတင်ပို့မှုမှာ တစ်ရက်လျှင်လီတာ ၁၀ သန်း ခန့်ရှိပြီးတစ်နှစ်လျှင် ပျမ်းမျှလီတာ ၄၅၀၀ သန်းခန့်တင်ပို့နိုင်ခဲ့ပါသည်။ ဤသို့ကုမ္ပဏီဘက်မှ အကျိုးများခဲ့သော်လည်း ဤရေနံပိုက်လိုင်း မြှုပ်နှံမှုကြောင့် ဒေသခံများ၏ ကြုံတွေ့လာရမည့် ဆိုးကျိုးများ၊ အမြင်များအား ပွင့်လင်းစွာ ဆွေးနွေး၍ နှစ်ဦးနှစ်ဖက် မျှတစွာ အမြင်ချင်းဖလှယ်နိုင်ရန်၊ လိုအပ်ချက်များအား ဖြည့်ဆည်းရန်၊ ပျက်စီးဆုံးရှုံးမှုများအား ကာကွယ်မှုများ ပြုလုပ်သွားနိုင်ရန် ဒေသခံများ၏ ဆွေးနွေးတင်ပြချက်များအား လမ်းဖွင့်ပေးခဲ့ခြင်းဖြစ်သည်။

ရေနံကုမ္ပဏီကြီးမှ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ 'နိုင်းဝုန်းဝစ်ဖဒုံဆရီသွန်'က ပြောကြားခဲ့သည်မှာ လွန်ခဲ့သည့် ၂၀၁၀ ခုနှစ်တွင် ထိုင်းတစ်နိုင်ငံလုံးရေဘေး အန္တရာယ် ကြုံတွေ့ခဲ့ရခြင်းကြောင့် ထိုင်းနိုင်ငံအလယ်ပိုင်း ရေနံတင်ပို့မှုလုပ်ငန်းများ များစွာ ထိခိုက်နစ်နာခဲ့ရကြောင်း၊ ထိုအဖြစ်များကြောင့် နိုင်ငံတကာ အပါအဝင် တရုတ်နှင့် အာဆီယံနိုင်ငံသို့ ဆီတင်ပို့ ရောင်းချခြင်း စွေးကွက်အား ခြိမ်းခြောက်သလို ဖြစ်ခဲ့ကြောင်း၊ ထိုအခက်အခဲများအား ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် ဤပိုက်လိုင်းသစ်အား စီမံကိန်းချမှတ် အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း၊ ယခုစီမံကိန်းကြီး ပြီးစီးသွားပါက မူလပိုက်လိုင်းအတွက် အရန်ပိုက်လိုင်းအဖြစ် အသုံးပြုနိုင်မည်ဖြစ်ပြီး နိုင်ငံတကာ ရေနံတင်ပို့မှု လုပ်ငန်းမှ ပြည်ပဝင်ငွေများ ရရှိပြီး နိုင်ငံစီးပွားရေးအားလည်း တစ်ဖက်တစ်လမ်းမှ ကူညီနိုင်မည်ဖြစ်ကြောင်း ၎င်းလုပ်ငန်းအတွက် အချိန်သတ်မှတ်ချက်မှာ သုံးနှစ်ကြာမြင့်မည်ဖြစ်ပြီး ကုန်ကျငွေ ပမာဏမှာ ဘတ်ငွေ တစ်သန်းခန့် ကုန်ကျမည်ဖြစ်ကာ ၂၀၂၀ ခုနှစ်တွင် စီမံကိန်းပြီးဆုံးမည်ဖြစ်ကြောင်း သိရပါသည်။

Source: (၁၀-၅-၂၀၁၈) ရက်နေ့ ထုတ်မစ်သိချွန်း သတင်းစာ၊ စာမျက်နှာ (၈)၊ ကော်လံ (၂)ပါ သတင်းအား ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။
သန်းသန်းနိုင်

အိန္ဒိယနိုင်ငံသို့ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံများတင်သွင်းရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ကြေညာ

အိန္ဒိယအစိုးရအနေဖြင့် ၂၀၁၈ ခုနှစ် မေ ၄ ရက်နေ့စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၀၆/ ၂၀၁၅-၂၀၂၀ ထုတ်ပြန်၍ မတ်ပဲနှင့် ပဲတီစိမ်း (H.S Code 0713 31 00)၊ မတ်ပဲနှင့် ပဲတီစိမ်းခွဲခြမ်းနှင့် အခြားထုတ်ကုန် ပုံစံများ (H.S Code 0713 90 10 နှင့် 0713 90 90) တို့အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် တန်ချိန်သုံးသိန်း (မတ်ပဲ တန်ချိန်တစ်သိန်းခွဲနှင့် ပဲတီစိမ်း တန်ချိန်တစ်သိန်းခွဲစီ) အရေအတွက် ကန့်သတ်တင်သွင်းခွင့်ပြုကြောင်းနှင့် အဆိုပါကန့်သတ်ချက်တွင် နှစ်နိုင်ငံနှင့်ဒေသတွင်း သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများအရ အစိုးရ၏ ကတိကဝတ်ဖြင့် ဝယ်ယူမှုများ အကျုံးမဝင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဆက်လက်၍ အိန္ဒိယအစိုးရသည် မေ ၁၁ ရက်စွဲပါ Trade Notice No. 6/2018-2019 ထုတ်ပြန်ကြေညာ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း EXIM Codes: 07133100၊ 07136000၊ 07139010 နှင့် 07139090 တို့အောက်ရှိ ပဲစင်းငုံတန်ချိန် နှစ်သိန်း၊ မတ်ပဲတန်ချိန် ၁ ဒသမ ၅ သိန်းနှင့် ပဲတီစိမ်းတန်ချိန် ၁ ဒသမ ၅ သိန်းတို့အား တင်သွင်း ခွင့်ပြုမည်ဖြစ်ကြောင်း၊ အဆိုပါပဲများကို တင်သွင်းလိုသည့် စက်ပိုင်ရှင်များ၊ ပဲသန့်စင်လုပ်ငန်းရှင်များမှ လျှောက်လွှာများကို ဒေသအဓာဏာ ပိုင်များအပြင် Directorate General of Foreign Trade (DGFT) သို့ အီးမေးလ်ဖြင့် အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်ကြောင်း၊ လျှောက်လွှာများကို ၂၀၁၈ ခုနှစ်၊ မေ ၁၂ ရက်မှ ၂၅ ရက်အတွင်း (ညနေ ၆ နာရီအထိ) လက်ခံမည်ဖြစ်ပြီး လျှောက်ထားသူ တစ်ဦးချင်းစီရရှိမည့် ကိုတာခွဲတမ်းကို ၂၀၁၈ ခုနှစ် ဇွန်လ ၁ ရက်တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်းနှင့် ၎င်းကိုတာခွဲတမ်းများကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်အတွင်း အပြီးတင်သွင်းရမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

သို့ပါ၍ မြန်မာနိုင်ငံမှ ပဲတင်ပို့လိုသည့် ကုန်သည်လုပ်ငန်းရှင် များအနေဖြင့် အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းသူများအား အိန္ဒိယနိုင်ငံ၊ Directorate General of Foreign Trade (DGFT) သို့ Trade Notice တွင်ပါရှိသည့် လုပ်ထုံးလုပ်နည်းများအတိုင်း လျှောက်လွှာများ တင်သွင်းသွားရန် ချိတ်ဆက်ဆောင်ရွက်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ကေခိုင်ကျော် (နှစ်နိုင်ငံ)

Government of India
Ministry of Commerce and Industry
Department of Commerce
Directorate General of Foreign Trade
.....

11th May, 2018

TRADE NOTICE NO 6 /2018-19

To
1. RA's of DGFT
2. Customs Commissionerates
3. Members of Trade
4. Joint Secretary (Customs), CBEC, Department of Revenue

Subject: Laying down of modalities for import of Pigeon Peas (Cajanus cajan)/Toor Dal, Moong /Urad dal for the fiscal year 2018 – 2019.

Vide Notification No 19/2015-2020 dated 5.8.2017, import policy of Pigeon Peas (Cajanus cajan)/Toor Dal under EXIM Codes: 07136000, 07139010 and 07139090 was revised from 'free' to 'restricted' with an annual (fiscal year) quota of 2 lakh MT.

2. Subsequently, vide Notification No.22/2015-2020 dated 21.08.2017 read with Notification No.6/2015-2020 4.5.2018 import policy of Urad / Moong dal under EXIM Codes: 07133100, 0713 90 10 and 0713 90 90 were revised from 'free' to 'restricted' with an annual (fiscal year) quota of 3 lakh MT (1.5 Lakh MT for Urad and 1.5 Lakh MT for Moong)

3. Accordingly, applications are invited from millers/ refiners for import of 2 lakh MT of Pigeon Peas (Cajanus cajan)/Toor Dal and 1.5 Lakh MT for Urad and 1.5 Lakh MT for Moong under EXIM Codes: 07133100, 07136000, 07139010 and 07139090 during the fiscal year 2018-19 as per details below:

(i) Applications:

a. Applications are invited online from the intending millers/refiners (having own refining/processing capacity) of pulses for its import as per ANF-2M of FTP 2015-20 to DGFT, at policy2-dgft@nic.in besides the concerned jurisdictional Regional Authorities . A signed copy of the application shall also be submitted to the DGFT Hqrs. (Policy 2 Division), Udyog Bhawan, New Delhi. Application fee for these applications shall be paid according to procedure as per Appendix 2K of Appendices & Aayat Niryat Forms. For each refining/processing unit, applicants shall give self declaration of its monthly/annual refining/processing capacity while providing self certified copy of latest IEM issued by DIPP and/or any other document indicating its refining/processing capacity.

b. The applications will be received between **12th May to 25th May, 2018 (till 6 pm)**. The allocation of quota to each eligible applicant shall be notified on **1st June, 2018,** as per the decision of the EFC under Para 2.51 of the HBP, 2015-20. The EFC, while considering applications, will take into considerations; inter alia, the monthly/ annual refining/processing capacity of the applicant, the quantity applied for by the applicant and the total number of applications received. The total available quota for each category will be distributed equally or the applied quantity, whichever is lower, amongst eligible millers/refiners.

c. The quota will be issued with the condition that Importers will complete their imports by 31st August, 2018.

(ii) Reporting: The license holders shall submit weekly statements (every Monday) indicating the actual arrival of shipments at the Indian ports at policy2-dgft@nic.in; and to his jurisdictional Regional Authority.

(iii) DGFT reserves the right to make any changes, including cancelling the offer of application under this Trade Notice and invite fresh applications.

Effect of this Trade Notice : Application process for import of 2 Lakh MT of Pigeon Peas/ Toor Dal and 1.5 Lakh MT for Urad and 1.5 Lakh MT for Moong is laid down.

(S. P Roy)
Joint Director General of Foreign Trade

F.No No.01/89/180/Misc-13/AM-07/PC-2 (A) *

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန်အတွက် ကြိုးနီစနစ် တရုတ်လျှော့ချရန်ကြိုးစား

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်စေရန် အတွက် ပိုမိုဖြေလျှော့မှုများ လုပ်ဆောင်ပေးရန်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့မှုရှိစေရန်အတွက် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းကြိုးနီစနစ်ကို ဖြေလျှော့ဆောင်ရွက်ပေးရန် တရုတ်အစိုးရကောင်စီမှ ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဖြေလျှော့မှုဆောင်ရွက်ရာတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စာရင်းတင်သွင်းမှုဆိုင်ရာကိစ္စကို လျင်မြန်စေရန် One Stop Service များဖြင့် ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းစဉ်အားလုံးကို ငွေကြေးပေးသွင်းရန်မလိုဘဲ online မှ အခမဲ့ဆောင်ရွက်နိုင်မည်ဖြစ်ကာ ဇွန်လ ၃၀ ရက်မှ စတင်ကျင့်သုံးမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းစဉ်များ လွယ်ကူလျင်မြန်စေရန်အတွက် ဘဏ်၊ အကောက်ခွန်၊ ဘဏ္ဍာအခွန်နှင့် နိုင်ငံခြားငွေလဲလှယ်မှုနှင့် သက်ဆိုင်သောဌာနများကို အပြည့်အဝ ပူးပေါင်းရန်နှင့် တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ရေးကိုလည်း ညှိနှိုင်းခဲ့ကြောင်းသိရသည်။

ထိုသို့ လုပ်ဆောင်ရန်အတွက် အစိုးရ၏ လုပ်ငန်းစဉ်များအားလုံးတို့သည် e - platform တစ်ခုတည်း ပေါ်တွင် တစ်ပြိုင်တည်း လုပ်ဆောင်နိုင်ရန် လိုအပ်မည်ဖြစ်ပြီး လုပ်ငန်းရှင်များသည် တစ်နေရာတည်းတွင် တစ်ခါတည်းနှင့် လုပ်ငန်းတည်ထောင်မှုကို အပြီးအစီး ဆောင်ရွက်နိုင်ရန် အစိုးရက ရည်ရွယ်ခြင်းဖြစ်သည်။ ထိုသို့ e–platform တစ်ခုတည်းတွင် သက်ဆိုင်ရာ ဌာနအားလုံး ပူးပေါင်း၍ အတားအဆီးမဲ့ တစ်ပြိုင်တည်း လုပ်ငန်း လုပ်ဆောင်ရန် နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များစွာရှိနေသေးပြီး အစိုးရအနေဖြင့် Offline ဝန်ဆောင်မှုကိုပါ ဆောင်ရွက်လိုခြင်းဖြစ်သည်။ လက်ရှိသက်ဆိုင်ရာ ဌာနများ၏ လုပ်ထုံးလုပ်နည်းများတွင်မူ အတားအဆီးမဲ့ သတင်းအချက်အလက်ဖြန့်ဝေမှုအပိုင်းတွင် ကန့်သတ်မှုများ ရှိနေဆဲဖြစ်ကာ ယင်းကိစ္စသည် အဓိက အခက်အခဲတစ်ခုဖြစ်နေကြောင်း သိရသည်။

"သတင်းအချက်အလက် လုံခြုံစိတ်ချရမှုဟာ နိုင်ငံတော်အဆင့် အရေးကြီးတဲ့အရာတစ်ခုဖြစ်ပြီး အတားအဆီးမဲ့ သတင်းဖြန့်ဝေဖို့ဆိုတာ စိုးရိမ်စရာတစ်ခုပါ။ အခုကိစ္စကို ဌာနအလိုက် အဆင့်ဆင့် ဆွေးနွေးဆောင်ရွက်ဖို့ လိုအပ်ပြီး အစိုးရရဲ့ လိုလားချက်ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ဖို့ ဆောင်ရွက်မှုတွေကို လုပ်ဆောင်သွားမှာပါ"ဟု အစိုးရပိုင်းမှ တာဝန်ရှိသူက ပြောကြားခဲ့သည်။ **ကြည်သာသစ်နိုင်**

တရုတ်နှင့် နော်ဝေနိုင်ငံအကြား လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

တရုတ်နိုင်ငံနှင့် နော်ဝေနိုင်ငံတို့အကြား လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်နှင့် စပ်လျဉ်းသော အပြုသဘော တိုးတက်မှုဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှု နောက်ဆုံး အစည်းအဝေးကို မေ ၁၆ ရက်က နော်ဝေနိုင်ငံတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါဆွေးနွေးပွဲသည် ၁၁ ကြိမ်မြောက် အစည်းအဝေးဖြစ်ပြီး နှစ်ဖက်ကိုယ်စားလှယ်များမှ ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များနှင့် ဝန်ဆောင်မှုပိုင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည့်အပြင် ရင်းနှီးမြှုပ်နှံမှုပိုင်းဆိုင်ရာ အပိုင်းများ၊ ပင်ရင်းနိုင်ငံဆိုင်ရာ လိုအပ်ချက်များ၊ အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ကဏ္ဍများကို ဆွေးနွေးညှိနှိုင်းခဲ့ကာ အသိဉာဏ် မူပိုင်ခွင့်ဆိုင်ရာ အပိုင်းများ၊ ယှဉ်ပြိုင်မှုမူဝါဒဆိုင်ရာ စည်းမျဉ်းများနှင့် အစိုးရလုပ်ထုံးလုပ်နည်းများကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

"ဒီညှိနှိုင်းမှုကတစ်ဆင့် အကောင်းဆုံး ရလဒ်တွေ ရခဲ့ပါတယ်"ဟု သတင်းထုတ်ပြန်မှုတွင် ဖော်ပြခဲ့သည်။ နှစ်နိုင်ငံအကြား ညှိနှိုင်းမှုသည် စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မှုကို အထောက်အပံ့ဖြစ်စေမည်ဖြစ်သည့်အပြင် ကိုယ်ကျိုးစီးပွား ကာကွယ်မှုနှင့် တစ်ဖက်သက်လက်နက် ဖျက်သိမ်းသည့် မူဝါဒဆိုင်ရာများကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့ကာ ရလဒ်ကောင်းများ ရခဲ့ကြောင်းသိရသည်။

တရုတ်နိုင်ငံနှင့် နော်ဝေနိုင်ငံတို့သည် ၂၀၀၈ ခုနှစ်မှစ၍ လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုများပြုလုပ်ခဲ့ပြီး ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် လူနေမှုအဆင့်မြှင့်တင်ရေးတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ **ကြည်သာသစ်နိုင်**

လေးနှစ်တာကာလအတွင်း ကုန်သွယ်မှုလိုငွေ အများဆုံးဖြစ်ပေါ်ခဲ့မှု အဆိုအား အင်ဒိုစာရင်းအင်းဌာနမှ ငြင်းဆို

သွင်းကုန်အမြောက်အများတင်သွင်းခဲ့သဖြင့် ဧပြီလသည် အင်ဒိုနီးရှား နိုင်ငံအတွက် ကုန်သွယ်မှု လိုငွေအများဆုံး ဖြစ်ခဲ့သည်ဆိုသော ဖော်ပြသတ်မှတ်မှုကို အင်ဒိုနီးရှား စာရင်းအင်းဌာနမှ ငြင်းဆိုလိုက်ကြောင်းသိရသည်။

ဧပြီလသည် မွတ်ဆလင်ဥပုသ်လဖြစ်သော ရာမန်ဒန်စတင်သည့် ရက်သတ္တပတ်ဖြစ်သောကြောင့် သွင်းကုန်ပိုမိုခြင်းသည် နှစ်စဉ်ကြုံတွေ့ရမှုဖြစ်ကြောင်း အဆိုပါဌာနမှ ထုတ်ပြန်ခဲ့သည်။ အရှေ့တောင်အာရှသည် ၂၀၁၄ ခုနှစ်နောက်ပိုင်း အကြီးမားဆုံးသော ကုန်သွယ်မှုလိုငွေဖြစ်ပေါ်မှုကို ကြုံတွေ့နေရပြီး Reuters ၏ စစ်တမ်းအရ အမေရိကန်ဒေါ်လာ ၇၀၀ မီလီယံခန့် လိုငွေရှိနိုင်ကြောင်း သိရသည်။

ဧပြီလတွင် ကုန်သွယ်မှုလိုငွေပြမှုသည် ၃၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယင်းအခြေအနေသည် Reuters မှ ခန့်မှန်းထားသော ပမာဏထက် ၁၉ ရာခိုင်နှုန်းပိုမိုခဲ့သည်။ အင်ဒိုနီးရှားအာဏာပိုင်များမှလည်း ရှုပ်ထွေးယားငွေတန်ဖိုးကျဆင်းနေမှုအပေါ် ထိန်းချုပ်ရန်ကြိုးပမ်းနေပြီး အတိုးနှုန်းများ မြှင့်တင်ပေးရန်အတွက် ဗဟိုဘဏ်နှင့် ညှိနှိုင်းလျက်ရှိသည်။

"ပို့ကုန်အားနည်းတဲ့အတွက် သွင်းကုန်များလာတာဟာ သဘာဝပဲ။ ပြည်တွင်းထုတ်ကုန်တွေ တိုးတက်လာဖို့ လုပ်ဆောင်ဖို့ လိုနေတယ်"ဟု စီးပွားရေးပညာရှင်တစ်ဦးမှ ပြောခဲ့သည်။ လက်ရှိတွင် အင်ဒိုနီးရှား၏ငွေတန်ဖိုးမှာ ဆက်တိုက်ကျဆင်းလျက်ရှိသည်။

"ရေနံ၊ ဓာတ်ငွေ့နဲ့ အချို့ စား သောက်ကုန်တွေ တင်ပို့မှုတိုးလာတာတော့ မှန်ပါတယ်။ ဒီလိုလမှာ ဖြစ်နေကျပါ။ စက်ရုံသုံးကုန်ကြမ်းပစ္စည်းတွေ တင်သွင်းမှုပိုတာမှန်ပေမယ့် ဒါဟာ ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်ဖို့ ဆိုတာ ထည့်စဉ်းစားဖို့ လိုပါတယ်"ဟု အင်ဒိုနီးရှား စာရင်းအင်းဌာနမှ သတင်းထောက်များကို ပြောကြားခဲ့ကြောင်း သိရသည်။ **ကြည်သာသစ်နိုင်**

ထိုင်းနိုင်ငံ၏ မူပိုင်ခွင့်အဆင့်မြင့်တက်လာခြင်း

အမေရိကန်နိုင်ငံက ထုတ်ပြန်သည့် မူပိုင်ခွင့်ချိုးဖောက်သည့်နိုင်ငံများစာရင်း၌ ထိုင်းနိုင်ငံ၏ မူပိုင်ခွင့်အဆင့်သည် ယခင်က Priority Watch List ဖြင့် အနိမ့်ဆုံးအဆင့်တွင်ရှိရာမှ ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် Watching List သို့ အဆင့်မြင့်တက်ခဲ့ကြောင်းနှင့် ယခုနှစ်တွင်လည်း အဆိုပါ Watching List အဆင့်တွင် ဆက်လက်ထားရှိမည်ဖြစ်ကြောင်း သိရှိရသည်။

အမေရိကန်နိုင်ငံမှ ထုတ်ပြန်သည့် ၂၀၁၈ ခုနှစ်အတွက် မူပိုင်ခွင့်ချိုးဖောက်သည့်နိုင်ငံများစာရင်းအရ ထိုင်းနိုင်ငံ၏ မူပိုင်ခွင့်အဆင့်အတွက် အားရကျေနပ်ဖွယ်ရလဒ်ကို ရရှိခဲ့ကြောင်းနှင့် တိုင်းပြည်၏ မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ၌ အတူတကွပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ဗဟိုနှင့်ဒေသဆိုင်ရာ အစိုးရဌာနများ အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများ အားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Sontirat Sontijirawong က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ USTR ဌာန (United States Trade Representative)မှ ၂၀၁၈ ခုနှစ် ဧပြီ ၃၀ ရက်တွင် ထုတ်ပြန်သည့် The 2018 Special 301 Report အရ မူပိုင်ခွင့်ချိုးဖောက်သည့်နိုင်ငံများ Watching List စာရင်း၌ ထိုင်းနိုင်ငံအပါအဝင် စုစုပေါင်း ၂၄ နိုင်ငံပါဝင်ပါသည်။ မူပိုင်ခွင့်ကာကွယ်ရေးနှင့် မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများအား လက်တွေ့ကျင့်သုံးမှုများ၌ လုံလောက်သော ဆောင်ရွက်မှုမရှိကြောင်း အမေရိကန်နိုင်ငံက သတ်မှတ်သည့် ၂၄ နိုင်ငံမှာ ဘာဘေးဒိုး၊ ဘိုလီဗီးယား၊ ဘရာဇီးလ်၊ ကော့စ်တာရီကာ၊ ဒိုမီနီကန်၊ အီကွေဒေါ၊ အီဂျစ်၊ ဂရိ၊ ဂွါတီ မာလာ၊ ဂျမေကာ၊ လစ်ဘနွန်၊ မက္ကဆီကို၊ ပါကစ္စတန်၊ ပီရူး၊ ရုိမေးနီးယား၊ ဆော်ဒီ အာရေဗီးယား၊ ဆွစ်ဇာလန်၊ တာဂျစ် ကစ္စတန်၊ တူရကီ၊ တာမီနစ္စတန်၊ ယူအေအီး၊ ဥစ္စဘက်ကစ္စတန်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ပါသည်။ ထိုင်းနိုင်ငံသည် အမေရိကန်နိုင်ငံက သတ်မှတ်သည့် မူပိုင်ခွင့်ချိုးဖောက်သည့် Priority Watch List ၌ ၂၀၀၇ ခုနှစ်တွင် ပါဝင်ခဲ့ရာမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် Watch List သို့ ပြောင်းလဲထည့်သွင်းခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့တိုင်းပြည်၏မူပိုင်ခွင့် အဆင့်အတန်း မြင့်တက်လာခြင်းမှာ မူပိုင်ခွင့်ချိုးဖောက်မှု ကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့၍ဖြစ်ကြောင်း၊ မူပိုင်ခွင့်ချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးပရာယုဒ်ကျန်အိုကျာ ဦးဆောင်သည့် အမျိုးသားဉာဏပစ္စည်းမူပိုင်ခွင့်ကော်မတီ(National Committee on Intellectual Property) နှင့် ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် ဆပ်ကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ဝန်ကြီး Mr. Sontirat က ဆက်လက်ပြောကြားခဲ့သည်။

ကျော်သူရ၊ စီးပွားရေးသံမှူး
မြန်မာသံရုံး၊ ဗန်ကောက်မြို့

International **Trade** Services

သွင်းကုန်လုပ်ငန်း

- ပြည်တွင်းသွင်းကုန် ငွေလွှဲစာတမ်းများ ဖွင့်လှစ်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းပြင်ဆင်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းအတွက် ငွေပေးချေခြင်း။
- ပြည်တွင်းငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း၊ ယုံကြည်မှုဖြင့် ဝယ်ယူထားသော ကုန်ပစ္စည်းအား ထုတ်ပေး၍ ယာယီ ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ်ဖြင့်ရောက်ရှိလာသောသွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သဘော်တင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။

ပို့ကုန်လုပ်ငန်း

- ပို့ကုန်ငွေလွှဲစာတမ်း ဝန်ဆောင်မှု။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ငွေလွှဲစာတမ်းစနစ်)။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ကောက်ခံရေးစနစ်)။
- ငွေလွှဲစာတမ်းဖြင့် ပြုလုပ်ထားသော ကုန်တင်ပို့သည့် စာရွက်စာတမ်း အထောက်အထားပေါ်တွင် ငွေကြိုတင် ထုတ်ပေးခြင်း။

Export Financing

- သဘော်မတင်မီ ချေးငွေထုတ်ယူခြင်း။
  (၁) သဘော်မတင်မီ ကုန်ပစ္စည်း ဝယ်ယူထုတ်လုပ်ရန် ကြိုတင်ချေးငွေ ထုတ်ပေးခြင်း။
- သဘော်တင်ပြီး ကြိုတင်ငွေထုတ်ယူခြင်း။
  (၁) ကုန်တန်ဘိုးငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
  (၂) ဆိုင်းငံကာလဖြင့် အသုံးပြုထားသော ထုတ်ကုန်ငွေလွှဲစာတမ်း ပေါ်တွင် သဘော်တင်စာရွက်စာတမ်း အထောက်အထားများ ဝယ်ယူခြင်း။
  (၃) DP စနစ်ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

International Funds Transfer (T.T.)

- ပြည်ပမှ လွှဲပို့ငွေများအား Customer ၏ စာရင်းသို့ ထည့်သွင်းပေးခြင်း။
- ပြည်ပသို့ Customer ၏ နိုင်ငံခြားငွေစာရင်းမှ ငွေကို ငွေလွှဲပေးပို့ခြင်း။

Bank Guarantee

- Standby Letter of Credit ဖွင့်လှစ်ခြင်း နှင့် ပြင်ဆင်ခြင်း။
- Standby letter of Credit အကြောင်းကြားခြင်း နှင့် ပြင်ဆင်ချက်များအား အကြောင်းကြားပေးခြင်း။
  (e.g. Bid Bond Guarantee, Performance Guarantee, Payment Guarantee, Warranty Guarantee)

ASSET ASIAN AWARDS 2017 ★ TRIPLE A ★ The Asset

Best Structured Trade Finance in Myanmar Award 2017 (The Asset Triple A)

ASIAN BANKING & FINANCE WHOLESALE BANKING AWARDS '17

Best Trade Finance in Myanmar Award 2017 (Asian Banking and Finance)

Call Centre : (+951) 231 7770

Hotline :

(+951) 378 644 - Trade (Import/ Export)

(+951) 378 643 - Outward Remittance

(+951) 378 645 - Inward Remittance

www.cbbank.com.mm CBBankmyanmar

trade.dept@cbbank.com.mm

ALPINE

Purified Drinking Water

PROMISES PURITY

www.facebook.com/AlpineDrinkingWater

09- 730 971 36, 09- 730 971 37

အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်မှုလျှော့ချနိုင်မည့်အစီအစဉ်ကို တရုတ်နိုင်ငံက ကမ်းလှမ်း

အမေရိကန် ကုန်ပစ္စည်းများကို ဝယ်ယူရန် အဆိုပြုထားသော အစီအစဉ်နှင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရာတွင် အမေရိကန်ပြည်ထောင်စု၏ လိုငွေပြမှုကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ခန့်လျှော့ချရန် အခြားအစီအမံများကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အား တရုတ်နိုင်ငံက ကမ်းလှမ်းထားသည်ဟု အဆိုပြုချက်နှင့် နီးစပ်သူများက ပြောကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ကမ္ဘာပေါ်တွင် စီးပွားရေးအရ အကြီးမားဆုံးနိုင်ငံ နှစ်ခုသည် အခွန်တိုးမြှင့်ကောက်ခံရန် အပြန်အလှန်ခြိမ်းခြောက်လျက်ရှိရာ အဆိုပါပြဿနာဖြေရှင်းရေးအတွက် ဝါရှင်တန်တွင် အမေရိကန်- တရုတ် ကုန်သွယ်ရေးဆွေးနွေးမှုများ ပြုလုပ်နေစဉ် ပထမနှစ်ရက်အတွင်း တရုတ်နိုင်ငံ၏ ကမ်းလှမ်းချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

သို့ရာတွင် စုစုပေါင်းတန်ဖိုး မည်မျှရှိသည်ကို လောလောဆယ်တွင် ရှင်းလင်းပြတ်သားစွာ သတ်မှတ်ထားခြင်း မရှိသေးပေ။

အကယ်၍ ထရမ့်က ကမ်းလှမ်းချက်ကိုလက်ခံမည်ဆိုပါက အမေရိကန်လေယာဉ် တည်ဆောက်ရေးလုပ်ငန်းဘိုးရင်းကုမ္ပဏီသည် အကျိုးခံစားခွင့်ရှိမည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သတင်းရပ်ကွက်တစ်ခုမှ ပြောသည်။ ဘိုးရင်းသည် အကြီးမားဆုံး ပို့ကုန်လုပ်ငန်းတစ်ခုဖြစ်ပြီး ကုမ္ပဏီမှ ထုတ်လုပ်သော စီးပွားရေးလုပ်ငန်းသုံး လေယာဉ်လေးပုံတစ်ပုံခန့်အား တရုတ်နိုင်ငံသို့ ရောင်းချထားပြီးဖြစ်သည်။ ယခုကမ်းလှမ်းချက် အစီအစဉ်သည် လက်ရှိကောက်ခံလျက်ရှိသော တရုတ်နိုင်ငံ၏ အကောက်ခွန်များကို ပယ်ဖျက်ပေးခြင်းဖြစ်ရာ ယင်းတို့ထဲတွင် သစ်သီး၊ သစ်စေ့၊ ဝက်သားနှင့် ဝိုင်တို့အပါအဝင် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ လေး ဘီလီယံဖိုးရှိ အမေရိကန် လယ်ယာထွက်ကုန်များ ပါဝင်သည်။

ခွင့်ပြုသော အရေအတွက်မှာ ထရမ့်အစိုးရက လွန်ခဲ့သော ရက်သတ္တပတ်နှစ်ပတ်က တရုတ်အရာရှိများထံ တင်ပြခဲ့သော အရေအတွက်နှင့် တူညီသလောက်နီးပါး ဖြစ်သည်။ သို့ရာတွင် အမေရိကန်-တရုတ်ကုန်သွယ်မှု လိုငွေအမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ လျှော့ချရေးကို ရေရှည်တည်တံ့အောင် ဆောင်ရွက်မည်ဆိုပါက ယခင်နှစ်က အမေရိကန်နိုင်ငံ၏ လိုငွေပြမှုမှာ အမေရိကန်ဒေါ်လာ ၃၇၅ သန်းအထိ ရှိသည့်အတွက် အမေရိကန်-တရုတ် ကုန်သွယ်မှု အချိုးအစားကို ကြီးမားစွာ ပြောင်းလဲရန် လိုမည်ဖြစ်သည်။

အမေရိကန် ပြည်ထောင်စုမှ တရုတ်နိုင်ငံသို့ အများဆုံး ပို့ကုန်များမှာ လေယာဉ်ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများဖြစ်ပြီး ယခင်နှစ်က အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံဖိုး ရှိခဲ့သည်။ ပဲပုပ်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံဖိုးရှိသည်။ ထရမ့်သည် တရုတ်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးချုပ် လျူဟီနှင့် မေ ၁၇ ရက်က တွေ့ဆုံခဲ့သည်။ သို့ရာတွင် ထိုသို့တွေ့ဆုံဆွေးနွေးပြီးနောက်ပိုင်း အိမ်ဖြူတော်မှ ကြေညာချက် ထုတ်ပြန်ခြင်းမရှိခဲ့ပေ။

အမေရိကန် ပြည်ထောင်စု၏ကန့်သတ်ချက်များကြောင့် တရုတ်ကုန်သွယ်ရေး ကိရိယာများ ထုတ်လုပ်သူ ဇက်တီအီးကော်ပိုရေးရှင်း၏ လုပ်ငန်းများ ရပ်ဆိုင်းသလောက်ဖြစ်ခဲ့ရသည်။ ယင်းကန့်သတ်ချက်များကို ပြင်ဆင်ရေးမှာလည်း ဇက်တီအီးကုမ္ပဏီ လုပ်ငန်းများ ပြန်လည်လုပ်ဆောင်နိုင်အောင် ဆောင်ရွက်ပေးဖို့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို အမိန့်ပေးထားပြီးဖြစ်ကြောင်း ထရမ့်ကတွစ်တာမှ တစ်ဆင့် ပြောသည်။

ဗီယက်နမ် လယ်ယာထွက်ကုန်များ ထိုင်းနိုင်ငံသို့ တင်ပို့

ထိုင်းနိုင်ငံအတွင်းရှိ Big C ဆိုင်ခွဲ ပေါင်း ၇၀၀ ကျော်တွင် ရောင်းချရန်အတွက် ဗီယက်နမ်နိုင်ငံရှိ MM Mega Market လက်ကားရောင်းဝယ်ရေးစူပါမားကက်က ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးထုတ်ကုန် တန်ချိန် ၁၀၀ ကျော်ကို တင်ပို့ပေးသွားမည်ဖြစ်ကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

ပထမအသုတ် တင်ပို့မှုတွင် ကန်စွန်း ၃ အဝါ၊ ပန်းရောင် ကန်စွန်း၃၊ နဂါးမောက်သီး၊ သစ်သီးခြောက် စသည်တို့ ပါဝင်သည်။ ယခုကဲ့သို့ တင်ပို့နိုင်ခြင်းမှာ အရည်အသွေးပြည့်ဝသော စီးပွားရေးမိတ်ဖက်များ ရရှိရေးအတွက် လမ်ဒေါင်၊ ဘင်သူအန်နှင့် အခြားဒေသများရှိ လယ်သမားများနှင့် စူပါ မားကက်တို့၏ ပူးပေါင်းကြိုးပမ်းဆောင်ရွက်နိုင်မှုကြောင့် ဖြစ်သည်။

“ပို့ကုန်လိုင်စင်ရပြီးတာနဲ့ တစ်ပြိုင်နက် ထိုင်းနိုင်ငံက ကျွန်တော်တို့ စီးပွားဖက်တွေရဲ့ လိုအပ်ချက်ကို နားလည်ဖို့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ပြီးတော့ ယှဉ်ပြိုင်နိုင်မှု အပြည့်အဝနဲ့ ကျွန်တော်တို့ ပေးသွင်းနိုင်မယ့် ပြည်တွင်းကုန်စည်တွေကို ကျွန်တော်တို့ ရှာဖွေပါတယ်။ အခုလို ဆောင်ရွက်တဲ့အတွက် ထိုင်းနိုင်ငံမှာရှိတဲ့ Big C အတွက် ယှဉ်ပြိုင်နိုင်မှုရှိတဲ့ ထုတ်ကုန်အမျိုးမျိုးကို တင်ပို့ပေးနိုင်ရုံမကဘူး၊ ဒေသတွင်းမှာရှိတဲ့ တခြားနိုင်ငံတွေကို အရည်အသွေးပြည့်ဝတဲ့ လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်တွေကို တင်ပို့နိုင်အောင် ဗီယက်နမ် ပြည်သူတွေကို ကျွန်တော်တို့ အကူအညီပေးနိုင်ခဲ့ပါတယ်”ဟု MM Mega Vietnam ၏ အုပ်ချုပ်မှုဒါရိုက်တာဖစ်ဆာဒူပုန်ဝါတာနာက ပြောသည်။

နဂါးမောက်သီးမှာ အဓိကတင်ပို့သော ပို့ကုန်ဖြစ်သော်လည်း ကန်စွန်း၃ ကိုလည်း ၄၅ တန်ကျော်အထိ တင်ပို့နိုင်ခဲ့သည်။ ဗီယက်နမ် လယ်ယာထွက်ကုန်များသည် ထူးခြားသော အားသာချက်များ ရှိကြောင်း၊ အထူးသဖြင့် ကန်စွန်း၃မှာ အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှု စံနှုန်းအတွက် စိတ်ချရသည့်အပြင် ပစ္စည်းပေးသွင်းမှု အင်အားအတွက် အားထားနိုင်သည်ကို တွေ့ရသည်။ ထို့ကြောင့် ဗီယက်နမ် လယ်ယာထွက်ကုန်များသည် အမှာစာအများအပြားကို ရေရှည်ရသွားနိုင်သည့် အခြေအနေရှိကြောင်း သိရသည်။

စံမီအောင် စုစည်းသည်

စင်ကာပူကုမ္ပဏီများ အစိုးရကိုသာမှီခိုမနေဘဲ ကိုယ်တိုင်ဦးစီးဦးဆောင်ပြုရန် တိုက်တွန်း

စင်ကာပူကုမ္ပဏီများသည် အစိုးရမူဝါဒများကို မိမိတို့အား အရေးပေးသော မူဝါဒများဖြစ်အောင် ကြိုးပမ်းနေမည့်အစား မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်နိုင်အောင် စီစဉ်လုပ်ကိုင်ရန်လိုကြောင်း ယခင်ပါလီမန်အမတ်ဟောင်း ကမ္ဘာ့စွန့်ဦးတီထွင်သူများဖိုရမ် ပူးတွဲသဘာပတိ အင်ဒါဂျစ်ဆင်က မေ ၁၇ ရက်၌ ကျင်းပသော စီးပွားရေးလုပ်ငန်း မရေရာမှုများ လျော့နည်းရေး နှီးနှောဖလှယ်ပွဲတွင် ပြောသည်။

Business Times သတင်းဌာနက စည်းရုံးဆောင်ရွက်ပြီး Cannon Singapore က ထောက်ပံ့သော အဆိုပါအခမ်းအနားတွင် မစ္စတာဆင်က အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အပြန်အလှန် အထောက်အကူပေးနိုင်မည့် နည်းလမ်းများကို တင်ပြပေးခဲ့သည်။ ဆင်၏ တင်ပြချက်များတွင် လူသားအရင်းအမြစ်နှင့် ဘဏ္ဍာရေးကဲ့သို့သော လုပ်ငန်းများတွင် လုပ်ငန်းအချင်းချင်း မျှဝေဆောင်ရွက်ရေး၊ နည်းပညာဆိုင်ရာ ဖြေရှင်းမှုများအတွက် တက္ကသိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်ရေးနှင့် လုပ်ငန်းသစ်များ ထောက်ပံ့ရေးအတွက် အများပြည်သူရန်ပုံငွေအဖွဲ့ကဲ့သို့သော အစားထိုးဘဏ္ဍာရေး အရင်းအမြစ်ရှာဖွေရေး စသည့် အချက်များ ပါဝင်သည်။ စင်ကာပူ SMEs များသည် ကိုယ်ပိုင် SMEs ဘဏ်ကို ထူထောင်နိုင်မည့် နည်းလမ်းများကို ရှာဖွေသင့်ကြောင်း သူက ပြောသည်။ “ အစိုးရက ဆောင်ရွက်ပေးမှာကို စောင့်မနေဘဲ အချိန်ကြာသွားမယ် ကိုယ်တိုင်ဆောင်ရွက်ပါ” ဟု သူကတိုက်တွန်းသည်။

အခမ်းအနားတွင် ယနေ့ခေတ် စီးပွားရေးနှင့် လိုက်ဖက်အောင်မည်သို့ဆောင်ရွက်မည်ကို အခြားသူများကလည်း သူတို့အမြင်များကို ဖလှယ်ကြသည်။ စီးပွားရေးလုပ်ငန်းများကို စီးပွားရေး ဆန်ဆန် တွေးဆကြရန် နန်ယန်းနည်းပညာတက္ကသိုလ်၊ နန်ယန်းစီးပွားရေးလုပ်ငန်းဌာန သတင်းအချက်အလက် နည်းပညာနှင့် လုပ်ငန်းဆောင်ရွက်မှု စီမံခန့်ခွဲရေးအကြီးအကဲ ဘိုဝေဖောင်းက ပြောသည်။ ရည်မှန်းချက်ပန်းတိုင်ကို အလျင်အမြန်သတ်မှတ်မည့်အစား စီးပွားရေးလုပ်ငန်းများသည် မိမိတို့တွင်ရှိသော အရင်းအမြစ်များကို ဦးစွာဖော်ထုတ်ပြီး ထိုအခြေအနေမှတစ်ဆင့် မည်သို့ ဆောင်ရွက်နိုင်မည်ကို စဉ်းစားရန်လိုကြောင်း သူကပြောသည်။

စီးပွားရေး လုပ်ငန်းများသည် ကုန်ကျစရိတ်လျှော့ချရေးကို အလေးပေးဆောင်ရွက်ရန်မလိုကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိအောင် ဦးစားပေးဆောင်ရွက်သင့်ကြောင်း စင်ကာပူအမျိုးသားတက္ကသိုလ် လီကွမ်ယူပြည်သူ့မူဝါဒဌာနမှ ပူးတွဲဒါရိုက်တာ တန်ကီးဂီယက်က ပြောသည်။ သူတွေ့ဆုံဖူးသော လူငယ်များသည် ကုန်ကျစရိတ် ကိစ္စကို မည်သည်ညူကြာဘဲ ရှေ့ဘာဆက်လုပ် မည်ကိုသာ စဉ်းစားကြကြောင်း သူက ပြောသည်။